# မြဝတီ
နေ့စဉ်

သတင်းစုံသည်၊ မှန်သည်၊ မြန်သည် အားလုံးအတွက် မြဝတီ


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

သီလနှင့်လည်းကောင်း၊ ဉာဏ်ပညာနှင့်လည်းကောင်း ပြည့်စုံသော၊ တရား၌တည်သော၊ အမှန်တရားကိုသိတတ်သော၊ မိမိပြုရမည့်ကိစ္စကို သိတတ်သောသူကို လူအပေါင်းသည် ချစ်ခင်မြတ်နိုး၏။ **ဓမ္မပဒ**

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၃၀၉)

၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်
၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၂၁ ရက်၊ သောကြာနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# (၇၇)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း တက်ရောက်

ဟားခါး ဖေဖော်ဝါရီ ၂၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်နှင့် ဒေါက်တာဘရွှေ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ချင်းပြည်နယ် ဟားခါးမြို့သို့ ရဟတ်ယာဉ်ဖြင့် ရောက်ရှိကြပြီး ဟားခါးတပ်နယ် အားကစားကွင်း၌ကျင်းပသည့် (၇၇)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားသို့တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်နှင့် ဒေါက်တာဘရွှေ၊ ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်တို့က (၇၇)နှစ်မြောက်ချင်းအမျိုးသားနေ့မှတ်တိုင်ဖွင့်လှစ်ပေးပြီး

စာမျက်နှာ ၁၆ ကော်လံ ၁ ★

# ပွင့်ဖြူမြို့နယ်၌ ယခုဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးထားသည့် ပဲမျိုးစုံ ၁၅၄၈ ဧက ခူးဆွတ်ပြီးစီး

ပွင့်ဖြူ ဖေဖော်ဝါရီ ၂၀

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုဆောင်းသီးနှံစိုက်ပျိုးရာသီတွင်စိုက်ပျိုးထားသည့် ပဲမျိုးစုံ ၁၅၄၈ ဧက ခူးဆွတ်ပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲမျိုးစုံ ၇၆၆၄ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ဆောလျင်စွာစိုက်ပျိုးခဲ့သည့် ပဲစိုက်ခင်းများကို ဇန်နဝါရီလမှ စတင်ခူးဆွတ်လျက်ရှိရာ လက်ရှိအချိန်ထိ ပဲမျိုးစုံ ၁၅၄၈ ဧက ခူးဆွတ်ပြီးစီးပြီဖြစ်သည်။

"သီးနှံစိုက်ပျိုးစွမ်းအား တိုးတက်အောင် ဒေသခံတောင်သူတွေကို ပဲမျိုးစုံတိုးချဲ့စိုက်ပျိုးကြဖို့၊ စိုက်နည်းစနစ်မှန်ကန်စေဖို့၊ စိုက်ပျိုးရေးသွင်းအားစုတွေ စနစ်တကျသုံးစွဲတတ်ဖို့နဲ့ ပိုးမွှားရောဂါကင်းဝေးစေဖို့ တောင်သူပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးပါတယ်"ဟု ပွင့်ဖြူမြို့နယ်

စာမျက်နှာ ၃ ကော်လံ ၁ ⇨



**ဆောင်းပါး**

**ပြည်တွင်းဖြစ် စားသုံးဆီများ စားသုံးကြစို့လား**

စာ - ၁၃ သို့

**မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာအထူးရန်ပုံငွေဖြင့် ယခုနှစ်အတွင်း စားသောက်ကုန် ထုတ်လုပ်နည်း သင်တန်း ၁၅ ကြိမ် ဖွင့်လှစ်မည်**

စာ - ၆ သို့




# အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၂၁ ရက်)

## စားသောက်ကုန်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး

လူသားတိုင်း အသက်ရှင်ရပ်တည်မှုအတွက် စားရေး၊ ဝတ်ရေး၊ နေရေးတို့သည် အဓိကအရေးကြီးသည့် အရာများဖြစ်သည်။ အဆိုပါသုံးခုတွင် စားသောက်ရေးသည်အခြေခံကျပြီး နေ့စဉ်ကြုံတွေ့နေရမည့် မရှိမဖြစ်သည့်အရာဖြစ်သည်။ အဆိုပါစားရေးကိုအဆင်ပြေစေရန် လိုအပ်သည့်စားသောက်ကုန်များသည် ဈေးနှုန်းသက်သာပြီး အရည်အသွေးကောင်းကောင်းဖြင့် ဖြန့်ဖြူးပေးနိုင်မှသာ ပြည်သူများအတွက် အစားအစာဖူလုံမည်ဖြစ်သကဲ့သို့ ပြည်ပပို့ကုန်အဖြစ်လည်း အဆင့်မီမီတင်ပို့ရောင်းချနိုင်မည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အကြီးအကဲအနေဖြင့် ပြည်တွင်းစားသောက်ကုန်ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဖေဖော်ဝါရီလ ၁၉ ရက်ကကျင်းပသည့် မြန်မာ့စားသောက်ကုန်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်(၂၀၂၅) ဖွင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြားစဉ် **"လုပ်ငန်းဆောင်တာများကို လုပ်သာကိုင်သာရှိပြီး မြန်ဆန်မှန်ကန်အောင်ဝိုင်းဝန်းကြိုးပမ်းပေးမှသာ အရှေ့တစ်ခုကိုဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကိုရှေးရှုပြီး အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုကို ယခုထက်မြှင့်တင်ကြရန်တိုက်တွန်းပြောကြားလိုကြောင်း၊ အစိုးရနှင့်ပုဂ္ဂလိကအကြားနီးနီးစပ်စပ်ပူးပေါင်းပြီး လိုအပ်ချက်များဖြည့်ဆည်းပေးနိုင်မှသာ ကုန်ထုတ်လုပ်မှုနှင့်ကုန်စည်စီးဆင်းမှု တိုးတက်လာစေမည်ဖြစ်ကြောင်း၊ မြေပြင်တွင် လက်တွေ့လုပ်ကိုင်နေသူများ၏ကြုံတွေ့နေရသည့်အခက်အခဲများကိုလည်း ပွင့်ပွင့်လင်းလင်း ဆွေးနွေးအဖြေရှာပြီး ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးကြစေချင်ကြောင်း"**ပြောကြားခဲ့သည်။

မြန်မာ့စားသောက်ကုန်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်(၂၀၂၅)ကို ဖေဖော်ဝါရီလ ၂၀ ရက်အထိ ကျင်းပကာ ဖိုရမ်ကျင်းပချိန်အတွင်း မြန်မာ့စားသောက်ကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကဏ္ဍအလိုက်ဆွေးနွေးပွဲများကျင်းပသည်။ ဆွေးနွေးပွဲ၏ရည်ရွယ်ချက်များအနေဖြင့် "စားသောက်ကုန်ထုတ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုကောင်းမွန်သည့် စီးပွားရေးဝန်းကျင်တစ်ရပ် ဖြစ်ထွန်းလာစေရေး၊ စားသောက်ကုန်ထုတ်လုပ်ငန်းကွင်းဆက်တစ်လျှောက် အရည်အသွေးပြည့်မီပြီး ဘေးအန္တရာယ်ကင်းရှင်းသည့် စားသောက်ကုန်များတိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ ပြည်တွင်းစားသုံးမှုဖူလုံစေပြီး သွင်းကုန်အစားထိုးထုတ်လုပ်ကာ ပြည်ပဈေးကွက်သို့ထိုးဖောက်တင်ပို့နိုင်ရေး၊ စားသောက်ကုန်လုပ်ငန်းများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရန်အတွက် အစီအမံသစ်များဖော်ဆောင်ပေးနိုင်ရေးနှင့် စားသောက်ကုန်ထုတ်လုပ်ငန်းနှင့်ပတ်သက်သည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များတွင် ရှင်းလင်းလွယ်ကူစေရေးနှင့်နည်းစနစ်များ၊ စံချိန်စံညွှန်းများနှင့် သတင်းအချက်အလက်များကို ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ဝေနိုင်ရေး"တို့ဖြစ်သည်။

မြန်မာနိုင်ငံအတွင်း စက်မှုဇုန်များ၌ မှတ်ပုံတင်ထားသည့် ပုဂ္ဂလိကစက်မှုလုပ်ငန်းများတွင် စားသောက်ကုန်ထုတ်လုပ်သည့်လုပ်ငန်းမှာ လုပ်ငန်းပေါင်း ၂၀၀၄ ခုဖြင့် အများဆုံးဖြစ်သည်။ ထို့ပြင် ပြည်တွင်းရှိ အသေးစား၊ အငယ်စားနှင့်အလတ်စားစက်မှုလုပ်ငန်းများဖြစ်သည့် MSME မှတ်ပုံတင်စာရင်းတွင် MSME လုပ်ငန်းစုစုပေါင်း ၄၉၀၂၅ ခုရှိသည့်အနက် စားသောက်ကုန်လုပ်ငန်းမှာ ၉၉၈၄ ခုဖြင့် အများဆုံးဖြစ်ကြောင်းသိရသည်။ စားသောက်ကုန်လုပ်ငန်းအတွက် အဓိကကျပြီးသေချာသည့် ကုန်ကြမ်းသည် နိုင်ငံအတွင်းအလုံအလောက်ထွက်ရှိသည်။ မှတ်ပုံတင်ထားသည့်ပုဂ္ဂလိကစက်မှုလုပ်ငန်းများထဲတွင် စားသောက်ကုန်ထုတ်လုပ်သည့်လုပ်ငန်းအရေအတွက်သည် စုစုပေါင်း ၂၃၈၈၇ ခုဖြစ်ပြီး ၄၉ ဒသမ ၆၃ ရာခိုင်နှုန်းဖြင့် အများဆုံးဖြစ်သည်။ ထုတ်ကုန်ပစ္စည်းများ အရည်အသွေးပိုမိုကောင်းမွန်လာမှု၊ ထုပ်ပိုးမှုများပိုမိုကောင်းမွန်လာမှုများသည် ရောင်းအားဝယ်အားများစွာတိုးတက်စေသည်။

နိုင်ငံတစ်နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပြည်တွင်းအသားတင်ထုတ်လုပ်မှု(GDP)ဖြင့်တိုင်းတာကြသည်။ အဆိုပါ GDP ကိုတွက်ချက်သည့်အခါတွင်လည်း နိုင်ငံ၏လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍဟူ၍ ကဏ္ဍကြီးသုံးခုကိုအခြေခံပြီး တွက်ချက်ကြခြင်းဖြစ်သည်။ မြန်မာနိုင်ငံကဲ့သို့ စိုက်ပျိုးရေးကိုအခြေခံသည့်စက်မှုနိုင်ငံအဖြစ်ထူထောင်ရာတွင် စိုက်ပျိုးမွေးမြူရေးအခြေခံကုန်ကြမ်းများသည် အဓိကဖြစ်ပြီး လျှပ်စစ်နှင့်စွမ်းအင်သည်လည်း အရေးကြီးသည့်သွင်းအားစုများဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် စက်မှုကဏ္ဍနှင့် စီးပွားရေးကိုဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်စေရန် အထောက်အပံ့ဖြစ်စေမည့် စက်မှုဖွံ့ဖြိုးရေးကော်မရှင်၊ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်နှင့်စိုက်ပျိုးရေးနှင့် မွေးမြူရေး ဖွံ့ဖြိုးရေးကော်မရှင် စသည့်ကော်မရှင်(၃)ရပ်ကို ဖွဲ့စည်းပေးထားခြင်းဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အသေးစား၊ အငယ်စားနှင့်အလတ်စားစက်မှုစီးပွားရေး (MSME)လုပ်ငန်းများ တိုးတက်အောင်မြင်စေရေးအတွက် အားပေးဆောင်ရွက်ခြင်းရည်ရွယ်ချက်မှာ အဓိကပြည်တွင်းစီးပွားရေး တစ်နည်းအားဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုကိုအားပေးခြင်းဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင်လည်း ကုန်ထုတ်လုပ်မှုတွင်အဓိကမရှိမဖြစ်လိုအပ်သည်မှာ ကုန်ကြမ်းပင်ဖြစ်သည်။ ဒေသအလိုက်ထွက်ရှိသည့် စိုက်ပျိုးရေးနှင့်မွေးမြူရေးကုန်ထုတ်လုပ်မှုများသည် သေချာသည့်ကုန်ကြမ်းများဖြစ်သည်။ ထိုမှပြည်ပသွင်းကုန်အစားထိုးနိုင်ရန်နှင့် ပြည်ပပို့ကုန်တိုးမြှင့်ဆောင်ရွက်နိုင်ရန် တစ်ဆင့်ပြီးတစ်ဆင့်လုပ်ဆောင်ကြရမည်ဖြစ်သည်။ ထို့ကြောင့် လုပ်ငန်းရှင်များအနေဖြင့် ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးကိုရှေးရှုပြီး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းကြရန် ဖြစ်ပါကြောင်း ရေးသားအပ်ပါသည်။ ။

## ၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့်တပ်မတော်နေ့ ဦးတည်ချက်များ

(က) ဒို့တာဝန်အရေး(၃)ပါးကို အစဉ်အမြဲ ဦးထိပ်ပန်ဆင်ပြီး တပ်မတော်၏အဓိကလုပ်ငန်းကြီး(၃)ခုဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့်ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များအား ကျရာအခန်းကဏ္ဍမှအားသွန်ခွန်စိုက်ပါဝင်ဆောင်ရွက်ရေး။

(ခ) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့်ထာဝရငြိမ်းချမ်းရေးရရှိရန်ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဦးတည်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ်ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များမှကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏လူမှုဘဝလုံခြုံရေးနှင့်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။

(ဃ) ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

(ခ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့်အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန်မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်)စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်)အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏သားသမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။ မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန်ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်းလုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသောတပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၂၀

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က အေးစေတီကျောင်းဝင်းအတွင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၅ ပါးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့်နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး သံဃာတော်များအား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)



သံဃာတော်တစ်ပါးအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။


# အစိုးရပါဠိပထမပြန်နှင့် နိကာယ်စာမေးပွဲတို့တွင်အောင်မြင်ခဲ့ကြသည့် စာအောင်သံဃာတော်များ၊ သာသနာနွယ်ဝင်သီလရှင်များအား စာအောင်လက်မှတ်၊ စာအောင်ဆုအလှူငွေဆက်ကပ်လှူဒါန်းခြင်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၀

အစိုးရ ပါဠိပထမပြန်နှင့် နိကာယ်စာမေးပွဲတို့တွင် အောင်မြင်ခဲ့ကြသည့် စာအောင်သံဃာတော်များနှင့် သာသနာနွယ်ဝင်သီလရှင်များအား စာအောင်လက်မှတ်၊ စာအောင်ဆု အလှူငွေဆက်ကပ်လှူဒါန်းခြင်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့ လေးကျွန်းဆီမီးစေတီတော်ကြီး၏ ဗုဒ္ဓသာသနာ့ဗိမာန်တော်၌ ပြုလုပ်ရာ နိုင်ငံတော်သြဝါဒါစရိယ လှည်းဘီးပရိယတ္တိစာသင်တိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တလာသန အမှူးပြုသော သံဃာတော်များနှင့် သာသနာနွယ်ဝင်သီလရှင်များ ကြွရောက်တော်မူကြပြီး ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကျော်ဟန်နှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက လှည်းဘီးပရိယတ္တိစာသင်တိုက်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များအား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကြပြီး စာအောင်သံဃာတော်များနှင့် သာသနာနွယ်ဝင်သီလရှင်များအား စာအောင်လက်မှတ်၊ စာအောင်ဆုအလှူငွေများဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများက ကြွရောက်တော်မူကြသော သံဃာတော်များနှင့် သာသနာနွယ်ဝင်သီလရှင် စုစုပေါင်း ၁၆၆ ပါးတို့ကို ဆွမ်းဆန်တော်၊ လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများဆက်ကပ်လောင်းလှူခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကျော်ဟန် စာအောင်သံဃာတော်များအား စာအောင်လက်မှတ်နှင့်စာအောင်ဆု အလှူငွေဆက်ကပ်လှူဒါန်းစဉ်။

⇨ ရှေ့ဖုံးမှအဆက်

စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ပဲမျိုးစုံစိုက်ပျိုးပြီးစီးမှုအနေဖြင့် မတ်ပဲ ၇၈ ဧက၊ ပဲကြီး ၄၈၂၂ ဧက၊ ပဲကျား ၂၂ ဧက၊ စားတော်ပဲ ၃၃၁၂ ဧက၊ ကုလားပဲ ၅၆၀၅၁ ဧက၊ ပဲလွမ်း ဧက၂၀၁၀၊ ပဲနောက် ၂၇၇ ဧက၊ ပဲယဉ်း ၁၁၉ ဧက၊ ထောပတ်ပဲ ၉၇၀၆ ဧက၊ တခြားပဲ ၂၆၇ ဧက စုစုပေါင်း ၇၆၆၆၄ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါပဲမျိုးစုံအနက် ပဲလွမ်း ၁၁၄၁ ဧက၊ ပဲကျား ၁၀ ဧက၊ ပဲယဉ်း ဧက ၆၀၊ ပဲနောက် ၁၈၆ ဧက၊ တခြားပဲ ၁၅၁ ဧက စုစုပေါင်း ၁၅၄၈ ဧက ခူးဆွတ်ပြီးစီးပြီဖြစ်ကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ပဲလွမ်း ၁၆ ဒသမ ၅၂ တင်း၊ ပဲယဉ်း ၉ ဒသမ ၃၂ တင်း၊ ပဲကျား ၁၆ ဒသမ ၆ တင်း၊ ပဲနောက် ၁၂ ဒသမ ၄၉ တင်းနှင့် တခြားပဲ ၁၃ ဒသမ ၂၅ တင်းခန့် ထွက်ရှိကြောင်း သိရသည်။

ပဲမျိုးစုံ စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်များ မှန်ကန်စေရေး၊ သီးနှံဖျက်ပိုးမွှားများ ကျရောက်မှု ကင်းရှင်းစေရေး၊ သဘာဝမြေသြဇာ စနစ်တကျသုံးစွဲတတ်စေရေးနှင့် အထွက်နှုန်းများကောင်းမွန်စေရေးအတွက် အချိန်မီရိတ်သိမ်းခြွေလှေ့နည်းစနစ်များ စသည့်တောင်သူအသိပညာပေးလုပ်ငန်းများကို ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ပဲမျိုးစုံကို တစ်ဧကပန်းတိုင်အထွက်နှုန်းရရှိအောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသအတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပြည်ပပို့ကုန်အဖြစ်ပါ ထုတ်လုပ်နိုင်မည်ဖြစ်သည်။ ထို့ပြင် ဝယ်လိုအားမျှတလာပြီး ပဲမျိုးစုံဈေးကွက်၌ ဈေးနှုန်းတည်ငြိမ်စေရေးကိုလည်း အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# MNL ပြိုင်ပွဲတွင် အား/ကာသိပ္ပံကို သစ္စာအားမာန်အသင်း ဂိုးပြတ်အနိုင်ယူ

ရန်ကုန် ဖေဖော်ဝါရီ ၂၀

၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၂၁) ပထမနေ့ကို ယနေ့တွင် သုဝဏ္ဏကွင်း၌ကျင်းပရာ သစ္စာအားမာန်အသင်းက အား/ကာသိပ္ပံအသင်းကို ငါးဂိုးပြတ်အနိုင်ရခဲ့သည်။

အား/ကာသိပ္ပံအသင်းသည် ရာသီပိတ်ပွဲများတွင် ဆက်တိုက်နိုင်ပွဲပျောက်ဆုံးကာ ထိပ်ဆုံးငါးသင်းစာရင်းဝင်ရန် အခွင့်အရေးနည်းသွားပြီဖြစ်သည်။ သစ္စာအားမာန်အသင်းသည် တန်းဆင်းဇုန်မှလွတ်မြောက်ပြီး ယခုဂိုးပြတ်နိုင်ပွဲကြောင့် အဆင့် ၈ နေရာရရန် သေချာသွားခဲ့သည်။

နှစ်သင်းစလုံး အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာပြီး ပွဲအစ တစ်မိနစ်မှာပင် စောမျိုးဇော်က သစ္စာအားမာန်အသင်းအတွက် အဖွင့်ဂိုးသွင်းယူခဲ့သည်။ အဖွင့်ဂိုးစောစီးစွာရခဲ့သည့် သစ္စာအားမာန်အသင်းသည် ပွဲကိုစိုးမိုးသွားပြီး ၂၁ မိနစ်တွင် လင်းထက်ဦး၊ ၃၃ မိနစ်တွင် ရှိုင်းဝဏ္ဏအောင်တို့က ဂိုးများထပ်မံသွင်းယူကာ ပထမပိုင်းအပြီးတွင် သုံးဂိုးပြတ်ဦးဆောင်နေသည်။ ဒုတိယပိုင်းတွင်လည်း သစ္စာအားမာန်အသင်းကသာပွဲကို ထိန်းချုပ်နိုင်ခဲ့ပြီး ၅၃ မိနစ်တွင် မင်းမော်ဦး၊ ၇၃ မိနစ်တွင် ရှိုင်းဝဏ္ဏအောင်တို့က အနိုင်ဂိုးများထပ်မံသွင်းယူခဲ့ပြီး ဂိုးပြတ်အနိုင်ရခဲ့သည်။ ယခုပွဲအပြီးတွင် အား/ကာသိပ္ပံအသင်းက ၂၉ မှတ်၊ သစ္စာအားမာန်အသင်းက ၂၃ မှတ်ရရှိထားသည်။

ပွဲစဉ် (၂၁) ဒုတိယနေ့ကို ဖေဖော်ဝါရီလ ၂၁ ရက်၂(**ယနေ့**)တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဟံသာဝတီယူနိုက်တက်အသင်းနှင့် မြဝတီအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။ **သတင်း-ရဲရင့်လွင်**

**ဓာတ်ပုံ-MNL**



# ကျောက်တလုံးကြီးမြို့၌ ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များပေါ်ထွန်းလာစေရေး လူငယ်စကားဝိုင်းကျင်းပ

ကျောက်တလုံးကြီး ဖေဖော်ဝါရီ ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ကျောက်တလုံးကြီးမြို့၌ ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များ ပေါ်ထွန်းလာစေရေး လူငယ်စကားဝိုင်းကို ဖေဖော်ဝါရီလ ၂၀ ရက်တွင် ကျောက်တလုံးကြီးမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ကျင်းပသည်။

ရှေးဦးစွာ ကျောက်တလုံးကြီးမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သန္တာဝင်းက လူငယ်စကားဝိုင်းကျင်းပရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ဓာတ်ပုံကျွမ်းကျင်-၂ ဦးဇော်နိုင်လင်းက လူငယ်စကားဝိုင်းတွင် ဦးဆောင်ဆွေးနွေး၍ အခြေခံပညာအထက်တန်းကျောင်း (ကျောက်တလုံးကြီး) Grade-9 မှ မောင်အောင်လင်းဦးက လူငယ်နှင့်ပညာရေး၊ ခွန်ထိုက်အောင်က လူငယ်နှင့်အားကစား၊ နန်းထိုက်ဆုခမ်းက လူငယ်နှင့်ကျန်းမာရေး၊ နန်းစုဇွေက လူငယ်နှင့်စာရိတ္တ ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးကြရာ လူငယ်စကားဝိုင်းသို့ တက်ရောက်လာကြသည့် ကျောင်းသား၊ကျောင်းသူများက သိရှိလိုသည်များကိုမေးမြန်းခြင်းနှင့် အပြန်အလှန်ဆွေးနွေးခြင်းများ ဆောင်ရွက်ကြသည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် အသိပညာပေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ လူငယ်များ အသိပညာဗဟုသုတများ တိုးပွားရရှိနိုင်စေရန်၊ အသိပညာများ မျှဝေပေးနိုင်စေရန်၊ လူငယ်အချင်းချင်း တစ်ဦးနှင့်တစ်ဦး အသိပညာများ ဆွေးနွေးတိုင်ပင်ရာမှ အတွေ့အကြုံကောင်းများစွာ ရရှိနိုင်စေရန်၊ လူငယ်အချင်းချင်း ရင်းနှီးချစ်ကြည်မှုများတိုးပွားပြီး လုပ်ငန်းများဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန် စသည့်ရည်ရွယ်ချက်များဖြင့် လူငယ်စကားဝိုင်းများ ကျင်းပပေးလျက်ရှိကြောင်း သိရသည်။ **ဇော်နိုင်လင်း**

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

အထက်ထပ်၌လိုက်ပါလာကြသောဗိုလ်ကြီးနှစ်ယောက်တို့သည် ရွက်ဖျင်ကုလားထိုင်ကိုယ်စီနှင့် မှန်ပြောင်းကိုကြည့်လိုက်၊ ဝီစကီနှင့်ဆော်ဒါကို ကျိုက်ချလိုက်၊ တစ်ယောက်က ဆေးပြင်းလိပ်၊ တစ်ယောက်က ဆေးတံကိုဖွာလိုက် စကားတပြောပြောနှင့်လိုက်ပါလာကြရာ ကျွန်ုပ်တို့စာရေးနှစ်ယောက်မှာမူ မှန်ပြောင်းလည်းမပါ၊ ဝီစကီရှိသော်လည်း မသောက်ဝံ့ကြသည်နှင့် လက်ဖက်ရည်ကြမ်းကို စီးကရက်နှင့်မြည်းရုံဖြင့် ကျေနပ်ကြရသည်။ လူ့စိတ်သည် ခက်၏။ ကျွန်ုပ်တို့သည် လက်ဖက်ရည်ကြမ်းမျှနှင့် ကျေနပ်ကြရာမှ ဗိုလ်နှစ်ယောက် ဘာလုပ်နေကြသည်ကိုသိလိုကြ၍ လှေကားမှ ချောင်းကြည့်လိုက်မိကြရာတွင် ဝီစကီ၊ ဆော်ဒါကို မြင်ကြရသည်နှင့် ကျွန်ုပ်တို့၏လက်ဖက်ရည်ကြမ်းမှာ ဇိမ်မရှိဘဲဖြစ်သွားရပါတော့သည်။ ဤတွင် ဘာမဆိုမြည်းစမ်းချင်တတ်သော ကျွန်ုပ်၏ဝါသနာသည် ဟုတ်မှဟုတ်ပါလေ၏လောဟု ယုံမှားခြင်းတစ်ကြိမ်ဖြစ်ခဲ့မိဖူးပါသည်။

**ထုချေလွှာတောင်းခံရခြင်း**

လမ်းတွင် တစ်ညအိပ်၍ နောက်တစ်နေ့တွင် ဗန်းမော်မြို့သို့ ဆိုက်ရောက်ကြ၏။ ဒုတိယဝန်ကြီးသည် ဗန်းမော်အရေးပိုင်နှင့် ခင်မင်သူဖြစ်၍ ၎င်း၏အိမ်၌ တည်းခိုလေရာ မင်းကြီးနှင့်ကျွန်ုပ်မှာ ဗိုလ်တဲ၌ တည်းခိုကြ၏။ ထိုည၌ ကျွန်ုပ်နှင့်စာရေးကြီး ကိုဘခင်တို့သည် ရွှေကျီးနားဘုရားပွဲသို့ ခေတ္တလောက်သာသွားကြ၍ ဝါသနာအိုးများဖြစ်ကြသည့်အတိုင်း ဘိလိယက်ခုံ၌ အချိန်ဖြုန်းကြပြီး ခုံပိတ်မှကိုယ့်နေရာသို့ အသီးသီးပြန်သွားကြ၏။ နောက်နေ့နံနက်ခင်း၌ ကျွန်ုပ်သည် လုပ်စရာအလုပ်များကိုလုပ်၍ နံနက်စာစားပြီးသည်နှင့် တစ်ပြိုင်နက် အစေခံတဲ၌ရှိသော ကျွန်ုပ်၏အိပ်ရာသို့ ဝင်အိပ်လေ၏။ မွန်းလွဲနှစ်နာရီခန့်တွင် ကိုဘခင်လာနှိုးပြီး "ဗျို့ ... ဆရာကြီး။ ထကြည့်ဦးဗျ။ ခင်ဗျားစားပွဲမှာ မီးလောင်နေလေရဲ့"ဟု ပြော၏။ ကျွန်ုပ်သည် ဗိုလ်တဲအောက်ထပ်၌ရှိသော ကျွန်ုပ်၏အလုပ်စားပွဲသို့ သွားကြည့်ရာ မင်းကြီး ထုချေလွှာတောင်းထားသည့် စာတစ်စောင်ကိုတွေ့ရ၏။ အဓိပ္ပာယ်မှာ မွန်းတည့် ၁၂ နာရီလောက်၌ အလုပ်ရှိ၍ ခေါ်ရာ မတွေ့ရကြောင်း၊ နေ့ခင်းအချိန်တွင် အခွင့်မရှိဘဲ ထွက်၍လည်သည့်အတွက် အဘယ်ကြောင့် အပြစ်မပေးထိုက်ကြောင်းကို ထုချေရမည်ဖြစ်ကြောင်း ပါရှိလေသည်။ စာကိုဖတ်လိုက်ရသည်နှင့် တစ်ပြိုင်နက် မင်းကြီး၏အချစ်တော်ဘတ္တလာ၏လက်ချက်ဖြစ်သည်ဟု ကျွန်ုပ်တွေးနိုင်လေပြီ။ မင်းကြီးက ခေါ်ခိုင်းစဉ်ကျွန်ုပ်အိပ်နေခြင်းကိုသိလျက်နှင့် ဘတ္တလာက ကျွန်ုပ်မရှိဟု ပြောလိုက်ခြင်းဖြစ်သည်။ ရန်ငြိုးကား သူတို့အား ထမင်းမကျွေးသည့်အတွက်ဖြစ်ရပေမည်။ ကျွန်ုပ်သည် ကိုမြစ်ကဲ့သို့ အစေခံများနှင့် ပြေပြစ်အောင် မဆက်ဆံတတ်သည့် ကျွန်ုပ်၏အပြစ်ကိုသိပါ၏။ သို့ရာတွင် ဘတ္တလာက ကျွန်ုပ်ရှိပါလျက်နှင့် မရှိဟု လိမ်လည်ပြောခြင်းကြောင့် အရေးယူခံရခြင်းကို စိတ်ဆိုးသည်နှင့် ကိုဘခင်ကို သက်သေထူရန် မင်းကြီးထံသို့ခေါ်သွားပါသည်။ ကျွန်ုပ်သည် အိုင်စီအက်စ်အရာရှိများကို အခါခပ်သိမ်းရွံ့ကြောက်ပါသည်။ သို့ရာတွင် မတရားသဖြင့် စွပ်စွဲခြင်းခံရသည်နှင့် ဒေါသထွက်လာ၍ ကြောက်စိတ်မရှိတော့ဘဲ အဖြစ်အပျက်အမှန်ကို မင်းကြီးအား ဒေါသနှင့်ပြောပြ၍ ကိုဘခင်ကို သက်သေထူ၏။ မင်းကြီးသည် ဘတ္တလာကိုခေါ်၍ မေးရာ ဘတ္တလာက ကျွန်ုပ်ကိုရှာစဉ် အစေခံတဲထဲသို့ ဝင်မကြည့်မိကြောင်း ဝန်ခံ၏။ မင်းကြီးသည် ဘတ္တလာကို ပြန်ထွက်စေပြီးနောက် အဘယ်ကြောင့် ထိုကဲ့သို့ပြောသည်ထင်သနည်းဟု ကျွန်ုပ်အားမေးရာ သူတို့ကို ထမင်းမကျွေးသောကြောင့် ဖြစ်သည်ထင်ကြောင်း ပြောပြ၏။ ထိုအခါ မင်းကြီးက သူတို့ကို ထမင်းကျွေးဖို့ တာဝန်မရှိကြောင်း၊ သူတို့လည်း ခရီးစရိတ်ရကြ၍ သူတို့ဟာသူတို့ စားနိုင်ကြောင်း ပြောလေသည်။ ဤကိစ္စ၌ မင်းကြီးသည် ကျွန်ုပ်အပေါ်တွင် အပြစ်တင်စရာ ရှာမတွေ့သော်လည်း သူ၏အချစ်တော်ဘတ္တလာနှင့် အဆင်မပြေမှုဖြစ်ရခြင်းအတွက် ကျွန်ုပ်အပေါ်၌ မျက်နှာမကောင်းခြင်းကို ကျွန်ုပ်ရိပ်မိသည်။ ထိုအချိန်မှစ၍ ငါသည် ဘတ္တလာကိုလည်း အလျှော့မပေးနိုင်။ ဤသို့သော ဘတ္တလာတစ်ယောက်အား လက်သပ်မွေးထားသည့် မင်းကြီးတစ်ယောက်၏ လက်အောက်တွင် ကြာရှည်စွာအလုပ်လုပ်ခြင်းအားဖြင့် စိတ်ချမ်းသာမှုရှိနိုင်တော့မည်မဟုတ်ဟု ဆုံးဖြတ်လိုက်လေ၏။

**ရုံးပြောင်းခြင်း**

နောက်များမကြာမီ ဒုတိယဝန်ကြီး၏ဟက်ကလပ်စာရေးကြီး ခွင့်ယူသွားရာတွင် ရုံးပြောင်းဖို့လျှောက်ထား၏၊ မင်းကြီး၏တောလိုက်စာရေးနှင့် ဒုတိယဝန်ကြီး၏ ဟက်ကလပ်စာရေးကြီး၏လခမှာ အတူတူဖြစ်သော်လည်း ကျွန်ုပ်၏လက်ရှိရာထူးသည် တက်လမ်းရှိ၍ ခရီးစရိတ်လည်းပိုသောကြောင့် ရုံးအုပ်နှင့်တကွ တခြားစာရေးများက ကျွန်ုပ်၏အကြံအစည်ကို ဖျက်ကြ၏။ သို့ရာတွင် ကျွန်ုပ်မူကား ကြီးပွားခြင်းကိုသဘောမထား။ ဘတ္တလာတစ်ယောက်အား ဦးစားပေးသည့် မင်းကြီးတစ်ယောက်၏လက်အောက်တွင်လက်ပွန်းတတီးနေရသည့် တောလိုက်စာရေးအလုပ်၌ စိတ်ချမ်းသာမှုမရှိနိုင်ပြီဟု ဆုံးဖြတ်ကာ ရုံးပြောင်းလိုက်ပါတော့သည်။ သို့ဖြစ်၍ ကျွန်ုပ်သည် စီဗီလိုင်း၌ရှိသော မင်းကြီးရုံးမှ ဗောဓိကုန်း၌ရှိသော လယ်ယာစိုက်ပျိုးရေး ဒုတိယဝန်ကြီး၏ရုံးသို့ပြောင်းရွှေ့လိုက်ပါတော့သည်။ လယ်ယာစိုက်ပျိုးရေးဌာနမင်းကြီးမှာ အိုင်စီအက်စ်အရာရှိတစ်ယောက်ဖြစ်၍ ဒုတိယဝန်ကြီးမှာ လယ်ယာစိုက်ပျိုးခြင်းပညာကို အထူးတလည် သင်ကြားလာခဲ့သည့် အရာရှိဖြစ်လေသည်။

**အကျင့်ဆိုးပြန်ပေါ်လာခြင်း**

မင်းကြီး မစ္စတာကလေတင်သည် ဆူပူတတ်သလောက် ဒုတိယဝန်ကြီး မစ္စတာသော်မ်ဆင်မှာ စိတ်သဘောထားကောင်းသည့် လူအေးတစ်ယောက်ဖြစ်၏။ ကျွန်ုပ်နှင့် တစ်လခန့်မျှ အလုပ်လုပ်မိကြလျှင်ပင် ဒုတိယဝန်ကြီးသည် ကျွန်ုပ်ကို အလွန်ခင်မင်၍ သူ့လက်အောက်၌ အလုပ်လုပ်ရခြင်းမှာ စိတ်ချမ်းသာလှသည်။ ဝန်ကြီးသည် ကျွန်ုပ်ကိုအလွန်ယုံကြည်၍ ကျွန်ုပ်ပြောသမျှပြီး၏။ ဤအခြင်းအရာသည် ကျွန်ုပ်အဖို့ အကောင်းချည်းမဟုတ်လှချေ။ ဝန်ကြီးတောတက်သောအခါ ဒုတိယစာရေးသည် ဝန်ကြီးနှင့်အတူလိုက်ရလေရာ ကျွန်ုပ်မှာ ဟက်ကလပ်အဖြစ်နှင့် ရုံးထိုင်ကျန်ရစ်ပြီး အတော်လွတ်လပ်ခြင်းရ၏။ ရုံးသုံးငွေကို ကျွန်ုပ်ပင်ကိုင်ရ၍ စာရင်းကိုလည်း ကျွန်ုပ်ပင်ကိုင်ရ၏။ ထိုအချိန်တွင် ကျွန်ုပ်သည် စံဒေဝီကို ပိုးပန်းစဉ်က ကာလသားသူငယ်ချင်းများနှင့် တစ်ဖန်အဆက်ဖြစ်၍ ၎င်းတို့နှင့်အတူ ဘိလိယက်ခုံ၌ ညများတွင် အချိန်ဖြုန်းလျက်ရှိ၏။ ထိုစဉ်က ဘိလိယက်ခုံများတွင် ဘိလိယက်ရိုးရိုးမကဘဲ စကစ်တယ်လ် (Skittles) ခေါ် ကိုးတိုင်ကစားနည်း ခေတ်စားလျက်ရှိရာ ဤကစားနည်းတွင် ဂေါ်လီအကြီး၊ အသေးလောင်းကစားခြင်းလည်း တွဲဖက်လျက်ရှိ၏။ ကျွန်ုပ်သည် တစ်ညလျှင် တစ်ကျပ်၊ နှစ်ကျပ်လောင်းကစားရာမှ (ငယ်စဉ်က အလုပ်သမားများနှင့် လောင်းကစားဖူးသည့် အလေ့အကျင့်ကြောင့်) 'သွေးကြီး' လာပြီး ငါးကျပ်၊ တစ်ဆယ်စသည်ဖြင့် လောင်းတတ်လာလေပြီ။ အစပထမ၌ လောင်းကစားခြင်းအလုပ်၏ ဖြားယောင်းသွေးဆောင်တတ်သည့် ထုံးစံအတိုင်း Beginner's Luck နိုင်သည်ကများ၍ ရှုံးသည်ကနည်းသဖြင့် ဝမ်းသာစရာကြီးဖြစ်နေ၏။ အတန်ကြာသော် အနိုင်ကုန်၍ အရှုံးများလာခဲ့လေပြီ။ ဤတွင် ကျွန်ုပ်သည် လခထုတ်သောအခါ၌ ပြန်ထည့်မည်ဆိုကာ ရုံးငွေကို တစ်လတွက်ထုတ်ယူပြီးကစား၏။ ရှုံးသွားသဖြင့် လခထုတ်သောအခါ၌ ထည့်လိုက်ရ၏။ ဤအတောအတွင်း လောင်းကစားခြင်းသည် ကျွန်ုပ်အား အပူတပြင်းသွေးဆောင်လျက်ရှိလေပြီ။ ဘိလိယက်ခုံသို့ မသွားတော့ပါဆိုကာ တစ်ည၊ နှစ်ည အောင့်နေသော်လည်း "ရိုက်ရိုက်ပွတ်ဒေါင်း"ဟူသော အသံများသည် နားထဲသို့ တိုး၍တိုး၍ ဝင်လာတော့သည်။ မနေနိုင်။ သွားရတော့သည်။ ပထမ၌ တစ်လခငွေကိုလည်း ကောင်း၊ ထို့နောက် နှစ်လခငွေကိုလည်း ကောင်း ယူ၍ယူ၍သွားလေရာ ရှုံးသည်ချည်းသာ ကြုံရတော့၏။ မထူးတော့ပြီ။ တစ်တက်စားလည်း ကြက်သွန်ဟူသော စကားကိုလည်းကောင်း၊ လှေမျောလှေချင်းလိုက်ဟူသော စကားကိုလည်းကောင်း သတိရ၍ ရှုံးထားသည့်ရုံးငွေကို ပြန်ရအောင် လုပ်ယူခြင်းမှတစ်ပါး တခြားနည်းလမ်းမရှိတော့ပြီဆိုကာ ညတိုင်းပင် ဂေါ်လီရိုက်မိတော့သည်။ တစ်ခါတစ်ရံ အနည်းငယ်နိုင်သော်လည်း ရှုံးထားသည့် ရုံးငွေကို ပြန်ထည့်လောက်အောင် မပြည့်သောကြောင့် ဆက်လက်၍သာ ကစားရ၏။

"ဤကိစ္စ၌ မင်းကြီးသည် ကျွန်ုပ်အပေါ်တွင် အပြစ်တင်စရာ ရှာမတွေ့သော်လည်း သူ၏အချစ်တော်ဘတ္တလာနှင့် အဆင်မပြေမှု ဖြစ်ရခြင်းအတွက် ကျွန်ုပ်အပေါ်၌ မျက်နှာမကောင်းခြင်းကို ကျွန်ုပ် ရိပ်မိသည်။ ထိုအချိန်မှစ၍ ငါသည် ဘတ္တလာကိုလည်း အလျှော့ မပေးနိုင်။ ဤသို့သော ဘတ္တလာတစ်ယောက်အား လက်သပ်မွေး ထားသည့် မင်းကြီးတစ်ယောက်၏လက်အောက်တွင် ကြာရှည်စွာ အလုပ်လုပ်ခြင်းအားဖြင့် စိတ်ချမ်းသာမှုရှိနိုင်တော့မည်မဟုတ် ဟု ဆုံးဖြတ်လိုက်လေ၏. . ."

ဆက်လက်ဖော်ပြပါမည်။

## ပခုက္ကူမြို့နယ်၌ ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးကွင်းဆင်းဆောင်ရွက်



ပခုက္ကူ ဖေဖော်ဝါရီ ၂၀

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် အမှတ်(၁)မြို့မစည်ပင်သာယာဈေးကြီး၌ ဖေဖော်ဝါရီလ ၂၀ ရက်တွင် ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေး ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ပခုက္ကူမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးဇော်နိုင်လင်းနှင့်ဝန်ထမ်းများ၊ ဈေးအကျိုးတော်ဆောင်အဖွဲ့ဝင်များနှင့် ဈေးရုံကိုယ်စားလှယ်များပူးပေါင်း၍ အမှတ် (၁) မြို့မစည်ပင်သာယာဈေးကြီး အတွင်း/အပြင်ရှိ ဈေးရောင်းဈေးဝယ်ပြည်သူများကို ပလတ်စတစ်သုံးစွဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကျန်းမာရေးဆိုင်ရာဆိုးကျိုးများ၊ ပလတ်စတစ်သုံးစွဲမှုလျှော့ချရေးနည်းလမ်းများ၊ ပလတ်စတစ်အစားထိုးပစ္စည်းများသုံးစွဲရေး၊ သန့်ရှင်းလတ်ဆတ်သော အသား/ငါး၊ အသီးအရွက်နှင့် စားသောက်ကုန်ပစ္စည်းများရောင်းချရေးနှင့် ဈေးဆိုင်ခန်းများ သန့်ရှင်းသပ်ရပ်မှုကို အလေးထားဆောင်ရွက်ရေး စသည်တို့ကို အသိပညာပေးပြောကြားသည်။

ယင်းနောက် ဈေးရောင်းဈေးဝယ်ပြည်သူများထံ သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေးနှင့် ပလတ်စတစ်လျှော့ချသုံးစွဲရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များနှင့် ငှက်ပျောဖက်၊ အင်ဖက်၊ ကြာဖက်၊ စက္ကူ စသည့်ပလတ်စတစ်အစားထိုးပစ္စည်းများကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ဘာမီသာ(ပခုက္ကူ)**

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။"**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

## မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီးအား ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ လက်ခံတွေ့ဆုံ



နေပြည်တော် ဖေဖော်ဝါရီ ၂၀

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီး မစ္စတာဟာရီရှ်ချန်ဒရာ ဂီမီရေးအား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို ပိုမိုအားကောင်းခိုင်မာလာစေရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့ကိုမြှင့်တင်နိုင်ရေးနှင့်စပ်လျဉ်း၍ ရင်းနှီးစွာအမြင်ချင်း ဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

## မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီးအား ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်း လက်ခံတွေ့ဆုံ



နေပြည်တော် ဖေဖော်ဝါရီ ၂၀

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီး မစ္စတာဟာရီရှ်ချန်ဒရာ ဂီမီရေးအား ယနေ့မွန်းလွဲပိုင်းတွင် ဝန်ကြီးဌာနရှိပြည်ထောင်စုဝန်ကြီး ဧည့်ခန်းမ၌လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မတ်လ ၂၁ ရက်မှ ၂၂ ရက်အထိ နီပေါသံရုံးမှဦးစီးကျင်းပမည့် မြန်မာ-နီပေါကုန်သွယ်မှုနှင့် ခရီးသွားကုန်စည်ပြပွဲ-၂၀၂၅ တွင် မြန်မာနိုင်ငံ ဟိုတယ်နှင့်ခရီးသွားကဏ္ဍမှ ပါဝင်ပူးပေါင်းပြသနိုင်ရေး၊ တောင်တက်ခရီးသွားလုပ်ငန်းနှင့် ဘုရားဖူးခရီးသွားလုပ်ငန်း အကောင်အထည်ဖော်နိုင်ရေး၊ နှစ်နိုင်ငံခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံခရီးသွားများ ခရီးစဉ်ဒေသများသို့ အပြန်အလှန်သွားလာလည်ပတ်နိုင်ရေး၊ နှစ်နိုင်ငံရှိ ခရီးစဉ်ဒေသများအကြား တိုက်ရိုက်လေကြောင်းလိုင်းများ ပျံသန်းပြေးဆွဲနိုင်ရေး၊ နီပေါခရီးသွားဧည့်သည်များ မြန်မာနိုင်ငံသို့ ပိုမိုဝင်ရောက်ရေး၊ နှစ်နိုင်ငံခရီးသွားကဏ္ဍအတွင်းရှိ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ဆောင်ရွက်သွားရေး၊ နှစ်နိုင်ငံခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနနှင့် နီပေါသံရုံး ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

(သတင်းစဉ်)

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၁၅˚C | / | ၃၄˚C |
| ရန်ကုန် | ၂၁˚C | / | ၃၆˚C |
| မန္တလေး | ၁၈˚C | / | ၃၃˚C |


လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့


### ၂၀-၂-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား ( ၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၅,၅၀၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အထူးရန်ပုံငွေဖြင့် ယခုနှစ်အတွင်း စားသောက်ကုန် ထုတ်လုပ်နည်းသင်တန်း ၁၅ ကြိမ် ဖွင့်လှစ်မည်

နေပြည်တော် ဖေဖော်ဝါရီ ၂၀

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အထူးရန်ပုံငွေ(၂၀၂၄)ဖြင့် ယခုနှစ်အတွင်း နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ စားသောက်ကုန်ထုတ်လုပ်နည်းသင်တန်း ၁၅ ကြိမ် ဖွင့်လှစ်မည်ဖြစ်ကြောင်း အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန(နေပြည်တော်ရုံးချုပ်)မှ သိရသည်။

ထိုသို့ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အထူးရန်ပုံငွေ(၂၀၂၄)ဖြင့် သင်တန်းများဖွင့်လှစ်ပို့ချရာတွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့၌ သင်တန်းတစ်ကြိမ်စီနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန (နေပြည်တော်ရုံးချုပ်)၌ သင်တန်း ၁၀ ကြိမ် စုစုပေါင်း သင်တန်း ၁၅ ကြိမ် ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။


"မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အထူးရန်ပုံငွေနဲ့ ဖွင့်လှစ်ပေးမယ့် သင်တန်းတွေထဲမှာ ကိုယ့်ဒေသက ထွက်ရှိတဲ့သီးနှံတွေကို အခြေခံပြီးတော့ စားသောက်ကုန် ထုတ်လုပ်တဲ့သင်တန်းတွေပါမယ်"ဟု အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန (နေပြည်တော်ရုံးချုပ်) ညွှန်ကြားရေးမှူး ဒေါ်ခိုင်ခိုင်ဇံက ပြောသည်။

အဆိုပါသင်တန်းများတွင် စားသောက်ကုန်ထုတ်လုပ်နည်းများအပြင် စားသောက်ကုန်များ ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာနည်းလမ်းများ၊ စားသောက်ကုန်များ တာရှည်ခံစေရန်နည်းလမ်းများ၊ Quality Control နှင့်ပတ်သက်သော နည်းလမ်းများ၊ ထုပ်ပိုးမှုဆိုင်ရာနည်းလမ်းများနှင့် Marketing နှင့်ပတ်သက်သော နည်းပညာများကိုလည်း ထည့်သွင်းသင်ကြားပေးမည်ဖြစ်သည်။

အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနအနေဖြင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အထူးရန်ပုံငွေဖြင့် သင်တန်းများဖွင့်လှစ်ပို့ချပေးလျက်ရှိသကဲ့သို့ ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းအဖြစ် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သင်တန်းများကိုလည်း ဖွင့်လှစ်ပို့ချပေးလျက်ရှိကြောင်း သိရသည်။

**ဆောင်းဦး**

## မိုးလေဝသ သတင်း




# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့် လျှပ်စစ်မီးရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

ပန်းတနော် ဖေဖော်ဝါရီ ၂၀

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့် ချောင်းကလေးကျေးရွာအုပ်စု ကျုံပေကျေးရွာ၌ လျှပ်စစ်မီးရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ဖေဖော်ဝါရီလ ၂၀ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပန်းတနော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တိုးတိုးနှင့်တာဝန်ရှိသူများက ကျေးရွာမီးလင်းရေးကော်မတီဝင်များနှင့်အတူ လျှပ်စစ်မီးရရှိရေး ကျေးရွာတွင်း ၄၀၀ ဗို့ ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများအချိန်မီပြီးစီးရေး၊ သတ်မှတ်စံချိန်စံညွှန်းများပြည့်မီရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ကျုံပေကျေးရွာ၌ လျှပ်စစ်မီးရရှိရေးအတွက် ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းခွင့်ပြုငွေ ငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေ ငွေကျပ် ၅ သန်းတို့ဖြင့် အရှည် ၂၃၂၃ ပေရှိ ၄၀၀ ဗို့ ဓာတ်အားလိုင်းသွယ်တန်းခြင်းနှင့် ဆက်စပ်ပစ္စည်းဝယ်ယူခြင်းလုပ်ငန်းများကို ဖေဖော်ဝါရီလ ပထမပတ်က စတင်ဆောင်ရွက်လျက်ရှိရာ လက်ရှိတွင် လုပ်ငန်းများ ၈၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**ငြိမ်းသူ**

# Air Compressor ပြုပြင်ထိန်းသိမ်းနည်းသင်တန်း (၁/၂၀၂၅)ဖွင့်လှစ်

အုတ်ဖို ဖေဖော်ဝါရီ ၂၀

ပဲခူးတိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီမှကြီးမှူး၍ တိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ဟသ်ာတရွှေမြေသစ်သီးဝလံစိုက်ပျိုးရေးနှင့် တောင်သူလယ်သမားများ၊ တိုင်းဒေသကြီး အလုပ်သမားအဖွဲ့အစည်းတို့ပူးပေါင်း၍ Air Compressor ပြုပြင်ထိန်းသိမ်းနည်းသင်တန်း (၁/၂၀၂၅) ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီလ ၂၀ ရက်တွင် အုတ်ဖိုမြို့နယ် မကျီးပင်ကျေးရွာ၌ ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် ပဲခူးတိုင်းဒေသကြီး ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီဝင်၊ တိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(ပဲခူး) ကျောင်းအုပ်ကြီး ဦးအောင်နိုင်စိုးက သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို ဖေဖော်ဝါရီလ ၂၀ ရက်မှ ၂၄ ရက်အထိဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး သင်တန်းသား၊ သင်တန်းသူ ၂၀ ဦး တက်ရောက်ကြကြောင်း၊ သင်တန်း၌ Air Compressor တစ်လုံး၏ အလုပ်လုပ်ပုံ၊ Air Compressor တစ်လုံးတွင်ပါဝင်သော အစိတ်အပိုင်းများအကြောင်း၊ အခြေခံလျှပ်စစ်သဘောတရားများအကြောင်း စသည့်သင်ခန်းစာများကို စာတွေ့လက်တွေ့သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**(၄၀၁)၊ တင်စိုး(ပဲခူး)**

# ပြည်ခရိုင်အတွင်း မီးခိုးမြူငွေ့လျှော့ချနိုင်ရေး ကွင်းဆင်းစစ်ဆေး အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းများဆောင်ရွက်

ပြည် ဖေဖော်ဝါရီ ၂၀

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်အတွင်းရှိ ပြည်မြို့နယ်၊ ပန်းတောင်းမြို့နယ်၊ ပေါက်ခေါင်းမြို့နယ်နှင့် ရွှေတောင်မြို့နယ်တို့၌ Fire hotspot မီးခိုးမြူငွေ့လျှော့ချနိုင်ရေးအတွက် ကွင်းဆင်းစစ်ဆေး အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းတို့ကို ပြည်ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် ခရိုင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ဝင်များက ဖေဖော်ဝါရီလ ၁၉ ရက်က ဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်ခရိုင်အတွင်းရှိ မြို့နယ်များ၌ Fire hotspot တွေ့ရှိရသည့် နေရာများအရောက် ကွင်းဆင်းစစ်ဆေးကြပြီး မြို့နယ်အလိုက် ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များမီးရှို့ခြင်းတို့ကို မပြုလုပ်ရန် အသိပညာပေးဆွေးနွေးကာ မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြသည်။

မီးခိုးမြူငွေ့ဟူသည်မှာ လေထုအတွင်း ဖုန်မှုန့်များ၊ ရေခိုးရေငွေ့များ၊ အမှုန်အမွှားများ၊ အငွေ့ပြန်စေနိုင်သည့် အရာများနှင့် တခြားဓာတ်ငွေ့များ ပေါင်းစပ်ရောနှောဖြစ်ပေါ်နေသည့် ဖြစ်စဉ်တစ်ခုဖြစ်ကာ လူ၊ တိရစ္ဆာန်နှင့် သဘာဝဂေဟစနစ်တို့အတွက် ဆိုးကျိုးများစွာဖြစ်စေနိုင်ကြောင်း၊ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးရန် တောခုတ်မီးရှို့ရာမှ ထွက်ရှိလာသော မီးခိုးများ၊ ရိုးပြတ်များ၊ ကောက်ရိုးများကို မီးရှို့ရာမှ ထွက်ရှိလာသော မီးခိုးများ၊ မြေသြဇာရရှိရန် ရည်ရွယ်၍ စပါးခွံ၊ ပြောင်းရိုးစသည်တို့ကို မီးရှို့ရာမှ ထွက်ရှိလာသော မီးခိုးများ၊ မော်တော်ယာဉ်ဟောင်းများနှင့် စက်ရုံ၊ အလုပ်ရုံများမှ ထွက်ရှိလာသော မီးခိုးများ၊ ကျောက်မီးသွေးနှင့် ထင်းလောင်စာသုံးစွဲမှုများမှ ထွက်ရှိလာသော မီးခိုးများ၊ အမှိုက်ပုံများ မီးလောင်ခြင်းနှင့် စွန့်ပစ်အမှိုက်များကို မီးရှို့ရာမှ ထွက်ရှိလာသော မီးခိုးများ၊ သစ်တောများအတွင်း မဆင်မခြင်မီးသုံးစွဲမှု သို့မဟုတ် သဘာဝအလျောက်တောမီးလောင်ကျွမ်းမှုမှ ထွက်ရှိလာသော မီးခိုးများ စသည်တို့သည် မီးခိုးမြူငွေ့ညစ်ညမ်းမှုကိုဖြစ်စေသည့် အဓိကအကြောင်းရင်းများဖြစ်ကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**

# အင်ပူမြို့နယ်၌ (၇၇)နှစ်မြောက် ချင်းအမျိုးသားနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ



အင်ပူ ဖေဖော်ဝါရီ ၂၀

ဧရာဝတီတိုင်းဒေသကြီး အင်ပူမြို့တွင် မြို့နယ် ပြည်သူ့အားကစားခန်းမ၌ (၇၇) နှစ်မြောက် ချင်းအမျိုးသားနေ့အထိမ်းအမှတ်အခမ်းအနားကို ဖေဖော်ဝါရီလ ၂၀ ရက် နံနက်ပိုင်းကကျင်းပကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် တာဝန်ရှိသူများ၊ ချင်းတိုင်းရင်းသားခေါင်းဆောင်များနှင့် ချင်းတိုင်းရင်းသား၊ တိုင်းရင်းသူများ တက်ရောက်သည်။

ရှေးဦးစွာ သဘာပတိ ဆလိုင်းလှိုင်မြင့်က အခမ်းအနားကိုဖွင့်လှစ်ပေးပြီးနှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးတင်မောင်ဝင်းက အမှာစကားပြောကြားပြီး တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံမှပေးပို့သည့် သဝဏ်လွှာကို တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းခယ်က ဖတ်ကြားသည်။

ဆက်လက်၍ ချင်းအမျိုးသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့ဥက္ကဋ္ဌ ဆလိုင်းလှမြင့်က ချင်းအမျိုးသားနေ့ပေါ်ပေါက်လာပုံကိုလည်းကောင်း၊ ချင်းတိုင်းရင်းသူ မိုင်ရှိစလင်းက ချင်းရိုးရာအသုံးအဆောင်များအကြောင်းကိုလည်းကောင်း၊ ချင်းအမျိုးသား စာပေနှင့်ယဉ်ကျေးမှုအဖွဲ့အတွင်းရေးမှူး ဆလိုင်းအောင်ကိုဦးက ကျေးဇူးတင်စကားကိုလည်းကောင်း အသီးသီးပြောကြားသည်။

ထို့နောက်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များက အကအဖွဲ့များမှ ချင်းရိုးရာအကများဖြင့် ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ကြောင်း သိရသည်။

**မန်းကျော်(ပြန်/ဆက်)**

# (၇၇)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားကျင်းပ

ထားဝယ် ဖေဖော်ဝါရီ ၂၀

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ (၇၇)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားကို ဖေဖော်ဝါရီလ ၂၀ ရက် နံနက်ပိုင်းတွင် ထားဝယ်မြို့ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန တနင်္သာရီတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက အမှာစကားပြောကြားပြီး တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးမှ ပေးပို့သည့်သဝဏ်လွှာကို တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောမာတင်လှူသာက ဖတ်ကြားသည်၊ ထို့နောက် ချင်းအမျိုးသား ဦးထန်ရှီက ချင်းအမျိုးသားနေ့ဖြစ်ပေါ်လာပုံ သမိုင်းအကျဉ်းအား ဖတ်ကြားသည်။

ဆက်လက်၍ တိုင်းရင်းသားများ၏ ချင်းရိုးရာယဉ်ကျေးမှုအက၊ ချင်းတိုင်းရင်းသားရိုးရာသီချင်း၊ ကရင်ရိုးရာဝါးထောက်အကဖြင့် သီဆိုကပြဖျော်ဖြေနေမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်တက်ရောက်လာသူများက ကြည့်ရှုအားပေးကြောင်း သိရသည်။

**ကျော်ကျော်လတ်**



# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး

မကွေး ဖေဖော်ဝါရီ ၂၀

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မကွေးတိုင်းဒေသကြီးအတွင်း မြို့နယ် ၁၇ မြို့နယ်ရှိ ကျေးရွာ ၁၄၅ ရွာ၌ ကျေးရွာတစ်ရွာလျှင် နိုင်ငံတော်ခွင့်ပြုရန်ပုံငွေကျပ် ၁၅ သန်းစီဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါတွင် လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီးအတွင်း မြို့နယ် ၁၇ မြို့နယ်ရှိကျေးရွာ ၁၄၅ ရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) မှရန်ပုံငွေကျပ် ၂၁၇၅ သန်း၊ ကျေးရွာပြည်သူလူထု ထည့်ဝင်ငွေကျပ် ၁၀၁၇ ဒသမ ၀၆၆ သန်းဖြင့် ကျေးရွာတွင်းလမ်း/တံတားတည်ဆောက်ခြင်းလုပ်ငန်း၁၂၃ ခု၊ ကျေးလက်ရေရရှိရေးလုပ်ငန်း ၅၁ ခု၊ လျှပ်စစ်မီးရရှိရေးလုပ်ငန်း ငါးခု၊ ကျေးရွာဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်းငါးခု၊ မြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်း တစ်ခုတို့ကို ၂၀၂၄ ခုနှစ် ဩဂုတ်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအချိန်တွင် လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

**ငြိမ်းသူ**

# ဒစ်ဂျစ်တယ်အသိပညာ ခံယူချက်နှင့် အလေ့အကျင့်ဆိုင်ရာ သင်တန်းဖွင့်လှစ်

နေပြည်တော် ဖေဖော်ဝါရီ ၂၀

နေပြည်တော်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရှိ နည်းပညာပေးစင်တာ၌ ဒစ်ဂျစ်တယ် အသိပညာ၊ ခံယူချက်နှင့် အလေ့အကျင့်ဆိုင်ရာသင်တန်းကို ဖေဖော်ဝါရီလ ၂၀ ရက်နံနက်ပိုင်းတွင် ကျင်းပရာ နေပြည်တော် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်စိုးမမဋ္ဌေးက အဖွင့်အမှာစကားပြောကြားသည်။

သင်တန်းတွင် သင်ကြားပေးမည့် ဘာသာရပ်များအနေဖြင့် Online စနစ်မှတ်ပုံတင်များရောင်းချရာတွင် ဆောင်ရန်၊ ရှောင်ရန်နည်းလမ်းများ၊ Online Sales မှတ်ပုံတင်လက်မှတ် လျှောက်ထားခြင်း၊ Digital Literacy And Digital Transfor-mation In MSME နှင့် SSID မှ ရေးဆွဲထားသည့် e -commerce website ဝင်ရောက်ပုံနှင့် အသုံးပြုနည်းများကို စာတွေ့လက်တွေ့သင်ကြားပေးသွားမည်ဖြစ်သည်။

အဆိုပါသင်တန်းသို့ နေပြည်တော် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနတွင် လုပ်ငန်းမှတ်ပုံတင်ထားသည့် လုပ်ငန်းရှင် ၂၀ ဦးတက်ရောက်ကြောင်း သိရသည်။ **ဇော်မျိုး(မြဝတီ)**

# ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ဆေး တုံ့ပြန်တိုက်ကျွေးခြင်းလုပ်ငန်း အသိပေးဆွေးနွေး

ကျွန်းစု ဖေဖော်ဝါရီ ၂၀

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်တွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ဆေး တုံ့ပြန်တိုက်ကျွေးခြင်းလုပ်ငန်းအသိပေးဆွေးနွေးပွဲကို ဖေဖော်ဝါရီလ ၂၀ ရက်နံနက်ပိုင်းတွင် မြို့နယ်ကျွန်းရတနာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာရဲမင်းဦးက ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ဆေး တုံ့ပြန်တိုက်ကျွေးခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထိုသို့တိုက်ကျွေးနိုင်ရေးအတွက်ကျန်းမာရေးဝန်ထမ်းများအား သင်တန်းပေးခြင်း၊ ဒေသခံပြည်သူများအား အသိပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျွန်းစုမြို့နယ်တွင် ယခင်နှစ် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုများသောနေရာများ၌ မတ်လ ဒုတိယပတ်မှစတင်၍ အသက်တစ်နှစ်အထက် ကလေးနှင့် လူကြီး ၅၀၄၆၅ ဦးအား ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ဆေး (OCV)တိုက်ကျွေးသွားမည်ဖြစ်သည်။



အဆိုပါ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ဆေး(OCV)ကို တစ်ကြိမ်သောက်ခြင်းဖြင့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကူးစက်ခြင်းမှ ခြောက်လအထိ ကာကွယ်ပေးနိုင်မည်ဖြစ်ပြီး ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ဆေး(OCV)သောက်ပြီးသော်လည်း ရောဂါမကူးစက်စေရန် သန့်လေးသန့် (အစာသန့်၊ လက်သန့်၊ အိမ်သာသန့်၊ ရေသန့်) စသည့် အမူအကျင့်ကောင်းများကို ဆက်လက်ထိန်းသိမ်းထားရန် လိုအပ်မည်ဖြစ်ကြောင်း သိရသည်။

**ထက်မြင့်(ကျွန်းစု)**

## သဇင်(FM) အသံလွှင့်အစီအစဉ်

၂၁-၂-၂၀၂၅(သောကြာနေ့)

၁။ ၀၈:၀၀ For Youth

၂။ ၁၀:၀၀ သတင်း/သီချင်း


၃။ ၁၃:၀၀ တိုင်းရင်းသားစကား ပြောကြရအောင်

၄။ ၁၇:၀၀ ထူးခြားထင်ရှား ကမ္ဘာတစ်လွှား

၅။ ၁၉:၀၀ စစ်သည်ကဏ္ဍ

၆။ ၂၁:၂၀ စာလာတယ်ဗျို့

# မြန်မာ့စားသောက်ကုန်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်(၂၀၂၅)သို့တက်ရောက် ဆွေးနွေးခဲ့ကြသူများ၏ ဝမ်းသာပီတိစကားသံများ



ဦးအောင်ရွှေ



ဦးရဲမြတ်ထူး



မအေးအေးဝင်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

စားသောက်ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုကောင်းမွန်သည့် စီးပွားရေးဝန်းကျင်တစ်ရပ်ဖြစ်ထွန်းလာစေရေး၊ စားသောက်ကုန်ထုတ်လုပ်ငန်း ကွင်းဆက်တစ်လျှောက် အရည်အသွေးပြည့်မီပြီး ဘေးအန္တရာယ်ကင်းရှင်းသည့် စားသောက်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ ပြည်တွင်းစားသုံးမှု ဖူလုံစေပြီး သွင်းကုန်အစားထိုးထုတ်လုပ်ကာ ပြည်ပဈေးကွက်သို့ ထိုးဖောက်တင်ပို့နိုင်ရေး၊ စားသောက်ကုန်လုပ်ငန်းများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရန်အတွက် အစီအမံသစ်များဖော်ဆောင်ပေးနိုင်ရေးနှင့် စားသောက်ကုန်ထုတ်လုပ်ငန်းနှင့် ပတ်သက်သည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များတွင် ရှင်းလင်းလွယ်ကူစေရေးနှင့် နည်းစနစ်များ၊ စံချိန်စံညွှန်းများနှင့် သတင်းအချက်အလက်များကို ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေနိုင်ရေးဆိုသည့် ရည်ရွယ်ချက်များဖြင့် မြန်မာ့စားသောက်ကုန်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်(၂၀၂၅)ကို ဖေဖော်ဝါရီလ ၁၉ ရက်မှ ၂၀ ရက်အထိ နေပြည်တော်ရှိမြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန- ၂ ၌ ကျင်းပခဲ့သည်။

အဆိုပါဖိုရမ်တွင် စားသောက်ကုန်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အခြေခံလိုအပ်ချက်များကို စားသောက်ကုန်နှင့် ဆက်စပ်ဆောင်ရွက်လျက်ရှိသည့် အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ လုပ်ငန်းရှင်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် တာဝန်ရှိသူများက ဆွေးနွေးအဖြေရှာဆောင်ရွက်ခဲ့ကြရာ ၎င်းတို့နှင့်တွေ့ဆုံ၍ ဆွေးနွေးခြင်းရလဒ်မှတစ်ဆင့် မြန်မာ့စားသောက်ကုန်ကဏ္ဍ တိုးတက်မြင့်မားလာစေမည့်အခြေအနေများကို တွေ့ဆုံမေးမြန်းဖော်ပြလိုက်ရပါသည်။

**ဦးအောင်ရွှေ (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံစားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း)**

လက်ရှိကျင်းပခဲ့တဲ့ဖိုရမ်ဟာ မဖြစ်မနေကျင်းပသင့်တဲ့ ဖိုရမ်တစ်ခုလို့မြင်မိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မြန်မာနိုင်ငံမှာ နေထိုင်ကြသူတွေအတွက် အစားအစာတွေကသန့်ရှင်းလတ်ဆတ်ပြီး အာဟာရနဲ့ ပြည့်စုံမှ နိုင်ငံသူ၊ နိုင်ငံသားအားလုံးဟာ ကျန်းမာမှာဖြစ်ပါတယ်။ ကျန်းမာမှ အလုပ်ကို ကောင်းမွန်စွာဆောင်ရွက်နိုင်ပါမယ်။ ဒါကြောင့် ဖိုရမ်ကိုကျင်းပသင့်တယ်လို့ ပြောခဲ့ခြင်းဖြစ်ပါတယ်။ နောက်တစ်ချက်က ကိုယ့်နိုင်ငံမှာ လယ်ယာစိုက်ပျိုးရေးနဲ့ ဥယျာဉ်၊ ခြံကထွက်တဲ့ အသီးအနှံတွေ အများကြီးရှိပါတယ်။ သား၊ ငါးကဏ္ဍက ထွက်တဲ့ အစားအသောက်တွေလည်း ရှိပါတယ်။ ဒီလိုပြည်တွင်းမှာရှိတဲ့ထွက်ကုန်ပစ္စည်းတွေကို ကိုယ့်နိုင်ငံသားတွေ လုံလုံလောက်လောက် စားသောက်နိုင်အောင် ထုတ်လုပ်ရောင်းချခြင်းဖြစ်ပါတယ်။ အဓိက ပြည်တွင်းကုန်ကြမ်းကိုအသုံးပြုပြီး ကုန်ချောအဖြစ် ပြန်လည်ထုတ်လုပ်ခြင်းလည်းဖြစ်ပါတယ်။ ကိုယ့်နိုင်ငံသားတွေ အာဟာရပြည့်ဝပြီး ဘေးအန္တရာယ်ကင်းရှင်းတဲ့အစားအသောက်ကို စားနိုင်ဖို့ ဒီကဏ္ဍကအရေးကြီးဆုံးပါပဲ။

အခုဆို ဖိုရမ်ရဲ့ဆွေးနွေးပွဲမှာ အစိုးရဘက်ကလည်း ဆွေးနွေးတယ်။ လုပ်ငန်းရှင်တွေဘက်ကလည်း မိမိတို့လက်ရှိထုတ်လုပ်နေတဲ့ ကုန်ပစ္စည်းတွေအပေါ်မှာ ဆွေးနွေးကြတယ်။ လုပ်ငန်းရှင်တွေဘက်ကလည်း သူတို့ထုတ်လုပ်နေတဲ့ ကုန်ပစ္စည်းတွေကို နိုင်ငံကိုယ်စားပြုပြီး ထုတ်လုပ်ချင်ကြတယ်။ သို့သော် ကြုံတွေ့နေရတဲ့ အခက်အခဲတွေရှိရင်လည်း ဒီဖိုရမ်ဆွေးနွေးပွဲတွေမှာ တင်ပြကြပါတယ်။ ဒီလိုတင်ပြချက်တွေအပေါ်မှာ ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး အကောင်းဆုံးနည်းလမ်းတွေနဲ့ နိုင်ငံကိုအကျိုးရှိအောင် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ဒီဖိုရမ်ဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံအတွက် ကောင်းကျိုးတွေအများကြီးဖြစ်လာမယ်လို့ယုံကြည်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာရှိတဲ့ သယံဇာတပစ္စည်းတွေက အားလုံးသဘာဝပစ္စည်းတွေဖြစ်ပါတယ်။ ဘာမှပြောင်းလဲမှုမရှိပါဘူး။ ဒါကိုအကျိုးရှိရှိအသုံးပြုပြီး ပြည်သူလူထုတစ်ရပ်လုံး စားဝတ်နေရေး ပြေလည်အောင်လုပ်ပေးနိုင်မယ်။ နောက်ပြီး နယ်စပ်က တရားမဝင်ဝင်ရောက်လာမှုတွေကိုလည်း အခုလိုဖိုရမ်ကျင်းပခြင်းအားဖြင့် သိရှိပြီး တာဝန်ရှိသူတွေက စနစ်တကျထိန်းသိမ်းပေးမယ်ဆိုရင် ပြည်တွင်းထုတ်လုပ်နေတဲ့ MSME စက်မှုလုပ်ငန်းတွေက ပိုမိုဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီလိုဖိုရမ်နောက်ထပ်အောင်မြင်စွာ ကျင်းပနိုင်ဖို့ အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။

**ဦးရဲမြတ်ထူး (အလုပ်အမှုဆောင်၊ မြန်မာနိုင်ငံစားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း)**

ဒီဖိုရမ်ကိုတက်ရောက်ဖြစ်တဲ့အကြောင်းကတော့ မြန်မာ့စားသောက်ကုန်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍကို ဘယ်လိုအထောက်အကူပြုမလဲဆိုတဲ့အတွေးနဲ့ လာရောက်ခြင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဖိုရမ်မှာ အစေ့အဆန်၊ အနံ့နဲ့ပတ်သက်ပြီး ဆွေးနွေးခဲ့ပါတယ်။ ဒီပွဲကြီးပြီးသွားရင် ဆောင်ရွက်ရမယ့်အချက်တွေ အများကြီးရှိပြီး ဆွေးနွေးမှုတွေကတစ်ဆင့် ရလဒ်တွေလည်း ထွက်ပေါ်လာမယ်လို့ ယုံကြည်ပါတယ်။ ဒီရလဒ်တွေထွက်လာရင်လည်း ဆက်လက်တိုးတက်အောင် ဆောင်ရွက်သွားရပါမယ်။ အခုလိုဖိုရမ်ကျင်းပပေးတဲ့ အပေါ်မှာ ကျွန်တော့်အနေနဲ့အလွန်ကို အားရပါတယ်။ ဖိုရမ်မှာ ကဏ္ဍပေါင်းစုံ၊ ဌာနဆိုင်ရာပေါင်းစုံနဲ့ချိတ်ဆက်ဆောင်ရွက်နိုင်တာကို တွေ့ရပါတယ်။ ဒါကြောင့် ဒီလိုဖိုရမ်အပြင် တခြားစားသောက်ကုန်ကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆက်လက်ဆောင်ရွက်သွားမှာလည်းဖြစ်ပါတယ်။

**မအေးအေးဝင်း(စားသောက်ကုန်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍအတွက်ပါဝင်ဆွေးနွေးသူ)**

ကျွန်မအနေနဲ့ကတော့ ဖိုရမ်မှာ ဟင်းသီးဟင်းရွက် ထုတ်ကုန်များကဏ္ဍအနေနဲ့ ပါဝင်ဆွေးနွေးခဲ့ပါတယ်။ ဒီဖိုရမ်ကြီးမှာ စားသောက်ကုန်ထုတ်လုပ်တဲ့သူတွေ၊ စားသုံးသူတွေအထိ အသိပညာပေးရေးကိစ္စရပ်တွေ နောက်ပြီး မြန်မာနိုင်ငံရဲ့စားသောက်ကုန်ကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့အတွက် ကြုံတွေ့နေရတဲ့ အခက်အခဲတွေ၊ အားသာချက်တွေ စိန်ခေါ်မှုတွေ၊ တိုးချဲ့နိုင်မယ့်ဈေးကွက်တွေကို အပြန်အလှန်ဖလှယ်ခွင့်ရပြီး နိုင်ငံတော်အဆင့်အထိ တင်ပြခွင့်ရခဲ့တာဖြစ်တဲ့အတွက် ကျွန်မတို့စားသောက်ကုန်ကဏ္ဍအတွက် များစွာတိုးတက်လာပြီး အခွင့်အလမ်းတွေ များစွာရရှိလာမယ်လို့လည်းမြင်မိပါတယ်။ ပြပွဲမှာဆိုရင်လည်း လုပ်ငန်းရှင်တွေအကြား အပြန်အလှန်ချိတ်ဆက်မှုတွေရရှိခဲ့ပါတယ်။ နောက်ပြီး ဖြစ်ပေါ်နေတဲ့အခက်အခဲတွေ၊ ရရှိနိုင်မယ့်မျိုးစေ့တွေ၊ နိုင်ငံအတွက် တစ်နေရာတည်းမှာ အရည်အသွေးကောင်းမွန်တဲ့ကုန်ကြမ်းတွေ၊ စားသုံးသူတွေအတွက်ဘေးအန္တရာယ်ကင်းရှင်းတဲ့ အစားအသောက်တွေ ဖြစ်ပေါ်ဖို့ ဆောင်ရွက်နိုင်ခဲ့တဲ့ဖိုရမ်တစ်ခုလည်းဖြစ်ပါတယ်။ ဒီဖိုရမ်ကြောင့် မြန်မာ့ဈေးကွက်အပြင် ကမ္ဘာ့ဈေးကွက်တွေအထိပါ တင်ပို့မှုတွေ ပိုမိုတိုးတက်လာနိုင်မယ်လို့လည်း မျှော်လင့်မိပါတယ်။ ဒီလိုဖိုရမ်မျိုးက ကျွန်မတို့အတွက် အလွန်ကို အားရှိစေခဲ့ပါတယ်။ စားသောက်ကုန်ထုတ်လုပ်နေတဲ့ ကဏ္ဍပေါင်းစုံကသူတွေအနေနဲ့ တင်ပြချင်တာတွေကို ပြောကြားခွင့်ရတဲ့အတွက် တကယ့်ကို အလားအလာကောင်းတွေဖြစ်ပေါ်တော့မယ်လို့ ခံစားရပါတယ်။ ဒါကြောင့် ဒီလိုဖိုရမ်မျိုးကို နှစ်စဉ်နှစ်တိုင်း ကျင်းပနိုင်မယ်ဆိုရင် စားသောက်ကုန်ထုတ်လုပ်တဲ့သူတွေ၊ ရောင်းချတဲ့သူတွေ၊ စားသုံးသူတွေအတွက် များစွာအကျိုးရှိမယ်လို့ယုံကြည်မိပါတယ်။

**တွေ့ဆုံမေးမြန်း-အောင်ရဲသွင်၊ အေးအေးသန့်**
**ဓာတ်ပုံ-ကိုအေးသန်း**

# ရပ်စောက်မြို့နယ် လယ်တော်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ပထမအကြိမ်ထုတ်ချေး

**ရပ်စောက် ဖေဖော်ဝါရီ ၂၀**

ရှမ်းပြည်နယ်( တောင်ပိုင်း) တောင်ကြီးခရိုင် ရပ်စောက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပထမအကြိမ် ထုတ်ချေးခြင်းကို ဖေဖော်ဝါရီလ ၁၉ ရက်က လယ်တော်ကျေးရွာ၌ ဆောင်ရွက်သည်။

ရှေးဦးစွာ ရပ်စောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးရှေးရယ်က စီမံကိန်းအား ကျေးလက်နေပြည်သူများကိုယ်တိုင် ပိုင်ရှင်စိတ်ဓာတ်ဖြင့် စီမံခန့်ခွဲဆောင်ရွက်နိုင်စေရန်၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ၊ မိသားစုဝင်ငွေတိုးလုပ်ငန်းများနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၏ အောင်မြင်မှုအသီးအပွင့်များ စဉ်ဆက်မပြတ်တည်တံ့နိုင်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဦးစီးအရာရှိ ဒေါ်ခင်နှင်းသက်နှင့်ဝန်ထမ်းများက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကိုရှင်းလင်းဆွေးနွေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက လယ်တော်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်မည့် အသင်းသား၊ အသင်းသူ ၇၆ ဦးကို ပထမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ငွေကျပ်သိန်း ၈၄၀ အား အတိုးနှုန်းသက်သာစွာ နေ့ချင်းပြီးထုတ်ချေးပေးကြောင်း သိရသည်။

**ချိုသန်းညွန့်(ကျေးလက်)**

## “၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ဖြစ်ပေါ်နိုင်သည့် လာနီညာအခြေအနေသတင်း”

(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်)

(က) အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ (Tropical Pacific Ocean)၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အားအနည်းငယ်ရှိသောလာနီညာအခြေအနေတွင် ရှိနေပါသည်။ နိုင်ငံတကာမိုးလေဝသဌာနများ၏ သင်္ချာပုံစံပြုမော်ဒယ်လ်များခန့်မှန်းချက်အရ ဖေဖော်ဝါရီလအတွင်း အားအနည်းငယ်ရှိသော လာနီညာအခြေအနေတွင် ဆက်လက်တည်ရှိနိုင်သည်ဟု ခန့်မှန်းရပါသည်။

(ခ) လာနီညာဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့်ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါလာနီညာဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် အရှေ့ဘက်မှ လေပွေလှိုင်းများတိုက်ခတ်ခြင်း၊ ညအပူချိန်များ အနည်းငယ်လျော့နည်းခြင်းနှင့် မိုးရွာသွန်းမှုမမှန်ခြင်းစသည့် ရာသီဥတုဖြစ်စဉ်များ ဖြစ်ပေါ်လေ့ရှိပါသည်။

(ဂ) လာနီညာဖြစ်ပေါ်မှုနှင့်ပတ်သက်သည့်အခြေအနေများအား အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန်ပေးပို့သွားမည်ဖြစ်ပါသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

# MSME ချေးငွေများလျှောက်ထားနိုင်

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များမှ MSME လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏လုပ်ငန်းတိုးချဲ့ဆောင်ရွက်ခြင်း၊ စက်ပစ္စည်းဝယ်ယူခြင်းနှင့် ကုန်ကြမ်းဝယ်ယူခြင်းတို့အတွက် လိုအပ်သည့်ချေးငွေများကို မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ် (၁၆)ခုတို့မှ ထုတ်ချေးပေးလျက်ရှိပါသည်။ ချေးငွေအတိုးနှုန်းများအနေဖြင့်Fixed Capital အနည်းဆုံး (၃၀%)နှင့်အထက် အသုံးပြုမည့်ချေးငွေအတွက် တစ်နှစ်လျှင်အတိုးနှုန်း ၃ %၊ Working Capital (၁၀၀%) အသုံးပြုမည့်ချေးငွေအတွက် တစ်နှစ်လျှင် အတိုးနှုန်း ၄ % နှင့် Credit Guarantee Insurance– CGI စနစ်ဖြင့် ထုတ်ချေးမည့်ချေးငွေအတွက် တစ်နှစ်လျှင်အတိုးနှုန်း ၅ % တို့ဖြင့် ချေးငွေများလျှောက်ထားနိုင်ပါသည်။ ချေးငွေရယူလိုသည့် MSME လုပ်ငန်းရှင်များအနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် MSME အေဂျင်စီများနှင့်ဆက်သွယ်၍ ချေးငွေများလျှောက်ထားနိုင်ကြောင်း အသိပေးအပ်ပါသည်။

**MSME ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့**

# စစ်ကိုင်းမြို့နယ်၌ ကုလားပဲသီးနှံများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ



**စစ်ကိုင်း ဖေဖော်ဝါရီ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ခုနှစ် ကုလားပဲသီးနှံစိုက်ပျိုးရာသီ၌ ယခင်နှစ်က ၂၆၉၀၉ ဧကစိုက်ပျိုးနိုင်ပြီး ယခုနှစ်တွင် ၂၆၉၁၁ ဧက စိုက်ပျိုးနိုင်ခဲ့ရာ ယခင်နှစ်ထက် ပိုမိုစိုက်ပျိုးနိုင်ပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

"ဒေသနှင့်ကိုက်ညီသော အထွက်ကောင်းမျိုးများပြောင်းလဲသုံးစွဲနိုင်ရေး၊ စိုက်စနစ်မှန်ကန်ရေး၊ ပိုးမွှားရောဂါ ကြိုတင်ကာကွယ်နိုင်စေရန် အတွက် ကွင်းဝန်ထမ်းများမှတစ်ဆင့်နည်းပညာပေးလျက်ရှိပါတယ်" ဟု မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်ကပြောသည်။

ကုလားပဲသီးနှံကို ဖူးပန်းဝင်ချိန် အပင်ပြုစုနည်းများနှင့် ပိုးမွှားရောဂါကြိုတင်ကာကွယ်နည်းများ၊ မျိုးစေ့မချမီနှင့်မျိုးစေ့စီရင်နည်းစနစ်များကို ဆက်တိုက်ပညာပေးကြောင်း၊ ကုလားပဲသီးနှံကို ကျေးရွာအုပ်စု(၆၅)အုပ်စုတွင် စိုက်ပျိုးလျက်ရှိပြီး ယခင်နှစ်ထက် စိုက်ဧကပိုတိုးလာကြောင်း ၎င်းကဆက်ပြောသည်။

စိုက်ပျိုးမြေများတွင် သီးထပ်စိုက်ပျိုးနိုင်လေလေ အကျိုးရှိလေလေဖြစ်သည့်အတွက် သီးထပ်စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ဒေသအလိုက်သီးနှံမျိုးစုံဖြစ်ထွန်းရှင်သန်စေနိုင်မည့် မတူညီသည့် ရာသီဥတု၊ မြေအမျိုးအစား၊ သဘာဝဂေဟစနစ်၊ စိုက်ပျိုးရေးအရင်းအမြစ် စသည့် စိုက်ပျိုးရေးကို အထောက်အကူပြုသည့် အခြေခံကောင်းများ ပြည့်စုံကြွယ်ဝသောနိုင်ငံဖြစ်ကြောင်း၊ တောင်သူများအတွက် ရာသီဥတုနှင့်ကိုက်ညီ၍ အထွက်နှုန်းကောင်းသည့်မျိုးကောင်းမျိုးသန့်ရရှိရေးနှင့် ပြောင်းလဲလာသည့်ခေတ်နှင့်အညီ ခေတ်မီနည်းစနစ်များပြောင်းလဲစိုက်ပျိုးနိုင်ရေးတို့ကို စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများက ကွင်းဆင်းစစ်ဆေးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ဇော်မြင့်နိုင်(ပြန်/ဆက်)**

# နတ်မောက်မြို့၌ အသိပညာပေးဆွေးနွေးဟောပြောပွဲကျင်းပ

**နတ်မောက် ဖေဖော်ဝါရီ ၂၀**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေးဆွေးနွေးဟောပြောပွဲကို ဖေဖော်ဝါရီလ ၂၀ ရက် နံနက်ပိုင်းက လူထုအခြေပြုဗဟိုဌာနဘက်စုံသုံးခန်းမ၌ကျင်းပကြောင်း သိရသည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဥမ္မာခင်က ပြည်သူ့စစ်မှုထမ်းဆိုင်ရာ သိမှတ်ဖွယ်ရာနှင့် ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ၊ လျှော့ပေါ့ခွင့်ရသူများနှင့် ရွှေ့ဆိုင်းခွင့်ရသူများ စသည့်အကြောင်းအရာများကို ကျောင်းသား၊ ကျောင်းသူများအား ဟောပြောဆွေးနွေးသည်။

ထို့နောက် ကျောင်းသား၊ကျောင်းသူများ အသိပညာဗဟုသုတရရှိစေရန် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာသိကောင်းစရာများ၊ သတင်းစကားလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးကြောင်း သိရသည်။ **လှဝင်း**

# အခြေခံပညာကျောင်းများ၌ နှစ်ဆုံးတတ်မြောက်မှုစစ်ဆေးခြင်းစာမေးပွဲ အေးချမ်းစွာစတင်ဖြေဆို

**ကျိုက်မရော ဖေဖော်ဝါရီ ၂၀**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် နှစ်ဆုံးတတ်မြောက်မှုစစ်ဆေးခြင်းစာမေးပွဲကို ဖေဖော်ဝါရီလ ၂၀ ရက် နံနက်ပိုင်းမှစတင်ကာ အခြေခံပညာကျောင်းများ၌ အေးချမ်းစွာ ဖြေဆိုလျက်ရှိကြောင်း သိရသည်။

ကျိုက်မရောမြို့နယ်၌ အခြေခံပညာကျောင်းပေါင်း ၁၄၁ ကျောင်းရှိပြီး နှစ်ဆုံးတတ်မြောက်မှုစစ်ဆေးခြင်းများကို ဖေဖော်ဝါရီလ ၂၀ ရက်မှ ၂၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ကာ မြန်မာစာဘာသာရပ်ကို ကျောင်းသား၊ကျောင်းသူများက အေးချမ်းပျော်ရွှင်စွာ ဖြေဆိုလျက်ရှိကြောင်း သိရသည်။ **ချိုမြတ်မြတ်ထွေး (ကျိုက်မရော)**



# ယခင်နှင့်ယခု

* စပါးမှည့်လျှင်၊ ဟိုယခင်က
ကြိုတင်ဝါးလှဲ၊ တံစဉ်ဆွဲပြီး
ရင်ကွဲမောဟိုက်၊ လူအားစိုက်၍
ချွေးဖြိုက်ဖြိုက်ကျ၊ ရိတ်ကြရ၏။

* ရိတ်စည်းပြီးလျှင်၊ ဟိုယခင်က
လယ်ပြင်မှသည်၊ တလင်းဆီသို့
မှောင်ရီမနား၊ နွားလှည်းများဖြင့်
ပပ်ကြားလမ်းမှ၊ သယ်ကြရ၏။

* တလင်းရောက်လျှင်၊ ဟိုယခင်က
ကွင်းပြင်ဖြန့်ထား၊ ကျွဲနွားများဖြင့်
နဖားတွဲရင်း၊ လှည့်ပတ်နင်းပြီး
နှင်းဖြိုင်ဖြိုင်ညှ၊ နယ်ကြရ၏။

* ကောက်ပြန့်သိမ်းလျှင်၊ ဟိုယခင်က
မြေပြင်စုပုံ၊ အဖျင်းကုန်ရန်
စုန်ဆန်လေလှိုင်း၊ ဆန်ကောဝိုင်းဖြင့်
လူတိုင်းလက်က၊ ယမ်းထုတ်ရ၏။

* ဩော်...ယခုဖြင့်၊ ခလုတ်ဖွင့်၍
လွယ်လင့်တကူ၊ အသင့်ယူရုံ
ချွေးပူမလွှမ်း၊ မပင်ပန်းတော့
စက်ယန္တရား၊ စွမ်းပကားကြောင့်
ကျွဲနွားလူတွေ၊ သက်သာစေပြီ
ရိတ်ခြွေလှေ့ရင်း၊ တစ်ရက်တွင်းပင်
ချက်ချင်းစပါး ဖြစ်တကား။ ။

**စဆနိုင်**

**မြဝတီရုပ်မြင်သံကြားအစီအစဉ်** (၂၁-၂-၂၀၂၅(သောကြာနေ့))

၁။ ၀၆:၀၀ တရားတော်
၂။ ၀၈:၀၀ မျိုးချစ်တပ်မတော်
၃။ ၀၉:၀၀ မြဝတီနေ့စဉ်သတင်း
၄။ ၁၀:၀၀ ကျန်းမာခြင်းအတွက် တွေးခေါ်ခြင်း
၅။ ၁၁:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၆။ ၁၂:၀၀ ရှေးမြန်မာမင်းများ၏ ခေါင်းဆောင်မှု
၇။ ၁၃:၀၀ သာယာသီကြွေး ခေတ်ဆန်းတေး
၈။ ၁၆:၀၀ ကိုယ်လက်လှုပ်ရှားအားကစား
၉။ ၁၇:၀၀ သုတရသစုံလင် ဗဟုသုတပုံပြင်
၁၀။ ၁၈:၃၀ ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ
၁၁။ ၁၉:၀၀ **တောင်ပိုင်း ပိုးလမ်းမသစ်ကြီး တရုတ်-မြန်မာ အခန်းကဏ္ဍ အပိုင်း(၁၇/၁၈)**

# နိုင်ငံပိုင်သယံဇာတများကို မတော်လောဘဖြင့် ဥပဒေမဲ့ခိုးထုတ်ကာ အကြမ်းဖက်နှင့် လက်နက်ကိုင်သောင်းကျန်းမှုများကို ထောက်ပံ့နေမှုအားတိုက်ဖျက်သွားမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

နိုင်ငံတော်သည် နိုင်ငံတော်ရှိမြေအားလုံး၊ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်နှင့်လေထုအတွင်းရှိသယံဇာတပစ္စည်းအားလုံး၏ပင်ရင်းပိုင်ရှင်ဖြစ်သည်ကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အတိအလင်းပြဋ္ဌာန်းထားသည်။ ထို့ပြင် နိုင်ငံပိုင်သယံဇာတပစ္စည်းများအား စီးပွားရေးအင်အားစုများက ထုတ်ယူသုံးစွဲခြင်းကို ကွပ်ကဲကြီးကြပ်နိုင်ရန် လိုအပ်သည့် ဥပဒေပြဋ္ဌာန်းရမည်ဟု အခြေခံဥပဒေတွင်ပြဋ္ဌာန်းထားချက်နှင့်အညီ နိုင်ငံပိုင်သယံဇာတပစ္စည်းများ၏သက်ဆိုင်ရာကဏ္ဍအလိုက် ဥပဒေများလည်း ပြဋ္ဌာန်းထားရှိပြီး သယံဇာတထုတ်ယူခြင်း လုပ်ငန်းများကို သက်ဆိုင်ရာဥပဒေများနှင့်အညီ ဆောင်ရွက်ခွင့်ပြုထားသည်။

သို့ရာတွင် နိုင်ငံတော်အတွင်းရှိ ဒေသအချို့တွင် ဖြစ်ပေါ်လျက်ရှိသော အကြမ်းဖက်တိုက်ခိုက်မှုများ၊ လက်နက်ကိုင်သောင်းကျန်းမှုများကို အခွင့်ကောင်းယူကာ မတော်လောဘစီးပွားရေးသမားများက နိုင်ငံပိုင်သယံဇာတပစ္စည်းများကို ဥပဒေမဲ့ခိုးထုတ်နေကြပြီး အကြမ်းဖက်အုပ်စုများကိုထောက်ပံ့ခြင်း၊ လက်နက်ကိုင်သောင်းကျန်းသူများအား ထောက်ပံ့ခြင်းများကိုလုပ်ဆောင်နေကြသည်။ ထိုသို့သော မတော်လောဘဖြင့် ဥပဒေမဲ့နိုင်ငံပိုင်သယံဇာတပစ္စည်းများကို ခိုးထုတ်ကြရာတွင် ဥပဒေကိုမသိနားမလည်သည့်အပြင် ဆင်းရဲနွမ်းပါးသည့် ဒေသခံပြည်သူများကို ငွေကြေးဖြင့် ဆွဲဆောင်စည်းရုံးကာ အလုပ်လုပ်ကိုင်စေလျက်ရှိကြောင်းကိုလည်း တွေ့ရသည်။ ယင်းသို့လုပ်ကိုင်ခြင်းသည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ အကြမ်းဖက်မှုကို အားပေးမှုမြောက်ကြောင်း ယင်းကဲ့သို့ ဥပဒေမဲ့ခိုးထုတ်မှုများတွင် ဝင်ရောက်လုပ်ကိုင်နေကြသည့်ပြည်သူများ သတိပြုကြရန်လိုပါသည်။

မတော်လောဘဖြင့် နိုင်ငံ၏သယံဇာတပစ္စည်းများကို ဥပဒေမဲ့ ခိုးထုတ်နေကြပြီး အကြမ်းဖက်အုပ်စုများနှင့် လက်နက်ကိုင်သောင်းကျန်းသူများကို ထောက်ပံ့နေမှုများအား နိုင်ငံတော်အနေဖြင့် စိစစ်ဖော်ထုတ်၍ လိုအပ်သလိုတိုက်ဖျက်ဆောင်ရွက်သွားမည်ဖြစ်သည်။ သို့ပါ၍ ပြည်သူများအနေဖြင့် အကြမ်းဖက်အုပ်စုများနှင့် လက်နက်ကိုင်သောင်းကျန်းသူများကို အားပေးထောက်ပံ့မှုပြုနေသည့်ယင်းကဲ့သို့ ဥပဒေမဲ့သယံဇာတခိုးထုတ်သည့် လုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်ခြင်းမှ အထူးသတိပြုရှောင်ရှားကြရန် သက်ဆိုင်ရာကနှိုးဆော်ထားကြောင်း သိရသည်။

(၁၀၀)

# စမုံရေထိန်းတမံပြုပြင်ဆောင်ရွက်နေမှုအခြေအနေများကို ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

သာစည်မြို့နယ်အတွင်း ဖြစ်ပေါ်ခဲ့သည့် ရေကြီးရေလျှံမှုများကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စမုံရေထိန်းတမံအား ပြန်လည်ပြုပြင်တည်ဆောက်လျက်ရှိရာ ဖေဖော်ဝါရီလ ၁၈ ရက် မွန်းလွဲပိုင်း၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့်တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ဒုတိယဝန်ကြီးသည် တမံမြေဖို့ခြင်းလုပ်ငန်း၊ ရေစစ်သဲထည့်ခြင်းလုပ်ငန်း၊ တမံထိပ်ပြင်တွင် ရင်တားနံရံတည်ဆောက်ခြင်းလုပ်ငန်းနှင့် အကူရေပိုလွှဲအောက်ခံအုတ်မြစ်တွင် ကွန်ကရစ်ပိုင်တိုင်ရိုက်သွင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ ကန်ရေမှတ်များ လျင်မြန်စွာမြင့်တက်လာပြီး မူလဒီဇိုင်းပြုသတ်မှတ်ထားသည့် ရေကြီးနှုန်းပမာဏထက်ကျော်လွန်လာသည့် အရေးပေါ်အခြေအနေတွင် ရေကျော်စီးထွက်စေမည့် အလျားပေ ၅၀၀ ရှိ အကူရေပိုလွှဲ (Fuse Plug Spillway) ထည့်သွင်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မြေဖို့ခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် တမံဖို့မြေသတ်မှတ်ချက်ပြည့်မီသည့် မြေအမျိုးအစားဖြင့် စနစ်တကျ ဖို့ကြိတ်ဆောင်ရွက်ရန်နှင့် စိုက်ပျိုးရေလုံလောက်စွာ ပေးဝေနိုင်ရေးအတွက် ဆည်ရေသောက်စနစ်များကို သေချာစွာစီမံဆောင်ရွက်ရန် တာဝန်ရှိသူများကို ဆွေးနွေးမှာကြားသည်။

စမုံရေထိန်းတမံပြန်လည်ပြုပြင်ခြင်းဖြင့် စမုံချောင်း၏ ရေစီးရေလာကိုထိန်းညှိ၍ သာစည်မြို့နယ်နှင့် ဝမ်းတွင်းမြို့နယ်တို့အတွင်းရှိစိုက်ပျိုးမြေဧရိယာများကို စိုက်ပျိုးရေပေးသွင်းခြင်းနှင့် ရေသောက်ဧရိယာအတွင်းရှိ ကျေးရွာများ၏ သောက်သုံးရေကန်များကို ရေဖြည့်တင်းပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီးအတွင်း မြေအောက်တမံ ဆောင်ရွက်ရန်လျာထားသည့် နေရာရွေးချယ်ထားရှိမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ သာစည်မြို့နယ် တောခင်းကျေးရွာအနီး ဆပ်ပြာချောင်းနေရာအားလည်းကောင်း၊ ပျော်ဘွယ်မြို့နယ် ကျောက်ချပ်ကျေးရွာအနီး တမာကိုင်းချောင်းနေရာအားလည်းကောင်း၊ ရမည်းသင်းမြို့နယ် ခံဘူးကျေးရွာအနီး ဝက်သိုးချောင်း နေရာအားလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ထပ်မံစူးစမ်းရန်လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။ ထို့နောက် ခံဘူးကျေးရွာရှိ တောင်သူပိုင်စက်ရေတွင်းများမှ ဆိုလာစနစ်ဖြင့်ရေတင်၍ စိုက်ခင်းအတွင်းရေသွင်းစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# ကယားပြည်နယ်ပြည်သူ့ပါတီ(KySPP)ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် ( ၁ / ၂၀၂၅ )**

၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၈ ရက်

( ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက် )

**ကယားပြည်နယ်ပြည်သူ့ပါတီ (KySPP)ကို**

**နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ အောင်သီဟရပ်ကွက်၊ သဇင်လမ်း၊ ဇ-၁၂၇ တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ကယားပြည်နယ်ပြည်သူ့ပါတီ (KySPP)** ကို ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ကယားပြည်နယ်ပြည်သူ့ပါတီ (KySPP)**၏ မှတ်ပုံတင်အမှတ်မှာ ( ၅၆ ) ဖြစ်ပါသည်။

**(ပုံ)ကိုကို**

**ဥက္ကဋ္ဌ**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ကျောက်မီးသွေးများအား ပြည်ပမှတင်သွင်းခွင့်ပြုမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ပြည်တွင်းရှိ စက်ရုံများ၏ ကုန်ထုတ်လုပ်မှုများတိုးမြှင့်ဆောင်ရွက်နိုင်ရန်နှင့် ဘိလပ်မြေစက်ရုံများ စဉ်ဆက်မပြတ်ကုန်ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သောစက်မှုကုန်ကြမ်းဖြစ်သည့် ကျောက်မီးသွေးများအား ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလမှစတင်၍ ပြည်ပမှတင်သွင်းခွင့်ပြုပေးမည်ဖြစ်ကြောင်းနှင့် လိုအပ်သောဘိလပ်မြေစက်ရုံများအနေဖြင့် သွင်းကုန်လိုင်စင်များလျှောက်ထားနိုင်ပါကြောင်း သတင်းရရှိသည်။ (၅၀၀)

# မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် သရုပ်ပြလေ့ကျင့်ခြင်းအခမ်းအနားကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၀

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် သရုပ်ပြလေ့ကျင့်ခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (C)၌ ကျင်းပရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ အရာထမ်း/ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်တိုင်းမီးသတ်ဦးစီးမှူးရုံး ညွှန်ကြားရေးမှူးက နိုင်ငံတော်ပိုင်အဆောက်အအုံရုံးများ၊ပြည်သူပိုင်အဆောက်အအုံ ရုံးများကို သဘာဝဘေးအန္တရာယ်နှင့် ပေါ့ဆ မီးများကြောင့် ဆုံးရှုံးမှုများမဖြစ်စေရန်နှင့် ပျက်စီးမှုများမှ အမြန်ဆုံးတားဆီးကာကွယ်ပေးနိုင်ရန် မိမိတို့မီးသတ်ဦးစီးဌာန၏ဆောင်ပုဒ်တစ်ခုဖြစ်သည့်မြန်သုံးမြန် (မြန်မြန်သိ၊ မြန်မြန်သွား၊ မြန်မြန်သတ်) ဆိုသည့်အတိုင်း လိုက်နာကျင့်သုံးပြီးလျက်ရှိကြောင်းပြောကြားပြီး ဥတ္တရခရိုင်မီးသတ်ဦးစီးမှူးရုံးမှလက်ထောက်ညွှန်ကြားရေးမှူးက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်စေရေးအတွက် သိသင့်သိထိုက်သည့် အကြောင်းအရာများနှင့် နည်းလမ်းများ၊ အမြန်ဆုံးတားဆီးကာကွယ်နိုင်စေရေး အတွက် အသုံးပြုလျက်ရှိသည့် နည်းလမ်းများ၊ System များ၊ စောင့်ကြည့်ကင်မရာများ၊ စက်ပစ္စည်းများ၊ မော်တော်ယာဉ်များ၊ မီးသတ်ဆေးဘူးများ ကောင်း/ မကောင်း စစ်ဆေးနည်းနှင့် အသုံးပြုနည်းများ အကြောင်းသိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က အသိပညာပေးဟောပြောခြင်းနှင့် သရုပ်ပြလက်တွေ့သင်ကြားပေးခဲ့သည့် မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများကို



အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်ပြီး မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ ဝန်ထမ်းများက သရုပ်ပြလက်တွေ့လေ့ကျင့်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# စစ်ကိုင်းတိုင်းဒေသကြီး မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဝင်များအား ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် တွေ့ဆုံ





နေပြည်တော် ဖေဖော်ဝါရီ ၂၀

မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် စစ်ကိုင်းတိုင်းဒေသကြီး မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့်အတူ ယနေ့နံနက် ၁၀ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးအစိုးရအဖွဲ့ အဖွဲ့ဝင်များ၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ်မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီဝင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက စစ်ကိုင်းတိုင်းဒေသကြီးအနေဖြင့် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူခဲ့မှုနှင့် ယခုအခါ အဆိုပါစာရင်းများ၏ လူဦးရေအချက်အလက်များ ပြည့်စုံမှန်ကန်ရေးအတွက် စိစစ်ဆောင်ရွက်နေမှု၊ အချက်အလက်များ ကွဲလွဲမှုနှင့်မပြည့်စုံမှု၊ အချက်အလက်များ ထပ်နေမှုနှင့်မပါရှိမှုမဖြစ်ပေါ်စေရေးအတွက် မြို့နယ်အဆင့်မှသည် ခရိုင်၊ တိုင်းဒေသကြီးစသည့် မြေပြင်ကွင်းဆင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဝင်များက အဆင့်ဆင့် စိစစ်အတည်ပြုဆောင်ရွက်၍ သတ်မှတ်ရက်အရောက် တင်ပြဆောင်ရွက်ရေး၊ ယခုအခါ ပြည်လုံးကျွတ်သန်းခေါင်စာရင်း၏ ရှေ့ပြေးလူဦးရေစာရင်းထုတ်ပြန်ပြီးစီးမှုနှင့် ယင်းအချက်အလက်များအား မြေပြင်ကွင်းဆင်းစာရင်းကောက်ယူခဲ့သည့် အချက်အလက်များနှင့် နှိုင်းယှဉ်သုံးသပ်ဆောင်ရွက်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြေပြင်ကွင်းဆင်းစာရင်းကောက်ယူခဲ့သည့် လူဦးရေစာရင်းအချက်အလက်များ ပြည့်စုံမှန်ကန်ရေးအတွက် စိစစ်ပြင်ဆင်အတည်ပြုဆောင်ရွက်နေမှုနှင့် သတ်မှတ်ရက်အရောက် တင်ပြဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်နေမှု၊ ပန်းခင်းစီမံချက် အဆင့်(၃)လျာထားချက်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်သွားမည့်အစီအစဉ်၊ လုပ်ငန်းများ အချိန်မီပြီးစီးရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကိုရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် တိုင်းဒေသကြီးကြီးကြပ်မှုကော်မတီဝင်များက လုပ်ငန်းကဏ္ဍအလိုက် ကြိုးပမ်းဆောင်ရွက်နေမှုကို ရှင်းလင်းဆွေးနွေးကြရာ ဆွေးနွေးမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန စစ်ကိုင်းတိုင်းဒေသကြီး ဦးစီးမှူးရုံး၌ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အတွက် လက်ငင်းဦးစားပေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ယင်းလုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် ဒေသအာဏာပိုင်များ၊ အခြားသောဆက်စပ်ဝန်ကြီးဌာနအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုနှင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ကျရာတာဝန်များကို အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ အကျယ်တဝင့်ရှင်းလင်းမှာကြားပြီး ဝန်ထမ်းများ၏လုပ်ငန်းဆိုင်ရာ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းကာ ဝန်ထမ်းများအတွက် ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် ရုံးအဆောက်အအုံအခြေအနေနှင့် ရုံးဝင်းအတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

# ပုသိမ်မြို့ရှိ အခြေခံပညာ၊ ပညာရေးဒီဂရီကောလိပ်နှင့် ပုသိမ်တက္ကသိုလ်တို့မှ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ တွေ့ဆုံဆွေးနွေး



ရန်ကုန် ဖေဖော်ဝါရီ ၂၀

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပုသိမ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ရတနာတန်ဆောင်ခန်းမ၌ တိုင်းပညာရေးမှူး၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများ၊ ပုသိမ်မြို့ပေါ်ရှိ အလယ်တန်း၊ အထက်တန်းကျောင်းအုပ်ကြီးများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက အတန်းတင်စာမေးပွဲများ ကျင်းပလျက်ရှိပြီး မကြာမီ တက္ကသိုလ်ဝင်စာမေးပွဲများ ကျင်းပတော့မည်ဖြစ်ရာ စာမေးပွဲစည်းမျဉ်းစည်းကမ်းများနှင့်အညီ အမှားအယွင်းမရှိအောင်အထူးဂရုပြု၍ အလေးထားကြပ်မတ်ဆောင်ရွက်ကြစေလိုကြောင်း၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများအနေဖြင့် စာမေးပွဲကာလအတွင်း ထူးခြားဖြစ်စဉ်များဖြစ်ပွားပါက သက်ဆိုင်ရာသို့ အဆင့်ဆင့် ချက်ချင်းတင်ပြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတို့တွင် ကျောင်းသား၊ ကျောင်းသူများ နှစ်ဆုံးစာမေးပွဲဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက် ပုသိမ်ပညာရေးဒီဂရီကောလိပ်၌ ကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများသည် ပုသိမ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များ၊ ဆရာ၊ ဆရာမများ၊ အရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံကာ တက္ကသိုလ်များတွင် စာမေးပွဲဖြေဆိုရာ၌ မေးခွန်းများ အမှားအယွင်းမရှိအောင် အထူးဂရုပြု၍ အလေးထားကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များအနေဖြင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုနေစဉ်အတွင်း စာစစ်ဌာနများသို့ လှည့်လည်စစ်ဆေးခြင်းဖြင့်ကူညီဆောင်ရွက်ပေးကြစေလိုကြောင်း ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ (၅၀၀)

# လျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်းသင်တန်း ဖွင့်လှစ်ပို့ချနေမှုကို ဒုတိယဝန်ကြီး ဦးဝင်းရှိန် ကြည့်ရှုအားပေး

ရန်ကုန် ဖေဖော်ဝါရီ ၂၀

အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် ရန်ကုန်တိုင်းဒေသကြီးရှိ အလုပ်သမားရေးရာ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ရန်ကင်းမြို့နယ်ရှိကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(ရန်ကင်း)၌ လျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်းသင်တန်းအမှတ်စဉ်(၁/၂၀၂၅) ဖွင့်လှစ်ပို့ချနေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။



ထို့နောက် ဒုတိယဝန်ကြီးက သင်တန်းဆင်းများနှင့် လုပ်ငန်းခွင်ရှိ ကျွမ်းကျင်လုပ်သားများအနေဖြင့် မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှုစံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့၏ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များရယူနိုင်ရန် ဦးစီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ရေးအလေးထားဆောင်ရွက်ရန်လိုကြောင်း၊ သင်တန်းဆင်းများအတွက် သင့်တော်ကောင်းမွန်သောအလုပ်အကိုင်များရရှိစေရေး မြို့နယ်အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများ၊ လုပ်ငန်းရှင်အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် လျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်းသင်တန်းမှ သင်တန်းသားများနှင့်တွေ့ဆုံ၍ သင်တန်းသားများအနေဖြင့် သင်ကြားပို့ချပေးသည့် စာပေပညာနှင့် လက်တွေ့သင်ခန်းစာများကို နာယူစိတ်ဖြင့်လေ့လာသင်ယူကြရန်နှင့် လက်တွေ့လုပ်ငန်းခွင်များတွင် ထိရောက်စွာပြန်လည်အသုံးချလုပ်ကိုင်ကြရန် မှာကြားခဲ့ကြောင်းသိရသည်။ (၅၀၀)

# ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ ဆဋ္ဌမအကြိမ် ထမနဲထိုးပြိုင်ပွဲကျင်းပ





နေပြည်တော် ဖေဖော်ဝါရီ ၂၀

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ ဆဋ္ဌမအကြိမ် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်၊ တာဝန်ရှိသူများနှင့်ဝန်ထမ်းများ ပျော်ရွှင်စွာ စုပေါင်းပါဝင်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယနေ့ ကျင်းပသည့် ထမနဲထိုးပြိုင်ပွဲသည် မြန်မာ့ရိုးရာအစဉ်အလာနှင့်အညီ ကျင်းပခြင်းဖြစ်ပြီး ဝန်ထမ်းများအကြား ချစ်ကြည်ရင်းနှီးမှု၊ ပျော်ရွှင်မှု၊ စုပေါင်းညီညွတ်မှု၊ တရားမျှတစွာယှဉ်ပြိုင်တတ်မှု၊ သန့်ရှင်းသပ်ရပ်မှုတို့ကို ဖော်ဆောင်သည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဝန်ကြီးဌာနရှိ ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ ပြိုင်ပွဲဝင်အသင်းများက အားကြိုးမာန်တက်ယှဉ်ပြိုင်ကြသည်။ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်းများ၏ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို လိုက်လံကြည့်ရှုအားပေးကြပြီး ဝန်ထမ်းများကလည်း အိုးစည်ဒိုးပတ်များဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် သီဆိုတီးခတ်၍ အားပေးကြသည်။

ပြိုင်ပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်တို့က ဆုရရှိသည့်အသင်းများကို ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ (၅၀၀)

# သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၀

မြန်မာ့ဓလေ့ရိုးရာယဉ်ကျေးမှုအစဉ်အလာကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ဝန်ထမ်းအချင်းချင်း မိသားစုစိတ်ဓာတ်ဖြင့် စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်တတ်စေရန်ရည်ရွယ်၍ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ (၁၇) ကြိမ်မြောက် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ သစ်တောဦးစီးဌာန ဦးစီးရုံးချုပ် ရုံးအမှတ် (၃၉) ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပြိုင်ပွဲဝင်အသင်းများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြပြီး ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို ဖွင့်လှစ်ပေးပြီး ဦးစီးဌာန၊ လုပ်ငန်းနှင့် တက္ကသိုလ်တို့မှ ပြိုင်ပွဲဝင်အသင်း ၁၂ သင်း၏ ထမနဲထိုးယှဉ်ပြိုင်နေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးက ပြိုင်ပွဲတွင် ပထမဆုရရှိသော မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းအသင်းအားလည်းကောင်း၊ အမြဲတမ်းအတွင်းဝန်က ဒုတိယဆုရရှိသော မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းအသင်းအားလည်းကောင်း၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က တတိယဆုရရှိသော မြေတိုင်းဦးစီးဌာနအသင်းအားလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ပြီး ကျန်အသင်းများအား နှစ်သိမ့်ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)



# အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုအကဲဖြတ်ကော်မတီ(NAQAC) စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် ဖေဖော်ဝါရီ ၂၀

အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုအကဲဖြတ်ကော်မတီ (NAQAC) စတုတ္ထအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ပညာရေးနှင့် ဆက်စပ်ဝန်ကြီးဌာနကိုးခုမှ ကော်မတီဝင်များ တက်ရောက်ကြသည်။


အစည်းအဝေးတွင် ဒုတိယဝန်ကြီးက NAQAC သည် မြန်မာနိုင်ငံရှိ တက္ကသိုလ်များနှင့် ဘာသာရပ်သင်တန်းများ၏ သင်ကြားသင်ယူမှုအရည်အသွေး၊ ပညာတတ်များမွေးထုတ်ရေး၊ ဘွဲ့ရပညာတတ်အရည်အသွေးနှင့် သုတေသနစွမ်းဆောင်ရည်မြင့်မားရေးအတွက် အရည်အသွေးအာမခံမှုကို ကွပ်ကဲထိန်းကျောင်းပေးရသည့်အဖွဲ့အစည်းဖြစ်သဖြင့် အမြဲရှင်သန်ထက်မြက်နေရန်လိုအပ်ကြောင်း၊ အာဆီယံတက္ကသိုလ်များကွန်ရက် အရည်အသွေးအာမခံမှုစနစ် (AUN-QA) အကဲဖြတ်မှုလမ်းညွှန်စာအုပ်ကို ပြုစုဖြန့်ဝေနိုင်ခဲ့ပြီး ဆက်လက်၍ NAQAC ၏ အမျိုးသားပညာရေးအဆင့်အတန်းအကဲဖြတ်မှုလုပ်ငန်းစဉ် (NAQAC Accreditation Process) ဆိုင်ရာမူဝါဒများ သတ်မှတ်အတည်ပြုကာ NAQAC ၏ စစ်ဆေးအကဲဖြတ်မှုလက်စွဲ(NAQAC Assessment Manual) ကို ပြုစု၍ သင်တန်းပေးလေ့ကျင့်နိုင်ရေး ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုအကဲဖြတ်ကော်မတီအတွင်းရေးမှူး ဒေါက်တာကြည်ရွှင်က NAQAC က ဆောင်ရွက်ပြီးစီးသောလုပ်ငန်းများကိုတင်ပြရှင်းလင်းပြီး တက်ရောက်လာကြသူများက ASEAN Qualifications Reference Framework Committee နှင့် ဆက်စပ်လုပ်ငန်းများ၊ ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးဆုံးဖြတ်ခဲ့ကြောင်းသိရသည်။

(သတင်းစဉ်)

**❑ ကျောဖုံးမှအဆက်**

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အချိန်အခါမဟုတ် မိုးရွာခြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ (မိုး/ဇလ)




## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၂။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၃။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၄။ Myawady Webportal
https://myawady.net.mm

၅။ Myanmar National Portal
https://myanmar.gov.mm

# ပြည်တွင်းဖြစ် စားသုံးဆီများ စားသုံးကြစို့လား

မျိုးသူ(ကုန်သွယ်မြှင့်)

**မြန်မာနိုင်ငံ၏ ဆီလိုအပ်မှုအခြေအနေ**

လူတစ်ဦး တစ်နေ့ဆီ ၁ ဒသမ ၇ ကျပ်သားနှုန်း စားသုံးသည်ဟုတွက်ပါက လူတစ်ဦးသည် တစ်နှစ်လျှင် ၆ ပိဿာ စားသုံးပါသည်။ ၂၀၂၄ ခုနှစ် စာရင်းအရ မြန်မာနိုင်ငံ၏ လူဦးရေ ၅၁ ဒသမ ၃ သန်းကျော်ဖြင့် ဆိုပါက တစ်နှစ်လျှင် ဆီတန်ချိန် ၅ သိန်းကျော် လိုအပ်မည်ဖြစ်သည်။ စားသောက်ကုန်ထုတ်လုပ်သည့် လုပ်ငန်းများ၊ စားသောက်ဆိုင်များ၊ ဟိုတယ် မိုတယ်တည်းခိုခန်းများ၊ တိရစ္ဆာန်အစားအစာတွင် အသုံးပြုမှုများနှင့် အခြားသောအသုံးပြုမှုများ အရ တစ်နှစ်လျှင်တန်ချိန် ၃-၄ သိန်းခန့် လိုအပ်မည်ဟု ခန့်မှန်းသည်။ သို့ဖြစ်၍ တစ်နှစ်လျှင် မြန်မာနိုင်ငံ၏ ဆီလိုအပ်ချက်မှာ တန်ချိန် ၈ သိန်းမှ ၉ သိန်းခန့် လိုအပ်မည်ဖြစ်သည်။ အဆိုပါ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် ၂၀၂၀ ပြည့်နှစ်မတိုင်မီက တစ်နှစ်လျှင် စားသုံးဆီတန်ချိန် ၈ သိန်းကျော် တင်သွင်းခဲ့ပြီး နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာသန်း ၆၀၀ ကျော်အထိ ကုန်ကျခဲ့သည်။

**စားအုန်းဆီ**

စားအုန်းဆီသည် ဆီအုန်းပင်များမှ ထွက်ရှိပြီး ဆီထွက်သီးနှံများတွင် ဆီထုတ်လုပ်နိုင်မှု အများဆုံးဖြစ်ခြင်းကြောင့် စားသုံးဆီများတွင် စားအုန်းဆီသည် နေရာရရှိလာသည်ကို တွေ့နိုင်သည်။ မြန်မာနိုင်ငံသို့ စားအုန်းဆီကို ၁၉၇၆ ခုနှစ်ခန့်မှ စတင်တင်သွင်းခဲ့သည်ဟု သိရသော်လည်း အများအပြား တင်သွင်းလာသည်မှာ ၁၉၉၀ ပြည့်နှစ်တွင်မှဖြစ်သည်။ ထိုစဉ်က စားအုန်းဆီသည် ဈေးနှုန်းသက်သာခြင်းကြောင့် ဝင်ငွေနည်းသော လုပ်သားပြည်သူများအတွက် ဈေးသက်သက်သာသာဖြင့် စားသုံးနိုင်ရန် ရည်ရွယ်ခဲ့ခြင်းဖြစ်သည်။

**စားသုံးဆီတစ်မျိုးချင်း၏ အားသာချက် အားနည်းချက်များ**

စားသုံးဆီတစ်မျိုးချင်းအနေဖြင့် အားသာချက်၊ အားနည်းချက်များရှိကြသည်။ ထိုအထဲတွင် စားသုံးဆီများအကြောင်း သိထားသင့်သည်မှာ စားသုံးဆီတိုင်းတွင် ပြည့်ဝဆီ (Saturated fatty acid)၊ မိုနိုမပြည့်ဝဆီ (Monounsaturated fatty acid) နှင့် ပိုလီမပြည့်ဝဆီ (Polyunsaturated fatty acid) ဟူသော အမျိုးအစားသုံးမျိုးသာပါဝင်ကြသည်။ ပြည့်ဝဆီ (Saturated fatty acid) ပါဝင်မှုများသော ဆီသည် ကျန်းမာရေးကို များစွာထိခိုက်စေနိုင်သည်။ မိုနိုမပြည့်ဝဆီ (Monounsaturated fatty acid) နှင့် ပိုလီမပြည့်ဝဆီ (Polyunsaturated fatty acid) များသည် ကျန်းမာရေးအတွက်ကောင်းမွန်သည်။ မပြည့်ဝဆီထဲတွင် ပါဝင်သော အိုမီဂါ- ၃ သည် ကျန်းမာရေးအတွက် အထူးကောင်းမွန်သည်ဟုဆိုသည်။ ထိုအထဲတွင် ပြည့်ဝဆီ (Saturated fatty acid) ပါဝင်မှုများသော ဆီများမှာ ဝက်ဆီ၊ အမဲဆီနှင့် စားအုန်းဆီတို့ဖြစ်ကြပြီး အဆိုပါဆီများကို စားသုံးပါက လူ့ခန္ဓာကိုယ်၏ သွေးကြောများကိုကျဉ်းစေကာ နှလုံးသွေးကြောကျဉ်းရောဂါ၊ သွေးတိုးရောဂါနှင့် လေဖြတ်ရောဂါတို့ကိုဖြစ်ပေါ်စေသည်ဟုဆိုသည်။

ထိုအချက်အပြင် အရေးကြီးသောအချက်တစ်ခုမှာ စားသုံးဆီများ၏ အရည်အသွေးတစ်ခုအဖြစ် သတ်မှတ်ထားသော အိုင်အိုဒင်းတန်ဖိုး (Iodine Value – IV) ပါဝင်မှုရာခိုင်နှုန်းဖြစ်သည်။ အိုင်အိုဒင်းတန်ဖိုးသည် ပြည့်ဝဆီ၊ မပြည့်ဝဆီတို့နှင့် သက်ဆိုင်နေ၍ ပြည့်ဝဆီများလေလေ အိုင်အိုဒင်းတန်ဖိုးနည်းလေလေဖြစ်ပြီး ပြည့်ဝဆီနည်း၍ မပြည့်ဝဆီများလေလေ အိုင်အိုဒင်းတန်ဖိုးများလေလေဖြစ်သည်။ ထို့ကြောင့် စားသုံးဆီများကို စားသုံးရန်အတွက် ရွေးချယ်မည်ဆိုပါက အိုင်အိုဒင်းတန်ဖိုးများသော ဆီများကိုသာ ရွေးချယ်စားသုံးသင့်သည်ဟု အကြံပြုလိုသည်။ ပြည်တွင်း၌ အများဆုံးထုတ်လုပ်သော စားသုံးဆီများဖြစ်သည့် မြေပဲဆီ၊ နှမ်းဆီနှင့် နေကြာဆီတို့သည် အာဟာရဓာတ်များစွာ



ရှိသည်ကို အများသိရှိပြီးဖြစ်သည်။ ထိုဆီများနှင့် နိုင်ငံခြားငွေများသုံးစွဲပြီး တင်သွင်းနေရသော စားအုန်းဆီတို့ကို နှိုင်းယှဉ်၍တင်ပြလိုသည်။

မြေပဲဆီကို ပထမဦးစွာ ကြည့်မည်ဆိုပါလျှင် မြေပဲဆီတွင်ပါဝင်သော အာဟာရဓာတ် မိုနိုမပြည့်ဝဆီ ၄၆ ဂရမ်၊ ပိုလီမပြည့်ဝဆီ ၃၂ ဂရမ်ပါဝင်ပြီး ကျန်းမာရေးအတွက် မကောင်းသော ပြည့်ဝဆီမှာ ၁၇ ဂရမ်ခန့်သာ ပါဝင်သည်ဟုသိရသည်။ မြေပဲ၏အားသာချက်တစ်ခုမှာ အချို့သောဆီများကဲ့သို့ အရောင်အနံ့ချွတ်ရန်မလိုအပ်ဘဲ သဘာဝအတိုင်း ကြိတ်ခွဲထုတ်လုပ်နိုင်သဖြင့် သဘာဝအရောင်အရသာများအတိုင်းရရှိစေသည်။ မြေပဲဆီတွင် ကိုလက်စထရော မပါဝင်သကဲ့သို့ ကျန်းမာရေးအတွက် လိုအပ်သော ဗီတာမင်အီးနှင့် သွပ်ဓာတ်များပါဝင်ကြသည်။

မြေပဲတွင် အဓိကသတိပြုရမည်မှာ မခြောက်သွေ့လျှင် အာဖလာတောက်ဆင်မှိုဆိပ် ပါဝင်လာမည်ဖြစ်သည်။ အိုင်အိုဒင်းတန်ဖိုးမှာ ၈၅ မှ ၁၁၀ ဂရမ်/ ၁၀၀ ဂရမ်အထိပါဝင်သည်။ ထို့ကြောင့် ရောနှောဆီအဖြစ် အခြား အိုင်အိုဒင်းတန်ဖိုးနိမ့်သောဆီ (ဥပမာ- စားအုန်းဆီ အိုင်အိုဒင်းတန်ဖိုး ၅၈) ဖြင့် ရောနှောပါက ရောနှောဆီသည် စားအုန်းဆီသက်သက်ထက် အရည်အသွေးတက်လာမည်ဖြစ်သည်။ မြေပဲဆီကို မြန်မာနိုင်ငံတွင် လူကြိုက်အများဆုံးဆီအဖြစ် သတ်မှတ်ရမည်ဖြစ်သည်ကို တွေ့ရှိနိုင်သည်။ စိုက်ပျိုးထုတ်လုပ်မှုတွင်လည်း အများဆုံးစိုက်ပျိုးထုတ်လုပ်ခြင်း၊ စိတ်ချရသော နာမည်ကြီး ဆီစက်ကြီးများကလည်း မြေပဲဆီများ ကြိတ်ခွဲဖြန့်ဖြူးနေခြင်းတို့ကြောင့် မြန်မာနိုင်ငံအတွက်ဆိုပါက မြေပဲဆီကို စားသုံးရန် အသင့်ဆုံးအခြေအနေဖြစ်သည်ဟု ဆိုနိုင်သည်။ စားသုံးဆီဖူလုံပါက မြေပဲဆီကိုသာ လူထုကရွေးချယ်စားသုံးကြမည်မှာ သေချာလျက်ရှိသည်။

ပုံမှန်နေကြာဆီ ၁၀၀ ဂရမ်တွင် ပိုလီမပြည့်ဝဆီ (အိုမီဂါ-၃နှင့် အိုမီဂါ-၆) ၆၅ ဒသမ ၇ ဂရမ်၊ မိုနိုမပြည့်ဝဆီ (အိုမီဂါ-၉၊ အိုးလီရစ်အက်စစ်) ၁၉ ဒသမ ၅ ဂရမ်၊ ပြည့်ဝဆီ ၁၀ ဒသမ ၃ ဂရမ်တို့ ပါဝင်သည်။ နေကြာဆီ၏ ရူပဓာတုဂုဏ်သတ္တိများတွင် အိုင်အိုဒင်းတန်ဖိုး ၇၈ မှ ၁၂၂ ဂရမ်/ ၁၀၀ ဂရမ်အထိ ပါဝင်နေသည်ကို တွေ့ရကြောင်းသိရသဖြင့် နေကြာဆီသည် မြေပဲဆီထက်ပင် ကျန်းမာရေးနှင့် ညီညွတ်သည်ဟု ဆိုနိုင်သည်။ နေကြာဆီ၏ အားသာချက်တစ်ခုမှာ အာဖလာတောက်ဆင်မှိုဆိပ် လုံးဝကင်းစင်ခြင်းဖြစ်သည်ဟု သိရသည်။ မှိုဆိပ်ကင်းစင်သည့်အပြင် ဗီတာမင်ကေနှင့် ဗီတာမင်အီး ကြွယ်ဝခြင်း၊ ကျန်းမာရေးအတွက် အထူးကောင်းမွန်သည့် အိုမီဂါ-၃ နှင့် အိုမီဂါ-၉ တို့ များစွာပါဝင်သည်။ နေကြာဆီကို ဆီပါးသည်ဟု ယူဆကြသော်လည်း အမှန်မှာ နေကြာဆီသည် အနံ့၊ အရသာကောင်းမွန်သဖြင့် ချက်ပြုတ်ခြင်းအပြင် ကြော်လှော်သည့်နေရာတွင်လည်း သုံးစွဲနိုင်သည်။

နှမ်းဆီ ၁၀၀ ဂရမ်တွင် ပါဝင်သော အာဟာရဓာတ်များတွင် မိုနိုမပြည့်ဝဆီ အိုးလီရစ်အက်စစ် ၄၂ ဂရမ်၊ ပိုလီမပြည့်ဝဆီ လီနိုလီရစ်အက်စစ် ၄၃ ဂရမ်၊ ပြည့်ဝဆီ ၁၅ ဂရမ်နှင့် ဗီတာမင်ကေနှင့်အီးတို့ ပါဝင်ကြသည်။ ကိုလက်စထရောလည်း မပါဝင်ပါ။ အိုင်အိုဒင်းတန်ဖိုးမှာလည်း ၁၀၄ မှ ၁၂၀ ဂရမ်/၁၀၀ ဂရမ်အထိ ပါဝင်ကြသည်။ နှမ်းဆီကို မြန်မာနိုင်ငံ အလယ်ပိုင်း မကွေးတိုင်းဒေသကြီးတွင် အများဆုံး စိုက်ပျိုးသကဲ့သို့ မက်မက်မောမော စားသုံးကြသည်။ ရိုးရာတိုင်းရင်းဆေးအဖြစ် သုံးစွဲလေ့ရှိပြီး အိန္ဒိယတွင် လိမ်းဆေးအဖြစ်လည်း သုံးစွဲလေ့ရှိသည်။

နှမ်းဆီကိုကြော်ရာတွင် အမြှုပ်ထွက်များသည် ဟုဆိုကာ အိမ်ရှင်မများက ကြိုက်နှစ်သက်မှုနည်းတတ်သော်လည်း အမှန်အားဖြင့် နှမ်းဆီ၏ ဆီခိုးမှတ်မှာ ၃၅၀ မှ ၄၅၀ ဒီဂရီဖာရင်ဟိုက်အထိ ရှိသဖြင့် ကောင်းစွာကြော်လှော်နိုင်သည်။ ယခုအခါ ဆီစက်များ၏ အရည်အသွေးတိုးတက်လာသဖြင့် နှမ်းဆီကောင်းများ ပိုမိုရရှိလာပြီး နှမ်းဆီကို ကောင်းစွာသုံးစွဲနိုင်ပြီဖြစ်သည်။ နှမ်းလှော်ဆီမွှေးသည် များစွာတန်ဖိုးရှိသဖြင့် ပြည်တွင်းဖူလုံမှုအတွက် အပြင် ပြည်ပတင်ပို့ရေးအတွက်လည်း နှမ်းဆီကို ကြိတ်ခွဲထုတ်လုပ်သင့်သည်။

စားရန်သင့်တော်သော ဆီတစ်မျိုးမှာ ပဲပုပ်ဆီ (Soybean Oil) ဖြစ်သည်။ အဆိုပါဆီကို ဆီစက်သမားများက ပဲပိစပ်ဆီဟုလည်း အမည်ပေးတတ်ပါသည်။ "ပုပ်" ဆိုသော စကားလုံးနှင့် အသံထွက်ကို မသုံးလိုသဖြင့် ပြောင်းလဲသုံးစွဲခြင်းဖြစ်နိုင်သည်။ မည်သို့ပင်ခေါ်တွင်စေကာမူ အဆိုပါ Soybean Oil ၁၀၀ ဂရမ်တွင် ပိုလီမပြည့်ဝဆီ [ လီနိုလီရစ်အက်စစ် (အိုမီဂါ-၆) ၅၀ ဂရမ်နှင့် (အိုမီဂါ- ၃) ၁၀ ဂရမ်] ၆၀ ဂရမ်၊ မိုနိုမပြည့်ဝဆီ (အိုးလီရစ်အက်စစ် အိုမီဂါ-၉) ၂၅ ဂရမ်၊ ပြည့်ဝဆီ ၁၅ ဂရမ်၊ ဗီတာမင်အီးနှင့် ဗီတာမင်ကေ အနည်းငယ်ပါဝင်သည်။ အိုင်အိုဒင်းတန်ဖိုးမှာ အလွန်မြင့်မားပြီး ၁၂၀-၁၃၆ ဂရမ်/ ၁၀၀ ဂရမ်အထိ ရှိသည်ဟုသိရှိရသည်။ ပဲပုပ်ဆီသည် ကျန်းမာရေးအတွက်လည်း ကောင်းမွန်ကြောင်းသိရသည်။

အထက်ပါ မြေပဲဆီ၊ နေကြာဆီ၊ နှမ်းဆီနှင့် ပဲပုပ်ဆီတို့အပြင် ပန်းနှမ်းဆီ၊ ဖွဲနုဆီနှင့် ပြောင်းဆီတို့မှာလည်း မြန်မာနိုင်ငံအတွင်း ထုတ်လုပ်နိုင်ကြပြီး စားသုံးရန်သင့်တော်သည့်အပြင် ကျန်းမာရေးနှင့် ညီညွတ်ခြင်း၊ အရွယ်တင်နုပျိုခြင်းစသော အချက်များကိုလည်း ၎င်းဆီများထဲတွင်တွေ့နိုင်သည်။

ပြည်တွင်း၌ အနည်းငယ်သာထုတ်လုပ်နိုင်ပြီး ဈေးသက်သာသဖြင့် ပြည်ပမှ တင်သွင်းနေရသည့် စားအုန်းဆီနှင့်ပတ်သက်၍ သိထားသင့်သည်များကို တင်ပြလိုပါသည်။ စားအုန်းဆီသည် အုန်းဆီပြီးလျှင် ပြည့်ဝဆီပါဝင်မှုအများဆုံးဆီဖြစ်သည်။ အုန်းဆီထက်နိမ့်သည်ဆိုသော်လည်း အုန်းဆီတွင်ပါဝင်သော ပြည့်ဝဆီမှာ ကျန်းမာရေးအတွက် သင့်တော်ပြီး စားအုန်းဆီတွင်ပါဝင်သော ပြည့်ဝဆီမှာမူ မကောင်းကျိုးဘက်သို့ ပိုမိုရောက်သည်ဟု ဆိုနိုင်ကြောင်းသိရသည်။ စားအုန်းဆီ ၁၀၀ ဂရမ်တွင် ပြည့်ဝဆီ ၅၄ ဒသမ ၃ ဂရမ်၊ မိုနိုမပြည့်ဝဆီ ၃၆ ဒသမ ၆ ဂရမ်နှင့် ပိုလီမပြည့်ဝဆီ ၉ ဂရမ်ခန့်သာပါဝင်သည်။ အခြားသော ဗီတာမင်ဓာတ်များလည်း ပါဝင်မှုမရှိဟုသိရသည်။ အိုင်အိုဒင်းတန်ဖိုးမှာ ပုံမှန်အားဖြင့် ၅၀ မှ ၅၅ ဂရမ်ခန့်သာ ပါဝင်တတ်သည်။

ယခုတင်သွင်းသော စားအုန်းဆီမှာ စားသုံးသူများအတွက် သင့်တင့်သော အရည်အသွေးရစေရန် အိုင်အိုဒင်းတန်ဖိုး ၅၈ ဂရမ် တင်သွင်းထားခြင်းဖြစ်သည်။ ထို့ကြောင့် သာမန်စားအုန်းဆီထက် ဈေးအနည်းငယ်မြင့်နေခြင်းဖြစ်သည်။

စာမျက်နှာ ၁၄ သို့ ❑

❑ စာမျက်နှာ ၁၃ မှအဆက်

နယ်စပ်မှဝင်သော ပုစွန်နှစ်ကောင်အစရှိသော စားအုန်းဆီများမှာ အရည်အသွေးစစ်ဆေးထားခြင်း မရှိကြပါ။ “စားအုန်းဆီနှင့် ကျန်းမာရေးအန္တရာယ်” ဟု ဒေါက်တာခင်မောင်လွင် (Fame) က သူ၏ ဆောင်းပါးပေါင်းချုပ်စာအုပ်တွင်ဖော်ပြထားပါသည်။ ဖော်ပြထားသောအချက်များမှာ စားအုန်းဆီတွင် ပါဝင်သော ပြည့်ဝဆီ၌ ပါဝင်သည့်အက်စစ်မှာ ပါမစ်တစ်အက်စစ်ဖြစ်ပြီး ပြည့်ဝဆီ (၅၄ ဒသမ ၃ ဂရမ်တွင်) ၄၄ ဂရမ်အထိ ပါဝင်နေသည်ကို တွေ့ရသည်။


အဆိုပါဆီသည် အစားအသောက်များမှတစ်ဆင့် လူ့ခန္ဓာကိုယ်အတွင်းရောက်ပါက အသည်းမှ တစ်ဆင့် အယ်ဒီအယ်လ်ကိုလက်စထရောများကို ထုတ်လုပ်ပေးရန် ကုန်ကြမ်းများအဖြစ် သွေးတွင်းတွင် အဆိုပါကိုလက်စထရောကို မြင့်တက်စေသည်။ တစ်ခါတစ်ရံနှင့် နည်းနည်းသာစားပါက ပြဿနာနည်းနိုင်သော်လည်း နေ့စဉ်ချက်ပြုတ်စားသောက်ရာတွင်သုံးပါက သွေးကြောအတွင်း အဆီများစုလာကာ သွေးကြောများကျဉ်းလာမည်ဖြစ်သည်။ ထို့ကြောင့် သွေးတိုးရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါများ ဖြစ်လာကာ နောက်ဆက်တွဲရောဂါအဖြစ် နှလုံးသွေးကြောပိတ်၍ နှလုံးကြွက်သားများထိခိုက်ခြင်း၊ ဦးနှောက်သွေးကြောပိတ်ကာ လေဖြတ်ခြင်းတို့ ဖြစ်နိုင်ကြောင်း သိရသည်။

ထို့ကြောင့် စားအုန်းဆီပါဝင်မှုများသော အစားအစာများကို ရှောင်ကြဉ်သင့်သည်။ အထူးသဖြင့် အဝလွန်သူများ၊ သွေးတိုးရောဂါရှိသူများ၊ အသက်ကြီးရင့်သူများ၊ လှုပ်ရှားမှုနည်းသူများ မစားသင့်ကြောင်း သိရသည်။ ဆရာက စားအုန်းဆီစားသုံးမှုကိုလျှော့ပြီး ပြည်တွင်းထုတ် မြေပဲဆီ၊ နှမ်းဆီနှင့် နေကြာဆီတို့ကို စားသုံးသင့်ကြောင်း အကြံပြုထားသည်။ မြေပဲဆီဈေးက မြင့်နေလျှင်လည်း စားအုန်းဆီဝယ်မည့်ငွေကြေးအား မြေပဲဆီစသည့် ပြည်တွင်းထုတ်ဆီကို ရသလောက် ဝယ်ယူပြီး ရေလည်ဆီလည်ချက်စားသင့်ကြောင်း အကြံပေးထားသည်။ မှန်ပါသည်။ ပြည်တွင်းဖြစ် မြေပဲ၊ နှမ်းနှင့် နေကြာဆီများကို ပိုမိုအားပေးသင့်သည်။ ကျန်းမာရေးထိခိုက်ပါက ကြီးမားသော ဆေးကုသစရိတ်ကိုပါ ထပ်မံကုန်ကျမည်ကို အထူးသတိချပ်သင့်သည်။ ထို့ကြောင့် စားသုံးသူများအနေဖြင့် ပြည်ပမှတင်သွင်းနေသော စားအုန်းဆီအစား ပြည်တွင်းထုတ် မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီတို့ကို ပိုမိုအားပေးဝယ်ယူစားသုံးသင့်သည်။

မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီများကို ပြည်တွင်းဈေးကွက်၌ ရောင်းချခြင်းဖြင့် သင့်တော်သော ဝင်ငွေရရှိနိုင်ရေးအတွက် ဆီစက်များ များများလည်ပတ်နိုင်ရန်လိုအပ်သည်။ ပြည်တွင်းတွင် ဆီစက်များ တိုးတက်လည်ပတ်နိုင်မည်ဆိုပါက အလုပ်အကိုင်အခွင့်အလမ်းလည်း တိုးတက်လာနိုင်သည်။ နိုင်ငံခြားငွေကိုသုံးစွဲပြီး ပြည်ပမှတင်သွင်းရကာ ဈေးကြီးပေးဝယ်စားနေရသော စားအုန်းဆီများအစား ပြည်တွင်း၌ ထုတ်လုပ်သော မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီတို့ကို ပိုမိုစားသုံးခြင်းဖြင့် ပြည်တွင်းစက်မှုကဏ္ဍကို အားပေးရာလည်းရောက်သည်။ ထို့ပြင်အထက်တွင် ဖော်ပြသကဲ့သို့ အလုပ်အကိုင်အခွင့်အလမ်းများပြားလာခြင်း၊ Supply Chain တစ်ခုလုံး လိုက်ပါလည်ပတ်ပြီး တောင်သူ၊ ကုန်သည်၊ ဆီစက်ပိုင်ရှင်နှင့် စားသုံးသူများအားလုံး အကျိုးကျေးဇူးလည်း တိုးတက်ရရှိလာနိုင်သည်။

ပြည်တွင်းဖြစ်ကိုအားပေးခြင်းသည် မိမိတို့ပြည်သူများ၏ အကျိုးစီးပွားကို မြှင့်တင်ရာလည်းရောက်မည်ဖြစ်သည်ကို မျှော်လင့်ခြင်းများစွာဖြင့် တင်ပြလိုက်ရပါသည်။ ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများသည် ပြည်တွင်းထုတ်မြေပဲဆီ၊ နှမ်းဆီများထက် ဈေးနှုန်းချိုသာသဖြင့် စားသုံးခဲ့ရခြင်းဖြစ်သည်။ ပေါပေါရတိုင်းများများသုံးခဲ့ခြင်း၏ အကျိုးဆက်အနေဖြင့် ကျန်းမာရေးထိခိုက်မှုကို ကြုံကြရသည်။ ထို့ကြောင့် စားအုန်းဆီဝယ်မည့်ငွေကို ပြည်တွင်းထုတ်မြေပဲဆီ၊ နေကြာဆီနှင့် နှမ်းဆီစသည်တို့ကို ဝယ်ယူစားသုံးသင့်သည်။ ငွေလည်းချွေတာ၊ ကျန်းမာရေးအတွက်လည်းကောင်း၊ ပြည်တွင်းစက်မှုလုပ်ငန်းများကိုလည်း အားပေးရာရောက်သဖြင့် ပြည်တွင်းဖြစ်ကို အားပေးကြပါစို့ဟု တိုက်တွန်းလိုပါကြောင်း ထပ်လောင်းပြောလိုက်ပါရစေခင်ဗျား။ ။

# ကျွန်းလှမြို့နယ်၌ ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် ကျောင်းတွင်း နှစ်ဆုံးစာမေးပွဲစတင်ဖြေဆို



**ကျွန်းလှ ဖေဖော်ဝါရီ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် ကျောင်းတွင်းနှစ်ဆုံးစာမေးပွဲကို ဖေဖော်ဝါရီလ ၂၀ ရက် နံနက်ပိုင်းတွင် သက်ဆိုင်ရာ အခြေခံပညာကျောင်းများ၌ စတင်ဖြေဆိုလျက်ရှိကြောင်း သိရသည်။

ကျွန်းလှမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ၂၀ ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှစ်ကျောင်း စုစုပေါင်း ၂၂ ကျောင်းတို့မှ မူလတန်း ၂၉၅၉ ဦး၊ အလယ်တန်း ၈၃၆ ဦး၊ အထက်တန်း ၇၈၈ ဦး စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၄၅၈၃ ဦး ဖြေဆိုကြကြောင်း၊ ဖေဖော်ဝါရီလ ၂၀ ရက်မှ ၂၇ ရက်အထိ စာမေးပွဲကျင်းပသွားမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

အဆိုပါ ကျောင်းတွင်း နှစ်ဆုံးစာမေးပွဲကို ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေးအတွက် မြို့နယ်တာဝန်ရှိသူများ၊ သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများက ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **မျိုးဝင်းညို(ကျွန်းလှ)**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအားပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ချက်**
**အကြောင်းအမျိုးမျိုးကြောင့်**
**နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**
**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကိုလွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့်အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ DCS လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုမလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူလူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့်အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီးရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှမြန်မာနိုင်ငံရှိ၎င်းတို့ဒေသအသီးသီးသို့ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS)လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့်ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

# ဧရာဝတီ-ကျောက်ဖရား-မဲခေါင်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ( အက်ခ်မက် ) အလှည့်ကျဥက္ကဋ္ဌတာဝန် အောင်မြင်စွာထမ်းဆောင်နိုင်ရေး ဝန်ကြီးဌာနများ၏အခန်းကဏ္ဍနှင့် ပေါင်းစပ်ညှိနှိုင်းမှုမြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၀

ဧရာဝတီ - ကျောက်ဖရား - မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ (အက်ခ်မက်) အလှည့်ကျဥက္ကဋ္ဌတာဝန်အောင်မြင်စွာထမ်းဆောင်နိုင်ရေး ဝန်ကြီးဌာနများ၏အခန်းကဏ္ဍနှင့်ပေါင်းစပ်ညှိနှိုင်းမှုမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာန လောကနတ်ခန်းမ၌ ကျင်းပသည်။





အလုပ်ရုံဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များတွင် တက်ကြွစွာပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ ပထမအကြိမ်အက်ခ်မက်ထိပ်သီးအစည်းအဝေးကို ၂၀၀၃ ခုနှစ်တွင် ပုဂံမြို့၌ ကျင်းပခဲ့ပြီး (၆) ကြိမ်မြောက် အက်ခ်မက် ထိပ်သီးအစည်းအဝေးကို ၂၀၁၅ ခုနှစ်တွင် နေပြည်တော်၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ကြောင်း။

၂၀၂၄ ခုနှစ် နိုဝင်ဘာလက တရုတ်နိုင်ငံ၊ ကူမင်းမြို့၌ ကျင်းပခဲ့သည့် (၁၀)ကြိမ်မြောက် အက်ခ်မက်ထိပ်သီးအစည်းအဝေးတွင် အက်ခ်မက်အလှည့်ကျ ဥက္ကဋ္ဌတာဝန်ကို လာအိုနိုင်ငံထံမှ လွှဲပြောင်းလက်ခံခဲ့ကြောင်း၊ လာမည့် (၁၁) ကြိမ်မြောက် အက်ခ်မက်ထိပ်သီးအစည်းအဝေးကိုမြန်မာနိုင်ငံက အလှည့်ကျဥက္ကဋ္ဌအဖြစ် ဦးဆောင်ကျင်းပသွားရမည်ဖြစ်ကြောင်း၊ ယင်း (၁၁)ကြိမ်မြောက် အက်ခ်မက်ထိပ်သီးအစည်းအဝေးခေါင်းစဉ် (Theme) အဖြစ် "Strengthening Socio-Economic Development towards Smart and Sustainable ACMECS" (လူမှုစီးပွားဖွံ့ဖြိုးရေးကို တိုးမြှင့်ဖော်ဆောင်ကာ ခေတ်မီ၍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်သော အက်ခ်မက်ဒေသတည်ဆောက်ကြပါစို့)ကို အတည်ပြုရွေးချယ်ထားပြီးဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်စဉ် အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်သွားနိုင်ရန် ရည်ရွယ်၍ ယခုအလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်းလူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေမည့် စိုက်ပျိုးရေးအခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ သစ်တောသယံဇာတများကို အရည်အသွေးမြင့် လူသုံးကုန်ပစ္စည်းများအဖြစ် တိုးမြှင့်ထုတ်လုပ်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးစသည်တို့ကို အလေးထားဆောင်ရွက်မည့် နယ်ပယ်များအဖြစ် သတ်မှတ်ထားရှိပြီး ဦးစားပေးဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ယခုအလုပ်ရုံဆွေးနွေးပွဲသည် အက်ခ်မက်လုပ်ငန်းစဉ်အောက်ရှိ ဝန်ကြီးဌာနများ၏ ပူးပေါင်းဆောင်ရွက်မှုများနှင့် ပတ်သက်သည့်အတွေ့အကြုံများ၊ စိန်ခေါ်မှုများနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးနိုင်ရန် အခွင့်အရေးကောင်းတစ်ခုဖြစ်ကြောင်းပြောကြားသည်။

ထို့နောက် စုံညီဆွေးနွေးပွဲအစီအစဉ်တွင် ဒုတိယဝန်ကြီး ဦးလွင်ဦးက မြန်မာနိုင်ငံမှ အက်ခ်မက်အလှည့်ကျဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သွားမည့် အစည်းအဝေးများနှင့် အစီအစဉ်များ၊ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းရည်ရွယ်ချက်များနှင့် မျှော်မှန်းရလဒ်များနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ယင်းနောက် ဆွေးနွေးပွဲတက်ရောက်လာကြသူများက အက်ခ်မက်ပူးပေါင်းဆောင်ရွက်မှုအောက်တွင် ဆောင်ရွက်လျက်ရှိသည့် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ၊ အက်ခ်မက်ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုများနှင့် မြန်မာနိုင်ငံက လက်တွေ့ဆောင်ရွက်သွားနိုင်မည့် စီမံကိန်းများနှင့်အစီအစဉ်များ၊ မြန်မာနိုင်ငံက အက်ခ်မက်အလှည့်ကျဥက္ကဋ္ဌတာဝန်ထမ်းဆောင်စဉ်ကာလအတွင်း ပူးပေါင်းဆောင်ရွက်မှုများနှင့်ပေါင်းစပ်ညှိနှိုင်းမှုများ ထိရောက်စွာ ဆောင်ရွက်သွားနိုင်ရေး၊ အက်ခ်မက်စီမံကိန်းများနှင့်အစီအစဉ်များကို ထိရောက်စွာရေးဆွဲအကောင်အထည်ဖော်နိုင်ရေးနှင့် အက်ခ်မက်အလှည့်ကျဥက္ကဋ္ဌတာဝန်အောင်မြင်စွာထမ်းဆောင်နိုင်ရေး ဝန်ကြီးဌာနများ၏အခန်းကဏ္ဍနှင့်ပေါင်းစပ်ညှိနှိုင်းမှုဆက်လက်မြှင့်တင်သွားရေးတို့ကို ဆွေးနွေးကြသည်။

ဆွေးနွေးပွဲအပြီးတွင် ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် အက်ခ်မက်ပူးပေါင်းဆောင်ရွက်မှုမဏ္ဍိုင် (၃)ခုအောက်တွင်ရှိသည့် ဦးစားပေးစီမံကိန်းများနှင့် လုပ်ငန်းအစီအစဉ်များကို ပြည်တွင်းလုပ်ငန်းစဉ်များနှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားရန် တိုက်တွန်းကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲ၏ ရလဒ်များကို ဆက်လက်အကောင်အထည်ဖော်ခြင်းဖြင့် မိမိတို့နိုင်ငံနှင့်ဒေသတွင်း ရေရှည်အကျိုးစီးပွားဖြစ်ထွန်းစေမည့် အစီအစဉ်များ ချမှတ်ဖော်ဆောင်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ အက်ခ်မက်ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များကို တာဝန်ယူထားသည့်ဝန်ကြီးဌာန ၂၀ မှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ (သတင်းစဉ်)

# မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ၂၀၂၅ ဂေါက်သီးရိုက်ပြိုင်ပွဲ၏ Tour Pro နှင့် Senior Pro အဆင့်(စတုတ္ထ)နေ့နှင့် ဆုချီးမြှင့်ပွဲကို မြို့တော်ဂေါက်ကွင်း(ငွေသော်တာ)၌ ဆက်လက်ပြုလုပ်

နေပြည်တော် ဖေဖော်ဝါရီ ၂၀

မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်မှ ကြီးမှူး၍ Burmese Golf (BG) မှ အဓိကကူညီပံ့ပိုးသော (President Cup) ဥက္ကဋ္ဌဖလားဂေါက်သီးရိုက်ပြိုင်ပွဲ၏ Tour Pro နှင့် Senior Pro အဆင့်ပြိုင်ပွဲ၏ (စတုတ္ထ)နေ့ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်ရှိ မြို့တော်ဂေါက်ကွင်း(ငွေသော်တာ)၌ ဆက်လက်ပြုလုပ်သည်။

ပြိုင်ပွဲများအပြီးတွင် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးမြင့်အောင်မှ မြို့တော်ဂေါက်ကွင်းသို့ အမှတ်တရဂုဏ်ပြုလက်ဆောင်နှင့် ကျင်းအမှတ်(၅)တွင် Hole In One ဆုရရှိသူတို့အားပေးအပ်ရာ မြို့တော်ဂေါက်ကွင်းအထွေထွေမန်နေဂျာ ဦးမင်းညွန့်နှင့် Hole In One ဆုရရှိသူ ဦးသန်းထွန်းတို့မှ အသီးသီးလက်ခံရယူကြသည်။ ထို့နောက် မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကိုကိုအေးက စုစုပေါင်းရိုက်ချက် ၂၈၉ ချက်ဖြင့် Best Amateur Player ဆုရရှိသူဇော်ဇော်ထွန်းအား ဆုပေးအပ်သည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့လူမှုရေးရာဝန်ကြီးဦးဌေးအောင်က Senior Pro အဆင့်ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၂၂၁ ချက်ဖြင့် တတိယဆုရရှိသော ဦးမြင့်သောင်းအားလည်းကောင်း၊ စုစုပေါင်းရိုက်ချက် ၂၁၇ ချက်ဖြင့် ဒုတိယဆုရရှိသော စိုးကျော်နိုင်(Taylormade)တို့အားလည်းကောင်း၊ Tour Pro အဆင့်ပြိုင်ပွဲတွင် စုစုပေါင်း ရိုက်ချက် ၂၈၁ ချက်ဖြင့် တတိယဆုရရှိသော မျိုးဝင်းအောင်၊ စုစုပေါင်း ရိုက်ချက် ၂၈၀ ဖြင့် ဒုတိယဆုရရှိသော




အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် Tour Pro အဆင့်ပြိုင်ပွဲတွင် ပထမဆုရရှိသော နိုင်နိုင်လင်းအား ဥက္ကဋ္ဌဖလားနှင့်ဆုကြေးငွေချက်လက်မှတ်တို့ကို ပေးအပ်ချီးမြှင့်စဉ်။

သီဟဌေး(HAN Golf Masters) တို့အားလည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌက စုစုပေါင်းရိုက်ချက် ၂၇၅ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် ၁၁ ချက်လျော့ရိုက်ကာ ပထမဆုရရှိသော ဦးမင်းနိုင်အား ပထမဆုဖလားနှင့်ဆုကြေးငွေချက်လက်မှတ်တို့ကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် Tour Pro အဆင့်ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၂၇၉ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် ၉ ချက်လျော့ရိုက်ကာ ပထမဆုရရှိသော နိုင်နိုင်လင်းအား အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က ဥက္ကဋ္ဌဖလားနှင့် ဆုကြေးငွေချက်လက်မှတ်တို့ကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့် ဆုရရှိသူများက အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကူးခဲ့ကြောင်းနှင့်ပြိုင်ပွဲတွင် စုစုပေါင်း ပြိုင်ပွဲဝင် အားကစားသမား ၇၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

## အကြမ်းဖက်မှုပပျောက်ရေး အတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။



★ **ရှေ့ဖုံးမှအဆက်**

စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက်ချင်းအမျိုးသားနေ့အခမ်းအနားကို စတင်ကျင်းပရာ သဘာပတိအဖွဲ့ဝင်များက သတ်မှတ်နေရာအလိုက် နေရာယူကြပြီး နိုင်ငံတော်အလံကို အလေးပြုကြသည်။

ယင်းနောက် သဘာပတိခေါင်းဆောင် ဦးကောလ်လျန်ထန်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၇)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။

ဆက်လက်၍ ချင်းပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်တို့က ချင်းပြည်နယ်ဝန်ကြီးချုပ်၏ အမှုထမ်းကောင်းဆုရရှိသူများကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်၊ ဒေါက်တာဘရွှေ၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဒေါက်တာသက်ခိုင်ဝင်းတို့က စီမံခန့်ခွဲရေးဆိုင်ရာ ထူးချွန်ဆု (ပထမအဆင့်) ရရှိသူများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ခွန်သန့်ဇော်ထူးနှင့် ချင်းပြည်နယ်ဝန်ကြီးချုပ်တို့က စီမံခန့်ခွဲရေးဆိုင်ရာ ထူးချွန်ဆု (ဒုတိယအဆင့်)ရရှိသူများကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့က ချင်းပြည်နယ်အတွင်းရှိ ယာယီနေရပ်စွန့်ခွာဝန်ထမ်းများအတွက် ရိက္ခာငွေကျပ်သိန်း ၅၀၀၊ ချင်းပြည်နယ်အစိုးရအဖွဲ့အတွက် DTH စလောင်း အစုံ ၅၀ နှင့် DVB T-2 Set Box အလုံး ၁၀၀၊ ယာယီနေရပ်စွန့်ခွာမိသားစုများအတွက် ငွေကျပ် ၅၄၃၆၉၀၀၀ တန်ဖိုးရှိ စားနပ်ရိက္ခာများ၊ ငွေကျပ်၄၅၀၀၀၀၀ တန်ဖိုးရှိပေ (၁၀၀ x ၃၀ x ၁၈ ) အရွယ် Green House တစ်လုံးနှင့် အားကစားပစ္စည်းများကို ထောက်ပံ့ပေးအပ်ကြသည်။



မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည်ချင်းပြည်နယ်အစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံရာ ချင်းပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့က လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

ယင်းနောက် ချင်းအမျိုးသားနေ့အထိမ်းအမှတ်ခင်းကျင်းပြသထားသည့်ပြခန်းများကို လှည့်လည်ကြည့်ရှုကြပြီး ချင်းတိုင်းရင်းသားရိုးရာအကအဖွဲ့များက ရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကာ ချင်းအမျိုးသားနေ့ပွဲတော်အထိမ်းအမှတ် မီးပုံပွဲတော်ကို ချင်းတိုင်းရင်းသားရိုးရာအကအဖွဲ့များနှင့်အတူ ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဆီထွက်သီးနှံစိုက်ခင်း ဧက ၂၀၀ တွင် နေကြာ၊ နှမ်းနှင့် ပဲပုပ်ပင်များစိုက်ပျိုးထားရှိသည့် အခြေအနေများအား ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ ပုဂ္ဂလိကလုပ်ငန်းရှင်တစ်ဦး၏ ဆီထွက်သီးနှံစိုက်ခင်းဧက ၂၀၀ တွင် နေကြာ၊ နှမ်းနှင့် ပဲပုပ်ပင်များ စိုက်ပျိုးထားရှိသည့်အခြေအနေများအား ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

စစ်ဆေးရာတွင် ဆီထွက်သီးနှံစိုက်ခင်းဧက ၂၀၀ ရှိ နေကြာပင်အား ဧက ၁၀၀ အတွင်း စိုက်ပျိုးထားရှိမှုကိုလည်းကောင်း၊ နှမ်းပင်အား ဧက ၅၀ အတွင်း စိုက်ပျိုးထားရှိမှုကိုလည်းကောင်း၊ ပဲပုပ်ပင်အား ဧက ၅၀ အတွင်း စိုက်ပျိုးထားရှိမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး တာဝန်ခံက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကိုရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က စိုက်ပျိုးထားရှိသည့် အပင်များအား ရေလုံလောက်မှုပေးနိုင်ရေးဆောင်ရွက်ရန်၊ အပင်များကြီးထွားပြီး



အထွက်နှုန်းကောင်းအောင် ဆောင်ရွက်ရန်နှင့် တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်ရေးဆောင်ရွက်ရန်မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများသည် ရွှေတောင်ဆီစက်တွင် ဆီကြိတ်နေမှုအခြေအနေများ၊ ဘူးခွံများပြုလုပ်နေသည့်အခြေအနေများ၊ ဆီများသန့်စင်နေမှုအခြေအနေများ၊ ဘူးခွံအတွင်းဆီများထည့်သွင်းနေမှုအခြေအနေများ၊ ဆီများအားရောင်းချရန်အတွက် ထုပ်ပိုးမှုအခြေအနေများနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုကြပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**ဝန်းရံခ**

# နီပေါ လေးနိုင်ငံဖိတ်ခေါ် အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် မြန်မာနှင့် အိမ်ရှင်နီပေါအသင်း ဗိုလ်လုပွဲတက်ရောက်

ရန်ကုန် ဖေဖော်ဝါရီ ၂၀

နီပေါ လေးနိုင်ငံဖိတ်ခေါ် အမျိုးသမီးဘောလုံးပြိုင်ပွဲအုပ်စုဒုတိယနေ့ကို ယနေ့တွင် ဆက်လက်ကျင်းပရာ မြန်မာအသင်း ဂိုးပြတ်နိုင်ပွဲရရှိသည်။.

ဒုတိယနေ့တွင် မြန်မာအသင်းက ကာဂျစ္စတန်အသင်းကို ငါးဂိုးပြတ်၊ အိမ်ရှင်နီပေါအသင်းက လက်ဘနွန်အသင်းကို ၁ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် နှစ်ပွဲဆက် ဂိုးပြတ်နိုင်ပွဲရရှိကာ နီပေါအသင်းနှင့် အုပ်စုနောက်ဆုံးပွဲမတိုင်မီ ဗိုလ်လုပွဲတက်ရောက်ရန် သေချာခဲ့သည်။

မြန်မာအသင်း ပွဲထွက်လူစာရင်းတွင် ဇူးလတ်နဒီ(ဂိုး)၊ ဇွန်ယုယဦး၊ ဖြူဖြူဝင်း၊ စန္ဒာလင်း၊ မေထက်လူ၊ လင်းလဲ့ဦး၊ ယဉ်လွန်းအိမ်၊ သန်းသန်းနွယ်၊ မြတ်နိုးခင်၊ ယွန်းဝတီလှိုင်၊ ခင်မျိုးသန္တာထွန်းတို့ကို အသုံးပြုခဲ့သည်။



ပွဲအစ ၂ မိနစ်တွင် ယွန်းဝတီလှိုင်က မြန်မာအသင်းအတွက် အဖွင့်ဂိုးသွင်းယူခဲ့ပြီး မြန်မာအသင်းက ဆက်တိုက်ဖိကစားနိုင်ခဲ့သည်။ မြန်မာအသင်းအတွက် အနိုင်ဂိုးများကို မိနစ် ၃၀ တွင် စန္ဒာလင်း၊ ၃၆ မိနစ်တွင် မေထက်လူ၊ ၄၁ မိနစ်တွင် ယွန်းဝတီလှိုင်တို့က သွင်းယူကာ ပထမပိုင်းအပြီးတွင် လေးဂိုးပြတ်အနိုင်ရနေသည်။ ဒုတိယပိုင်းတွင် မြန်မာအသင်းက ကစားသမားများပြောင်းလဲခဲ့သော်လည်း ပွဲကိုစိုးမိုးထားပြီး ၄၉ မိနစ်တွင် မေထက်လူက နောက်ဆုံးအနိုင်ဂိုးသွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို နှစ်ဂိုးသွင်းယူခဲ့သည့် ယွန်းဝတီလှိုင်ကရရှိသည်။

ဒုတိယနေ့အပြီးတွင် မြန်မာအသင်းနှင့် အိမ်ရှင်နီပေါအသင်းတို့က နှစ်ပွဲစလုံး အနိုင်ရကာ ရမှတ်ခြောက်မှတ်စီဖြင့် ဗိုလ်လုပွဲတက်ရန် သေချာသွားပြီး လက်ဘနွန်အသင်းနှင့် ကာဂျစ္စတန်အသင်းမှာ နှစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။ မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် ဖေဖော်ဝါရီလ ၂၃ ရက်တွင် အိမ်ရှင်နီပေါအသင်းနှင့် ကစားရမည်ဖြစ်သည်။ ပြိုင်ပွဲကျင်းပသည့်ပုံစံအရ လေးသင်းပတ်လည်ကစားပြီး အမှတ်အများဆုံးနှစ်သင်း ဗိုလ်လုပွဲ ပြန်လည်ကစားရမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ရဲရင့်လွင်၊ ဓာတ်ပုံ- ANFA**

## ပြည်ပဘိလပ်မြေများ တင်သွင်းရောက်ရှိမည်

နေပြည်တော် ဖေဖော်ဝါရီ ၂၀

နိုင်ငံတစ်ဝန်းတွင် ယခုပွင့်လင်းရာသီချိန်၌ ဆောက်လုပ်ရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ အချိန်မီပြီးစီးနိုင်ရေးအတွက် ဘိလပ်မြေလိုအပ်ချက်များအား ပြည်တွင်းဘိလပ်မြေစက်ရုံများ၏ထုတ်လုပ်မှုများအပြင် ပြည်ပမှဘိလပ်မြေများကို နယ်စပ်ကုန်သွယ်ရေးနှင့် ပင်လယ်ရေကြောင်းတို့မှ အားဖြည့်တင်သွင်းခွင့်ပြုထားကြောင်းနှင့် အဆိုပါ ပြည်ပဘိလပ်မြေများသည် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း ရောက်ရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၀)

# စိုက်ပျိုးရေးနှင့် မွေးမြူရေး ဖွံ့ဖြိုးရေးကော်မရှင်၏ ဒုတိယအကြိမ်အစည်းအဝေးကျင်းပ



နေပြည်တော် ဖေဖော်ဝါရီ ၂၀

စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးရေး ကော်မရှင်၏ ဒုတိယအကြိမ်အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ရေဆင်းစိုက်ပျိုးရေး သုတေသနဦးစီးဌာန နဝရတ်ခန်းမ၌ ကျင်းပ သည်။

အစည်းအဝေးသို့ စိုက်ပျိုးရေးနှင့်မွေးမြူရေး ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးညိုစော နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက် ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)မှ တာဝန်ရှိသူများက အွန်လိုင်းစနစ်ဖြင့် ပါဝင် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးညိုစောက နိုင်ငံတော်အကြီး အကဲက မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံသော စက်မှုလုပ်ငန်း (Agro Base Industry)ကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မည်ဆိုပါက နိုင်ငံ့စီးပွားနှင့် ပြည်သူတို့၏အကျိုးစီးပွားများဖွံ့ဖြိုးတိုးတက် လာမည်ဖြစ်သဖြင့် စိုက်ပျိုးရေး၊ မွေးမြူ ရေးနှင့် နည်းပညာအထက်တန်းကျောင်းများ ဖွင့်လှစ်နိုင်ရေးကို ဆောင်ရွက်ခဲ့ကြောင်း၊ ခေတ်မီစိုက်ပျိုးမွေးမြူရေးစနစ်သို့သွားနိုင်ရန် ပထမဦးစွာ သမားရိုးကျစိုက်ပျိုးမွေးမြူရေး စနစ်များအစား စနစ်ကျနသည့် စိုက်ပျိုးရေး၊ မွေးမြူရေးသို့သွားရန်လိုကြောင်း၊ ယင်းအတွက် လူသားအရင်းအမြစ်များ လိုအပ်ကြောင်းကို လမ်းညွှန်မိန့်ကြားခဲ့ပြီးဖြစ်ကြောင်း။

သို့ဖြစ်၍ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စိုက်ပျိုးမွေးမြူရေးကို ကျွမ်းကျင်မှုရှိသည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင် ရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ် ဒေသအလိုက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက် ပေးရန်လိုအပ်ကြောင်း။

မိမိတို့နိုင်ငံတွင် နိုင်ငံ့စီးပွားတိုးတက်ရေး အတွက် အခြေခံကောင်းများရှိပြီး နိုင်ငံ့ စီးပွားမြှင့်တင်နိုင်ရေးအတွက် စိုက်ပျိုးရေး မွေးမြူရေးလုပ်ငန်းများကို တိုးတက်အောင် မြင်အောင် မိမိတို့ဆောင်ရွက်သွားကြရမည် ဖြစ်ပြီး တိုင်းဒေသကြီး/ပြည်နယ်များ၌ မွေးမြူ ရေးဇုန်များအလိုက် လုပ်ငန်းများဆောင်ရွက် ရာတွင် ဇုန်များအလိုက် ထိုက်သင့်သည့် နှုန်းထားများအတိုင်း မွေးမြူဆောင်ရွက်နိုင် ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း။

ဒေသအလိုက် လိုအပ်သောရေရရှိရေး အတွက် မိုးကောင်းသောက်ရေ၊ ဆည်ရေ၊ မြေအောက်ရေ၊ မြစ်ရေဟူ၍ နည်းလမ်းများ ရှိသဖြင့် စီမံဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မြစ်ကြီးများအနီးတွင်ရှိသည့် ဒေသများ အနေဖြင့် မိမိတို့လုပ်ငန်းအလိုက် မြစ်ရေတင် စီမံကိန်းများဆောင်ရွက်၍ စိုက်ပျိုးရေး လုပ်ငန်းများဆောင်ရွက်ရန်ဖြစ်ပြီး လိုအပ်သည့် လျှပ်စစ်ဓာတ်အားကို နေရောင်ခြည်စွမ်းအင် ဖြင့်ထုတ်ယူဆောင်ရွက်နိုင်ကြောင်း၊ နိုင်ငံတော် မှ ဆောင်ရွက်သည့် ဆိုလာစီမံကိန်းများ ရှိသကဲ့သို့ လုပ်ငန်းရှင်များအနေဖြင့် မိမိတို့ လုပ်ငန်းလိုအပ်ချက်အလိုက် ဆိုလာစီမံကိန်း များ ဆောင်ရွက်နိုင်ကြောင်း။

ယင်းလုပ်ငန်းအတွက် ရင်းနှီးငွေ လိုအပ် ပါက လိုအပ်သောစီမံကိန်းချေးငွေများကို ခွင့်ပြုမည်ဖြစ်ကြောင်း နိုင်ငံတော်က လမ်းညွှန်မှု ပြုပြီးဖြစ်ကြောင်း၊ ယခုကဲ့သို့ နိုင်ငံတော်၏ လမ်းညွှန်မှုများနှင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ဦးဆောင်လမ်းညွှန်မှုများကို မိမိတို့ကော်မရှင် နှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ က လုပ်ငန်းများ အောင်မြင်စေရေး လက်တွေ့ ကြပ်မတ်ကွပ်ကဲအကောင်အထည်ဖော်ကြ ရမည်ဖြစ်ကြောင်း။

တစ်ဖက်တွင်လည်း စိုက်ပျိုးရေး၊ မွေးမြူ ရေးလုပ်ငန်းများ၌ ပြည်တွင်းပြည်ပ လာရောက် ရင်းနှီးမြှုပ်နှံမှုများရှိပါကလည်း လုပ်ငန်းများ လွယ်ကူချောမွေ့စေရန် ခွင့်ပြုမိန့်ရရှိရေး ဆောင်ရွက်ရာ၌ ကြန့်ကြာမှုမရှိစေရေး ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ အထူး သဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး အခြေခံစက်မှု လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သော နည်းပညာ၊ လျှပ်စစ်ဓာတ်အား၊ အရင်းအနှီးတို့ကို ဖန်တီးပေးရန် အရေးကြီး ကြောင်း။

စိုက်ပျိုးရေးနှင့်မွေးမြူရေး ဖွံ့ဖြိုးရေး ကော်မရှင်၏ လုပ်ငန်းတာဝန် ၂၁ ချက်ကို လည်း ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများမှ ချိတ်ဆက်မှုအား ကောင်းကောင်းဖြင့် မျက်ခြည်မပြတ်ကြပ်မတ် ဆောင်ရွက်ပေးကြရန်နှင့် အဆိုပါလုပ်ငန်း တာဝန်များ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ် ချက်များကိုလည်း ဝန်ကြီးဌာန တစ်ခုချင်း သာမက ဆက်စပ်ဝန်ကြီးဌာနများနှင့် တိုင်း ဒေသကြီး/ပြည်နယ်အစိုးရများက ဝိုင်းဝန်း အကြံပြုသွားကြရန် တိုက်တွန်းကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးနှင့်မွေးမြူရေးဖွံ့ဖြိုး ရေးကော်မရှင်၏ ပထမအကြိမ်အစည်းအဝေး လမ်းညွှန်ချက်များနှင့် ဆုံးဖြတ်ချက်များကို ကော်မရှင်အတွင်းရေးမှူးက ရှင်းလင်းတင်ပြပြီး ကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တိုင်းဒေသ ကြီး/ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီး များ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှု လက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူ များက သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စု ဝန်ကြီး ဦးမင်းနောင်က ဆွေးနွေးတင်ပြမှု များအပေါ် ဖြည့်စွက်ဆွေးနွေးပြီး ကော်မရှင် ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားသည်။

ယနေ့တွင် ကော်မရှင်ဥက္ကဋ္ဌသည် စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ တစ်နှစ် သုံးသီး သီးထပ်သီးနှံပုံစံ စမ်းသပ်စံပြစိုက်ကွင်း နှင့် သုတေသနစိုက်ကွင်းများကို ကွင်းဆင်း ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးရေးသုတေသန ဦးစီးဌာနနှင့် မွေးမြူရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်များက ဆောင်ရွက်ဆဲ သုတေသနလုပ်ငန်းများနှင့် ဆက်လက်ဆောင် ရွက်မည့်လုပ်ငန်းများကိုရှင်းလင်းတင်ပြကြ ရာ ကော်မရှင်ဥက္ကဋ္ဌက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် စိုက်ပျိုးရေးသုတေသနဦးစီး ဌာန မျိုးစေ့နမူနာပြခန်းများ၊ မျိုးစေ့ဘဏ် နှင့် စိုက်ပျိုးနည်းပညာပြန့်ပွားစေရေးနှင့် တောင်သူပညာပေးထုတ်လွှင့်သည့်တောင်သူ လယ်သမားကဏ္ဍရုပ်သံစတူဒီယိုတို့ကိုကြည့်ရှု စစ်ဆေးခဲ့ကြောင်းသိရသည်။ **(သတင်းစဉ်)**

# (၃၁)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဆဋ္ဌမနေ့ဆက်လက်ကျင်းပ



(၃၁)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ (ခ)အဆင့်ပြိုင်ပွဲတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၁)စစ်တီးဝိုင်းအသင်း ယှဉ်ပြိုင်စဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၂၀

နှစ်(၈၀)ပြည့် တပ်မတော်နေ့အထိမ်း အမှတ် (၃၁)ကြိမ်မြောက်တပ်မတော် (ကြည်း၊ ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲ (ခ)အဆင့်ပြိုင်ပွဲ များကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စစ်ကြောရေးနှင့်တည်းခိုရေးစခန်းစစ်ရေးပြ ကွင်း၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၁)စစ်တီးဝိုင်းအသင်း၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၁)စစ်တီးဝိုင်းအသင်း၊ အရှေ့အလယ် ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ် (၂)စစ်တီးဝိုင်းအသင်းနှင့် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၁) စစ်တီးဝိုင်းအသင်းတို့ ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါစစ်တီးဝိုင်းပြိုင်ပွဲ ယှဉ်ပြိုင်နေမှု များကို တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီး ဝိုင်းပြိုင်ပွဲကျင်းပရေးကော်မတီမှ တာဝန်ရှိသူ များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် ဖိတ်ကြားထားသူများ ကြည့်ရှုအားပေးခဲ့ကြ ကြောင်း သတင်းရရှိသည်။ **(၁၀၀)**

# သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲ စာအုပ်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲကျင်းပ

ကျောက်ဆည် ဖေဖော်ဝါရီ ၂၀

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည် မြို့နယ်ရှိ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟို ဌာန၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ၊ စာအုပ်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ယမန်နေ့က ကျင်းပသည်။

အသိပညာပေး ဟောပြောပွဲတွင် ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့်ပြည် သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက သဘာဝပတ်ဝန်းကျင်ကောင်းမွန်ရေးသည် တစ်ဦးတစ်ယောက်ဖြင့် လုပ်ဆောင်၍ မရနိုင်ကြောင်း၊ ကျောင်းသား၊ ကျောင်း သူများ၊ ပြည်သူများအားလုံးပူးပေါင်း ဆောင်ရွက်ကြရန်လိုကြောင်း ရှင်းလင်း ပြောကြားသည်။

ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းရီက စည်းကမ်းသည် လူ၏ တန်ဖိုးဆိုသည့်အတိုင်း ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စည်းကမ်းပြည့်ဝ သည့် စံပြလူငယ်များဖြစ်အောင် နေထိုင် ကြစေလိုကြောင်းရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်း ပြသထားသည့် သုတ၊ ရသစာအုပ်များ၊ အရွယ်မရောက်သေးသည့် ကလေးငယ် များစစ်မှုထမ်းခြင်းမှကာကွယ်ရေး၊ ကလေး အလုပ်သမားပပျောက်ရေး၊ ယာဉ်စည်း ကမ်း၊ လမ်းစည်းကမ်းအန္တရာယ်ကြိုတင် ကာကွယ်ရေး၊ သဘာဝဘေးအန္တရာယ် ကာကွယ်ရေး အသိပညာပေးနံရံကပ် စာစောင်များကို ကျောင်းသား၊ ကျောင်းသူ များက ကြည့်ရှုလေ့လာခဲ့ကြောင်း သိရ သည်။

**စုစုအေး(ကျောက်ဆည်)**

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# 200 more Chinese nationals involved in telecom fraud and criminal activities transferred

NAY PYI TAW February 20

The government, in collaboration with international organizations including neighboring countries, is actively investigating and combating online telecom fraud and criminal enterprises with determination. Foreign nationals involved in such activities are being systematically transferred to their respective countries.




Illegal migrant Chinese nationals being transferred to Chinese authorities at Mae Sot airport.



Illegal migrant Chinese nationals being transferred to Chinese authorities at Mae Sot airport.



Illegal migrant Chinese nationals being transferred to authorities.



Authorities from Myanmar, Thailand and China meet at Mae Sot airport in Thailand.

As part of this process, 200 Chinese nationals who illegally entered Myanmar via border routes, resided in Shwe Kokko, and KK Park areas of the Myawady Township, Kayin State, and engaged in illegal online gambling, telecom fraud, and other criminal activities were handed over today to their home country through Thailand. This transfer was conducted in an orderly manner, in accordance with legal procedures, with humanitarian considerations and the spirit of friendly interstate relations at the forefront.

The handover ceremony was attended by key Deputy Police Chief Police Major General Tin Ko Ko from the Myanmar Police Force under the Ministry of Home Affairs; Mr. Liu Ning Ning, Deputy Director-General of the Criminal Investigation Department of the People's Republic of China's Ministry of Public Security; Mr. Narongchai Jindaphan, Deputy Governor of Tak Province, Thailand; and other relevant authorities. During the event, Myanmar officials handed over documentation related to the deportation and transfer process to representatives from the People's Republic of China.

The Chinese nationals transferred today were subsequently transported to China via Mae Sot Airport in Thailand. The process was overseen by Thailand's Deputy Prime Minister and Defence Minister H.E. Mr. Phumtham Wechayachai, H.E. Mr. Liu Zhong Yi, Assistant Minister of the People's Republic of China's Ministry of Public Security, and Major General Aung Kyaw Kyaw, Deputy Minister of Home Affairs and member of Myanmar's Central Committee for the Supervision of Prompt Legal Action and Deportation of Illegal Foreign Nationals. These officials ensured the operation proceeded smoothly, met with the media, and provided clarifications regarding the transfer process.

Following the handover, the Thai Deputy Prime Minister, the Assistant Minister of China's Ministry of Public Security, and Myanmar's Deputy Minister for Home Affairs met at Mae Sot International Airport. They discussed the first successful transfer of 200 Chinese nationals in a short timeframe due to prior trilateral coordination, Thailand's commitment to cooperating in facilitating the transfer of third-country nationals through coordination with relevant embassies, and the establishment of a trilateral operational framework, including plans for future meetings on these matters.

According to confessions from the transferred Chinese nationals, most initially arrived in Bangkok, Thailand, from China, and then proceeded to Mae Sot, a Thai-Myanmar border town. From there, agents involved in online telecom fraud operations illegally transported them across the Thaungyin River into Myanmar, directing them to work in online fraud and gambling operations in the Myawady-KK Park area.

The Shwe Kokko region, where some armed groups operate, faces significant challenges and limitations in maintaining the rule of law and administrative control. Opportunists exploit these conditions for personal gain, engaging in criminal activities such as online gambling. It has been revealed that the basic resources for these online fraud operations were sourced through a neighboring country, with most investments originating from foreign organizations.

The Myanmar Government is actively working to identify, arrest, and take firm action against foreign nationals involved in online scam centers and those orchestrating such activities behind the scenes. Additionally, efforts are underway to promptly deport foreign nationals facing hardships or victims of human trafficking to their respective countries, with proactive cooperation in these endeavors ongoing.

100

# 210 more illegal migrants to Myanmar detained

NAY PYI TAW February 20

As crackdown on people who are involved in online gambling and scams and criminal activities in Shwe Kokko and KK Park in Myawady in Kayin State by illegally entering Myanmar from neighboring countries is underway, 210 more foreigners were detained today.

Combined teams of relevant departments are collecting necessary personal information and documents within one day to repatriate them to relevant countries as soon as possible.

During the period from 30 January to 20 February, 2025, a total of 1,763 illegal migrants were uncovered and detained and 261 of them have been repatriated to relevant countries via Thailand in accordance with laws, rules and regulations of relevant countries and plans are ready to repatriate the remaining 1,502 illegal migrants, who are properly detained by authorities.

100



Relevant authorities collect personal information and documents of illegal migrants.

## State Administration Council
## Press Release
## Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.

2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.

**3. The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.**

4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.

5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

**Information Team**

**State Administration Council**

# More than 3,000 acres of green gram harvested in Kyaukmyaung Sub-Township

KYAUKMYAUNG February 20

According to records from the Kyaukmyaung Town Agriculture Department, the harvest of green gram from 3,905 acres in the current monsoon cropping season has been completed in Kyaukmyaung Sub-Township, Shwebo District, Sagaing Region.

In the Kyaukmaung Sub-Township, a total of 3,905 acres of green gram were cultivated during this year's monsoon cropping season. Harvesting of the cultivated fields began in August, and as of today, all 3,905 acres have been harvested, yielding an average of 18.35 baskets per acre.

"This year, a total of 3,905 acres of green gram were cultivated during the monsoon planting season in the Kyaukmyaung Sub-township. All of the cultivated green gram fields have now been fully harvested. Regarding green gram cultivation, there will be educational initiatives to encourage expanded cultivation, as well as guidance on using high-quality seeds to achieve better yields," said Daw Khin Win, head of the Kyaukmyaung Sub-Township Agriculture Department.

This year, the Sub-Township Agriculture Department has conducted awareness-raising activities for green gram farmers to ensure: access to quality and pure seeds suitable for the region, correct farming techniques, prevention of pest infestations, systematic use of fertilizers, and improvement of crop yields.

During this year's monsoon crop planting season, efforts have been made in collaboration with farmers to ensure good yield rates and quality for various strains of pulses. This includes providing quality seeds, fertilizers, and post-harvest technology support. **SK**

# Kyunhla Township Harvests Over 12,000 Acres of Winter Peanut

KYUNHLA February 20

Kyunhla Township in Kanbalu District, Sagaing Region, has harvested over 12,000 acres of groundnuts out of the 14,000 acres planted this winter, according to the Township Agriculture Department.

"This winter, we are cultivating groundnuts, sesame, sunflower, niger, and mustard seeds as oilseed crops. Groundnuts are grown during both the rainy and winter seasons. To date, we have harvested 12,375 acres, yielding 75.25 bushels per acre. We are steadily expanding the number of acres we plant each year, and we are in discussions with farmers to increase this further," said Daw Myint Myint Yi, head of the Township Agriculture Department.

Kyunhla Township had originally planned to plant 13,896 acres of groundnuts for the winter crop season, but, as of now, 14,239 acres of groundnuts have been successfully planted. The Township Agriculture Department has been providing high-quality peanut seeds, conducting training courses and field exhibitions, and offering guidance on post-harvest techniques. **SK**

# Farmers finish reaping of maize and corns in ChaungU Township

CHAUNGU February 20

A total of 1,340 acres of maize and corns have been harvested in ChaungU Township of Sagaing Region, according to ChaungU Township Department of Agriculture.

Local farmers planted 1,340 acres of maize and corns as monsoon crops in ChaungU Township this year. So far, they have harvested the crops, yielding 45.35 baskets per acre of maize on 85 acres of land and 15,000 pieces of corns from 1,255 acres of land.

Daw Khin Myat Myat Oo, Head of ChaungU Township Agriculture Department said: "Local farmers planted 1,340 acres of maize and corns in ChaungU Township this year. They have so far harvested all sown acreage of crops. They could grow crops exceeding the target cultivation. Our department helped local farmers prevent pests."

The Department of Agriculture of the township conducted training courses for local farmers and agricultural staff to enhance their capacity to grow maize and corns in the region successfully. Moreover, the department organized the field remonstration, prevention of pests including FAW and making process of natural fertilizers and pesticides with the use of raw materials.

Local farmers cost Ks-500,000 per acre of maize and more than Ks-500,000 per acre of corns. **SMK**

# Slovak PM tells EU to 'stop crying' over Russia-US talks

BRATISLAVA February 20

Slovak Prime Minister Robert Fico has criticized the EU for trying to act as "peacemakers" in the Ukraine conflict despite the bloc having "no time" for a ceasefire over the past three years. He said the EU should "stop crying" and blame itself for being excluded from US-Russia peace efforts.

Fico has been one of the EU's strongest dissenting voices as his government has taken a critical stance on Western policies regarding the Ukraine conflict. He survived an assassination attempt in May 2024 after being shot multiple times at close range by a pro-Ukraine activist.

In a speech on Wednesday, the Slovak Prime Minister criticized EU leaders, accusing them of what he called three years of strategic miscalculations. He argued that the West's military and financial backing for Kiev had only prolonged the conflict without yielding any progress.

"With the exception of Slovakia and Hungary, the European Union supported the war in Ukraine for three years. It has not listened to our objections that the strategy of exploiting the war in Ukraine to weaken Russia is not working," the Slovak leader said. The EU did not listen to the fact that "a conventional war with Russia cannot be won," he added.

Fico also accused Brussels of pushing an unrealistic strategy that has ultimately left Kiev weaker and the EU sidelined in peace efforts.

The high-level Russia-US talks in the Saudi capital Riyadh on Tuesday, which focused on restoring ties and addressing the Ukraine conflict, have frustrated the EU. Member states have criticized Washington for sidelining Brussels and Kiev during the negotiations.

"We are nervous when the United States and Russia do not call us to the negotiating table for peace in Ukraine. We should stop crying," Fico said. "We should convene a proper summit of all the member states of the European Union and pour ourselves some clear wine."

The Slovak Prime Minister denounced EU efforts to present itself as a peace broker as "hypocritical," highlighting that the same leaders who previously rejected ceasefire talks are now scrambling to stay relevant as negotiations between Russia and the US gain momentum.

The EU has responded to arguments that "tens of thousands of Russians and Ukrainians are dying needlessly" by insisting that Kiev can only negotiate peace if it is strong enough to do so, Fico claimed.

"But peace has been negotiated at a time when Ukraine could not be weaker," Fico argued. "Now that the new US president is bringing new peace initiatives, Europe is trying to put itself in the position of peacemakers."

Fico has opposed EU military support for Ukraine since taking office in 2023. He has halted Slovakia's military aid to Kiev, pushed for peace talks, and has opposed Ukraine's NATO bid.

**RT**

# Macron to visit U.S. for talks with Trump over Ukraine, tariffs

PARIS February 20

French President Emmanuel Macron will travel to the United States for discussions with his U.S. counterpart, Donald Trump, focusing on the Ukraine issue and impending U.S. tariffs, French Minister Delegate for European Affairs Benjamin Haddad confirmed on Thursday.

Speaking to French television channel LCI, Haddad revealed that Macron had already spoken with Trump twice this week regarding Ukraine. "Our approach is to maintain dialogue with the president of the United States to ensure that the voice of the Europeans is heard in this negotiation," he said.



Macron is expected to emphasize to Trump that "the future of Ukraine cannot be decided without the Ukrainians, and the future and security of Europe cannot be negotiated and decided without the Europeans." Haddad stressed that Europe has contributed more to Ukraine than the United States, and therefore, must have a say in the process.

Moreover, Macron will also address tariffs that Trump plans to impose on European products. "A trade war, protectionism is not in anyone's interest," the minister warned.

This week, Macron has hosted European and non-European partners twice to coordinate a common stance on Ukraine. Both meetings concluded with a unified position that any peace talks should include both Ukraine and Europe.

**Xinhua**

# Five killed in explosion at residential home in NW Syria: state TV

DAMASCUS February 20

At least five people were killed in an explosion of unknown origin at a residential home in the town of Al-Nayrab in northwestern Syria's Idlib Province on Thursday, Syrian state TV Al-Ikhbariya reported.

Initial reports indicated that three civilians, including a woman and a child, were killed, while another child was injured, with all the casualties coming from one family, according to Al-Ikhbariya.

Rescue teams continue searching for the missing trapped under the rubble after the blast, Al-Ikhbariya reported.

Meanwhile, Britain-based war monitor the Syrian Observatory for Human Rights reported that the death toll of the explosion, which was caused by leftover munitions, has reached seven, and that the number was provisional.

On Wednesday, France-based non-governmental organization the Humanity and Inclusion said two-thirds of Syrians risk being injured or killed by unexploded ordnance remaining after the almost 14-year civil war in Syria.

**Xinhua**

# Matviyenko to Sputnik: West has no special right to Africa - its future belongs to Africans

MOSCOW February 20

Russian Federation Council Chairwoman Valentina Matviyenko shares impressions of Sputnik's new Ethiopia hub, Africa's bright, independent future with Dmitry Kiselev, general director of the Sputnik News Agency's parent organization Rossiya Segodnya.

Dmitry Kiselev: Western countries are imposing their understanding of democracy on the world. How can cooperation between Russian and African parliamentarians help preserve the sovereignty and uniqueness of African countries? Countries that have chosen their own path of cultural development?

Valentina Matviyenko: Well, it seems to me that imposing democracy is already an outdated stereotype. In fact, the West pursues a policy of suppression, subordinating others to its will, and it does so harshly, pursuing only its national interests, without considering the sovereign rights of any given country, its legislation, constitution, traditions or culture.

They forcefully impose, sometimes camouflaged as "democracy," how they think a country should develop. And these scenarios are just horrible. Recently, we've seen what happened in Georgia, Romania and Moldova. They are conducting the same kind of work in Africa, without a doubt. When they prevent African countries from cooperating with Russia, impose other bans and restrictions. But I am confident that today this is an attempt to maintain their slipping hegemony and their unwillingness to acknowledge objective historical processes.

The world is actively moving towards a multipolar structure, a fairer world that will also take into account the interests of African nations. And I believe that Africa will be, and already is, one of the key pillars of this multipolar world because they are developing so rapidly. The African continent has huge potential, enormous mineral resources and fossil fuels. Most importantly, these are awakened nations that have recognized their independence, paid a high price for it, and no one will ever steer them off this path.

And when talking about African countries, no matter where I am, or who I meet You know, they have kept, even though a generation has passed, a good, strong memory of the fact that our country, the Soviet Union at the time, helped them in their struggle for independence. It was our country that helped in the establishment of young, independent, sovereign states, helping selflessly, without any conditions, unlike the West, without any profit, helping to build factories, schools and roads. They remember this. It is in their bones. And I am sure they will never betray this memory. And they are very interested in developing cooperation with Russia.

**Sputnik**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Yale scientists link Covid vaccines to alarming new syndrome causing 'distinct biological changes' to body

Experts from Yale University have discovered an alarming syndrome linked to the mRNA Covid vaccines.

The previously-unknown condition - dubbed 'post-vaccination syndrome' - appears to cause brain fog, dizziness, tinnitus and exercise intolerance.

Some sufferers also show distinct biological changes, including differences in immune cells and the presence of coronavirus proteins in their blood, years after taking the shot.

The condition also appears to reawaken a dormant virus in the body called Epstein-Barr which can cause flu-like symptoms, swollen lymph nodes and nerve issues.

The full results of the small study have not yet been published, and the Yale experts emphasized the results 'are still a work in progress.'

Yet the findings, from a well-respected institution, suggest more research on post-vaccination syndrome is needed, independent experts said.

The next phase of the research will be to ascertain how widespread the condition is and who is most at risk.

Thousands of people have said that Covid vaccines injured them since the shots were rolled out in 2021.

But the fragmented nature of the US healthcare system makes it challenging to identify rare side effects.

Larger studies have failed to separate the symptoms suffered after Covid vaccination from unrelated illnesses that would have occurred regardless.

Dr Akiko Iwasaki, study author and immunologist at Yale University, said: 'This work is still in its early stages, and we need to validate these findings.

'But this is giving us some hope that there may be something that we can use for diagnosis and treatment of PVS down the road.'

The mRNA vaccines made by Moderna and Pfizer are estimated to have saved tens of millions of lives globally from Covid, including 3million in the US.

In the new study, which has not been peer-reviewed, Iwasaki's team collected blood samples from 42 people with post-vaccination syndrome (PVS) and 22 people without it between December 2022 and November 2023.

When they analyzed the patients' immune systems, those with PVS had different proportions of some immune cells. It's unclear what these differences might mean as the researchers couldn't link them to specific symptoms.

The team also looked at 134 people with long Covid, as PVS symptoms overlap with it, as well as 134 healthy vaccine recipients.

Both people with long Covid and those with PVS seemed to have reactivated Epstein-Barr syndrome.

More than nine in 10 adults have had Epstein-Barr at some point in their lives, a common infection spread through bodily fluids like saliva or semen.

It causes symptoms like fatigue, fever, and rashes, and once symptoms disappear, the virus remains dormant in the body, where it can be reactivated when the immune system is low.

People with PVS also had elevated levels of Covid spike proteins.The levels in PMS patients were even greater than those found in patients



**Researchers at Yale University in a small, yet to be published study found that Covid vaccines were linked to a rare 'post-vaccination syndrome' causing 'distinct biological changes' to the body (stock image).**

with long Covid, a condition with similar symptoms linked to the virus itself.

Persistent spike proteins in the body are thought to cause some of long Covid's symptoms, by keeping the body in a constant state of inflammation.

This was true in patients who received their vaccines between 36 and 709 days prior.

Dr Iwasaki said: 'That was surprising, to find spike protein in circulation at such a late time point.

'We don't know if the level of spike protein is causing the chronic symptoms, because there were other participants with PVS who didn't have any measurable spike protein.

'But it could be one mechanism underlying this syndrome.'

The study's main limitation was its small size, Dr Gregory Poland, emeritus editor of the journal Vaccine and president of Atria Research Institute, told the New York Times.

However, he added: 'Despite these limitations, they found interesting data that need further study.

Much larger studies of very carefully defined and phenotyped individuals [genetically analyzed] need to take place.'

Dr Harlan Krumholz, co-senior study author and Harold H. Hines, Jr. Professor of Medicine at Yale, said: 'It's clear that some individuals are experiencing significant challenges after vaccination.

'Our responsibility as scientists and clinicians is to listen to their experiences, rigorously investigate the underlying causes, and seek ways to help.'

Dr John Wherry, director of the Institute for Immunology at the University of Pennsylvania who was not involved in the research, urged caution about the data and said it's possible some of the excess spike protein may be from undetected Covid infections.

He told The New York Times: 'I would like to see more data on this topic.'

The mRNA vaccines made by Moderna and Pfizer are estimated to have saved tens of millions of lives globally, including 3 million in the US.

Data from the US Covid vaccine injury compensation program suggested that 14,000 people had filed claims for injury or death they claimed were caused by the Covid vaccine as of December 2024, out of the 270 million Americans who received at least one dose of the vaccine.

Dr Paul Offit, a vaccines expert at the Children's Hospital of Philadelphia, told Daily Mail.com this highlighted that the vaccines were not dangerous.

He said: 'The vaccines have been given to billions of people at this point, and there were large prospective placebo-controlled studies that didn't show these effects.

'As the vaccines were rolled out, not everyone got them at once and this staggering would tell you if something is a problem that was not picked up in clinical trials.' **Mail Online**

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၁၀ ဦး ထပ်မံထိန်းသိမ်းနိုင်ခဲ့

နေပြည်တော် ဖေဖော်ဝါရီ ၂၀

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တစ်ဆင့် တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ်၊ မြဝတီမြို့- ရွှေကုက္ကိုလ်နှင့် KK Park နယ်မြေများတွင် တရားမဝင် Online လောင်းကစားမှုများ၊ Online လိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသူများကို စစ်ဆေးဖော်ထုတ်လျက်ရှိရာ ယနေ့တွင် ပြည်ပနိုင်ငံသား ၂၁၀ ဦးကို ထပ်မံထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ ထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး လိုအပ်သည့်ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းများကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် နေ့ချင်းပြီးဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်မှ ဖေဖော်ဝါရီလ ၂၀ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်းဦးရေ ၁၇၆၃ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၂၆၁ ဦးကို ထိုင်းနိုင်ငံမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၅၀၂ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းထားရှိကြောင်း သတင်းရရှိသည်။

(၁၀၀)



မြဝတီမြို့- ရွှေကုက္ကိုလ်နှင့် KK Park နယ်မြေများသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်စဉ်။



တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသားများအား ပြန်လည်လွှဲပြောင်းပေးအပ်စဉ်။




တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသားများအား မဲဆောက်လေဆိပ်၌ တရုတ်နိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးအပ်စဉ်။

■ **ကျောဖုံးမှအဆက်**

တရားမဝင် ဝင်ရောက်နေထိုင်ပြီး ကရင်ပြည်နယ် မြဝတီမြို့- ရွှေကုက္ကိုလ်နှင့် KK Park နယ်မြေများတွင် တရားမဝင် Online လောင်းကစားမှုများ၊ Online လိမ်လည်မှုများနှင့်ဒုစရိုက်မှုများလုပ်ဆောင်ခဲ့ကြသည့် တရုတ်နိုင်ငံသား (၂၀၀) ကို လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ယနေ့တွင် ထိုင်းနိုင်ငံမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါ လွှဲပြောင်းပေးအပ်ပွဲသို့ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲဗိုလ်ချုပ်တင်ကိုကို၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ပြစ်မှုဆိုင်ရာစုံစမ်းစစ်ဆေးရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Liu Ning Ning၊ ထိုင်းနိုင်ငံ တာ့ခ်ပြည်နယ် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး Mr.Narong-chai Jindaphan နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ရှိသူများထံ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာအထောက်အထားစာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ကြသည်။

ယနေ့လွှဲပြောင်းပေးခဲ့သည့် တရုတ်နိုင်ငံသားများကို ထိုင်းနိုင်ငံ မဲဆောက်လေဆိပ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ဆက်လက်ပို့ဆောင်ရာ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး H.E. Mr. Phumtham Wechayachai၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လုံခြုံရေးဆိုင်ရာဝန်ကြီးဌာန လက်ထောက်ဝန်ကြီး H. E. Mr. Liu Zhong Yi နှင့် မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်လာသည့် နိုင်ငံခြားသားများအား ဥပဒေနှင့်အညီ အမြန်ဆုံးအရေးယူ ပြည်နှင်လွှဲပြောင်းမှုကြီးကြပ်ရေးဗဟိုကော်မတီအဖွဲ့ဝင်ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော်တို့သည် စနစ်တကျဖြစ်စေရေး ကြည့်ရှုကြပြီး မီဒီယာများနှင့်တွေ့ဆုံကာ လွှဲပြောင်းလက်ခံရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ တရုတ်ပြည်သူ့လုံခြုံရေးဆိုင်ရာဝန်ကြီးဌာန လက်ထောက်ဝန်ကြီးနှင့် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့သည် မဲဆောက်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ဆုံပြီး သုံးနိုင်ငံ ကြိုတင်ညှိနှိုင်းဆွေးနွေးမှုများကြောင့် ပထမအကြိမ် တရုတ်နိုင်ငံသား ၂၀၀ ကို အချိန်တိုအတွင်း လွှဲပြောင်းနိုင်မှုအခြေအနေ၊ တတိယနိုင်ငံသားများ ပြန်လည်လွှဲပြောင်းနိုင်ရေး သက်ဆိုင်ရာသံရုံးများမှ လာရောက်ခေါ်ဆောင်နိုင်ရန် ထိုင်းနိုင်ငံမှ ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေနှင့် သုံးနိုင်ငံအကြား လုပ်ငန်းစနစ် ထူထောင်မည့်ကိစ္စနှင့် စပ်လျဉ်းသည့် အစည်းအဝေးကျင်းပနိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ယနေ့ လွှဲပြောင်းပေးအပ်ခဲ့သည့် တရုတ်နိုင်ငံသားများ၏ ဖွင့်ဟဝန်ခံချက်များအရ အများစုသည် တရုတ်နိုင်ငံမှ ထိုင်းနိုင်ငံဘန်ကောက်မြို့သို့လည်းကောင်း၊ ထိုမှတစ်ဆင့် မြန်မာ-ထိုင်းနယ်စပ်မြို့ဖြစ်သည့် မဲဆောက်မြို့သို့ ကနဦးရောက်ရှိကြပြီး အွန်လိုင်းလိမ်လည်မှုလုပ်ငန်း (Telecom Fraud) ကိုယ်စားလှယ်များက ထိုင်း-မြန်မာ နယ်စပ်ရှိ သောင်ရင်းမြစ်အား တရားမဝင်ဖြတ်ကျော်ခေါ်ဆောင်ကာ မြဝတီ- KK Park နယ်မြေအတွင်းရှိ Online လိမ်လည်မှုများ၊ Online လောင်းကစားမှုများတွင် ပါဝင်လုပ်ဆောင်ရန် စေခိုင်းခြင်းခံခဲ့ရခြင်းဖြစ်ကြောင်း သိရှိရသည်။



မြန်မာ-ထိုင်း-တရုတ် နိုင်ငံတို့မှ တာဝန်ရှိသူများ ထိုင်းနိုင်ငံ၊ မဲဆောက်လေဆိပ်၌ တွေ့ဆုံစဉ်။

အဆိုပါ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ လက်နက်ကိုင်အဖွဲ့အချို့လှုပ်ရှားနေထိုင်လျက်ရှိပြီး တရားဥပဒေစိုးမိုးရေးနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရာတွင် အခက်အခဲ၊ ကန့်သတ်ချက်များရှိခြင်းကို အခွင့်ကောင်းရယူကာ ကိုယ်ကျိုးစီးပွားရှာသူများက Online လောင်းကစားမှုများအပါအဝင် ဒုစရိုက်အမှုများကို ကျူးလွန်နေကြခြင်းဖြစ်ကြောင်းနှင့် Online လိမ်လည်မှုများ၏ အခြေခံလိုအပ်ချက်များကို တစ်ဖက်နိုင်ငံမှတစ်ဆင့် ရယူခဲ့ကြခြင်းဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုအများစုကို ပြည်ပအဖွဲ့အစည်းများမှ လာရောက်ရင်းနှီးမြှုပ်နှံထားခြင်းဖြစ်ကြောင်းသိရသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သောနိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# နှစ်နိုင်ငံသံတမန်ဆက်ဆံရေးပြန်လည်စတင်ရန် ရုရှားနှင့်အမေရိကန်သံအမတ်များ အပြည့်အဝပြန်လည်တာဝန်ထမ်းဆောင်မည်ဟုဆို

**မော်စကို၊ သံတမန်ရေး**

ရုရှားနှင့်အမေရိကန်တို့ကြား သံတမန်ဆက်ဆံရေးပြန်လည်စတင်ရန်အတွက် နှစ်နိုင်ငံစလုံးမှ သံအမတ်များက ၎င်းတို့၏လုပ်ငန်းများကို မကြာမီ ပြန်လည်စတင်မည်ဟု ရုရှားလွှတ်တော်မှ အရင်းအမြစ်တစ်ခုကပြောသည်။

ရုရှားနှင့်အမေရိကန်သံအမတ်များက ၎င်းတို့၏တာဝန်များကို အပြည့်အဝပြန်လည် ထမ်းဆောင်မည်ဖြစ်သောကြောင့် ၎င်းအချက်သည် နှစ်နိုင်ငံကြား သံတမန်ဆက်ဆံရေးပုံမှန်ပြန်ဖြစ်စေရေးအတွက် အလွန်အရေးပါကြောင်း အဆိုပါသတင်းအရင်းအမြစ်ကဆက်ပြောသည်။



ယခင် အမေရိကန်ပြည်ထောင်စုဆိုင်ရာ ရုရှားသံအမတ်ဟောင်း အန်နတိုလီ အန်တိုနော့သည် ၎င်း၏သံအမတ်တာဝန်များကို ၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် အဆုံးသတ်ခဲ့ခြင်းဖြစ်သည်။

ရုရှားအစိုးရသည် အမေရိကန်ပြည်ထောင်စုဆိုင်ရာရုရှားသံအမတ်အသစ်အဖြစ် ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနရှိ မြောက်အမေရိကရေးရာဌာနမှ ညွှန်ကြားရေးမှူး အလက်ဇန္ဒား ဒါချီယက်အား ခန့်အပ်ရန်လျာထားသည်ဟု ရုရှားမီဒီယာတချို့က ဖော်ပြခဲ့သော်လည်း ယင်းကိစ္စရပ်နှင့်စပ်လျဉ်း၍ ရုရှားအစိုးရက တရားဝင်ထုတ်ပြန်ထားခြင်း မရှိသေးပေ။

သို့သော် အမေရိကန်ပြည်ထောင်စုဆိုင်ရာ ရုရှားသံအမတ်သစ်ကို မကြာမီခန့်အပ်မည်ဟု ရုရှားအစိုးရအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီ ပက်စကော့ကပြောကြားထားသည်။

လက်ရှိ ရုရှားနိုင်ငံဆိုင်ရာ အမေရိကန် သံအမတ်မှာ လင်းထရေစီဖြစ်ပြီး သူမအား ယခင်သမ္မတဟောင်း ဂျိုးဘိုင်ဒင်ကခန့်အပ်ခြင်းဖြစ်သောကြောင့် လက်ရှိသမ္မတ ဒေါ်နယ်ထရမ့်က ၎င်းနေရာတွင် အခြားသူတစ်ဦးအား အစားထိုးခန့်အပ်နိုင်သူဟူသော ပြောဆိုယူဆမှုများ ထွက်ပေါ်လျက်ရှိကြောင်းသိရသည်။

Ref: Tass

## နိုင်ငံတကာသတင်းတိုကဏ္ဍ

### ဇီလန်စကီအား အာဏာရှင်ဟု အမေရိကန်သမ္မတ ထရမ့်ကသတ်မှတ်

ယူကရိန်းသမ္မတ ဇီလန်စကီအား အာဏာရှင်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က သတ်မှတ်လိုက်ပြီး ရုရှားနှင့်ဖြစ်ပွားနေသည့်ပဋိပက္ခအား မှားယွင်းစွာစီမံခန့်ခွဲလျက်ရှိသည်ဟု စွပ်စွဲခဲ့ကြောင်းသိရသည်။

ထို့ပြင် ဇီလန်စကီသည် အမေရိကန်မှပေးအပ်သည့် ဘဏ္ဍာရေးအကူအညီများအား အနိုင်မရရှိနိုင်သည့်စစ်ပွဲတွင် အသုံးပြုခဲ့သည်ဟု ထရမ့်က ဖေဖော်ဝါရီလ ၁၉ ရက်တွင် ၎င်း၏ဆိုရှယ်မီဒီယာပေါ်တွင် ဖော်ပြထားသည်။

ထရမ့်၏အဆိုပါပြောကြားချက်သည် ရုရှားနှင့်အမေရိကန်တို့ကြားကျင်းပသည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် ယူကရိန်းနိုင်ငံ ပါဝင်ခြင်းမရှိဘဲ ကျင်းပမှုနှင့်စပ်လျဉ်း၍ အမေရိကန်နှင့် ယူကရိန်းတို့ကြား တင်းမာမှုမြင့်တက်နေစဉ် ထွက်ပေါ်လာခြင်းဖြစ်သည်။

ထို့ပြင် ရုရှားနှင့်အမေရိကန်တို့ကြားကျင်းပသည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် ယူကရိန်းနိုင်ငံပါဝင်ခြင်းမရှိမှုနှင့်စပ်လျဉ်း၍ ဇီလန်စကီက အမေရိကန်အစိုးရအား ပြစ်တင်ဝေဖန်ထားကြောင်း သိရသည်။

Ref: RT

### အရီဇိုးနားပြည်နယ်ရှိ လေဆိပ်တစ်ခုတွင် အသေးစားလေယာဉ်နှစ်စင်း ဝေဟင်ပေါ်တွင် ခေါင်းချင်းဆိုင်တိုက်

အမေရိကန်ပြည်ထောင်စု အရီဇိုးနားပြည်နယ်ရှိ လေဆိပ်တစ်ခုတွင် အသေးစားလေယာဉ်နှစ်စင်း ဝေဟင်ပေါ်တွင် ခေါင်းချင်းဆိုင်တိုက်မိခဲ့ရာ အနည်းဆုံး လူနှစ်ဦး သေဆုံးသွားကြောင်း သိရသည်။

အဆိုပါမတော်တဆမှုသည် မာရာနာလေဆိပ်တွင် ဖေဖော်ဝါရီလ ၁၉ ရက် နံနက်ပိုင်းတွင်ဖြစ်ပွားခြင်းဖြစ်ပြီး Cessna 172S လေယာဉ်နှင့် Lancair 360 MK II လေယာဉ်တို့ ဝင်တိုက်မိခြင်းဖြစ်ကြောင်း အမေရိကန်အမျိုးသားသယ်ယူပို့ဆောင်ရေးဘေးအန္တရာယ်ကင်းရှင်းမှုဘုတ်အဖွဲ့၏ ထုတ်ပြန်ချက်အရသိရသည်။

ဝင်တိုက်ခဲ့သည့် လေယာဉ်နှစ်စင်းစလုံးမှာ အင်ဂျင်တစ်လုံးတပ် အသေးစားလေယာဉ်များဖြစ်ပြီး ဝင်တိုက်ခဲ့ပြီး လေဆိပ်သို့ပျက်ကျပြီးနောက်ပိုင်းတွင် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်းသိရသည်။

Ref: Xinhua

# နျူကလီးယားတပ်ဖွဲ့၏ တိုက်ပွဲဝင်အသင့်ဖြစ်မှုကို ပြသရန်အတွက် တိုက်ချင်းပစ်ဒုံးကျည်အား အမေရိကန်စမ်းသပ်ပစ်ခတ်



Minuteman III တိုက်ချင်းပစ်ဒုံးကျည်တစ်စင်းအား ကယ်လီဖိုးနီးယားပြည်နယ်တွင် စမ်းသပ်ပစ်ခတ်ခဲ့ကြောင်း သိရသည်။

**ဝါရှင်တန်၊ စစ်ရေး**

အမေရိကန်လေတပ်မှ ကမ္ဘာလုံးဆိုင်ရာ တိုက်ခိုက်ရေးစစ်ဌာနချုပ်သည် ၎င်းတို့၏ Minuteman III တိုက်ချင်းပစ်ဒုံးကျည်တစ်စင်းအား ကယ်လီဖိုးနီးယားပြည်နယ်တွင် စမ်းသပ်ပစ်ခတ်ခဲ့ကြောင်း သိရသည်။

ကမ္ဘာလုံးဆိုင်ရာတိုက်ခိုက်ရေးစစ်ဌာနချုပ်သည် အဆိုပါတိုက်ချင်းပစ်ဒုံးကျည်အား ဖေဖော်ဝါရီလ ၁၉ ရက် ပစိဖိတ်စံတော်ချိန် နံနက် ၁ နာရီခန့်က ကယ်လီဖိုးနီးယားပြည်နယ်ရှိ ဗန်ဒါဘာ့ အာကာသတပ်ဖွဲ့၏အခြေစိုက်စခန်းတွင် ပစ်ခတ်စမ်းသပ်ခြင်းဖြစ်ကြောင်း စစ်ဌာနချုပ်၏ ဝက်ဆိုက်တွင် ဖော်ပြထားသည်။

ယခုလုပ်ဆောင်သည့် တိုက်ချင်းပစ်ဒုံးကျည် စမ်းသပ်မှုသည် အမေရိကန်နျူကလီးယားတပ်ဖွဲ့၏ တိုက်ပွဲဝင်အသင့်ဖြစ်မှုနှင့် အမေရိကန်နျူကလီးယားတားဆီးရေးစနစ်၏ အစွမ်းထက်မြက်မှုအပေါ်ယုံကြည်မှုရှိစေရန် ထုတ်ဖော်ပြသခြင်းဖြစ်သည်ဟု အမေရိကန်ကမ္ဘာလုံးဆိုင်ရာတိုက်ခိုက်ရေးစစ်ဌာနချုပ်က ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

Ref: Tass

# ယူကရိန်း၌ ငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်ဖွဲ့ဝင်များကို ဖြန့်ကြက်မည့်အစီအစဉ်အား ဥရောပနိုင်ငံများက အမေရိကန်သို့ကမ်းလှမ်းမည်

**မော်စကို၊ စစ်ရေး**

ဥရောပနိုင်ငံများက အရေအတွက်အားဖြင့် ၃၀၀၀၀ မကျော်သည့် ငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်ဖွဲ့ဝင်များကို ယူကရိန်းနိုင်ငံအတွင်း ဖြန့်ကြက်မည့်အစီအစဉ်အား အမေရိကန်အစိုးရထံ ကမ်းလှမ်းမည်ဖြစ်ကြောင်း ဗြိတိန်သတင်းစာကြီးတစ်စောင်က ဖော်ပြသည်။

ယူကရိန်းနိုင်ငံတွင် အနောက်နိုင်ငံများမှ ငြိမ်းချမ်းမှုထိန်းသိမ်းရေး တပ်ဖွဲ့ဝင်များအား ဖြန့်ကြက်မည့် အစီအစဉ်ကို ပြင်သစ်နိုင်ငံ ပဲရစ်မြို့၌ကျင်းပသည့် အလွတ်သဘောဆွေးနွေးပွဲ၌ အတည်ပြုထားပြီးဖြစ်ကြောင်း The Daily Telegraph သတင်းစာက ဖေဖော်ဝါရီလ ၁၉ ရက်တွင်ဖော်ပြသည်။

အဆိုပါကမ်းလှမ်းချက်အား ဗြိတိန်ဝန်ကြီးချုပ် ကီယာစတားမားက အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ထံသို့ လာမည့်ရက်သတ္တပတ်အတွင်း ပေးပို့မည်ဖြစ်ကြောင်းသိရသည်။ အဆိုပါကမ်းလှမ်းချက်အား ဗြိတိန်နှင့် ပြင်သစ်နိုင်ငံတို့ကတင်သွင်းခြင်းဖြစ်သည်။

အဆိုပါကမ်းလှမ်းချက်အရ ဥရောပငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်ဖွဲ့ဝင်များအား ယူကရိန်းနိုင်ငံရှိ အကြီးဆုံးမြို့ကြီးများဖြစ်သည့် ပိုတာဗာ၊ နီပရို၊ ခရီဗိုင်ရော့တို့တွင် ဖြန့်ကြက်မည်ဖြစ်သည်။ သို့သော် ယူကရိန်းတွင် အဆိုပါတပ်ဖွဲ့ဝင်များဖြန့်ကြက်မည့် အစီအစဉ်ကို ဂျာမနီ၊ စပိန်နှင့် အီတလီတို့က ကန့်ကွက်ထားကြောင်းသိရသည်။

ဗြိတိန်ဝန်ကြီးချုပ် စတားမားနှင့် ပြင်သစ်သမ္မတ အီမန်နျူယယ်မက်ခရွန်တို့အနေဖြင့် ယူကရိန်းပဋိပက္ခအား အဆုံးသတ်နိုင်ရေးအတွက် ယူကရိန်းနိုင်ငံသို့ လာမည့်ရက်သတ္တပတ်အတွင်း သွားရောက်မည်ဟု အမေရိကန်အစိုးရက မျှော်လင့်သည်ဟု အမေရိကန်သမ္မတ ထရမ့်၏ အမျိုးသားလုံခြုံရေးအကြံပေး မိုက်ဝေါ့ဇ်က ဖေဖော်ဝါရီလ ၁၉ ရက်တွင် Fox News ရုပ်သံနှင့်ပြုလုပ်သည့်တွေ့ဆုံမေးမြန်းခန်းတစ်ခု၌ ပြောကြားခဲ့ကြောင်းသိရသည်။

Ref: Ivt



# မန္တလေးဗဟိုအကျဉ်းထောင်အား မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန် ကြည့်ရှုစစ်ဆေး

မန္တလေး ဖေဖော်ဝါရီ ၂၀

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်၊ ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးနှင့် ဦးကျော်မြင့်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်နှင့်အညီ ဖေဖော်ဝါရီလ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ မန္တလေးဗဟိုအကျဉ်းထောင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့သည် အကျဉ်းသား/ အကျဉ်းသူများ၏ အိပ်ဆောင်များ၊ အကျဉ်းထောင်ဆေးရုံ၊ စာကြည့်တိုက်၊ အသက်မွေးဝမ်းကျောင်းပညာသင်ကြားပေးသည့်အလုပ်ရုံများ၊ ထောင်ဝင်စာတွေ့ဆုံသည့်နေရာ၊ ထောင်တွင်းစာသင်ကျောင်း၊ အချုပ်ဆောင်၊ စားဖိုကြီး၊ ရိက္ခာဂိုဒေါင်၊ ရေသန့်စက်များ၊ မိလ္လာများနှင့် သုံးရေကန်များ စသည်တို့ကို ကြည့်ရှုစစ်ဆေးသည်။

စစ်ဆေးစဉ် အကျဉ်းသား/ အကျဉ်းသူများကို အိပ်ဆောင်များတွင်တွေ့ဆုံပြီး သီးခြားလွတ်လပ်စွာတွေ့ဆုံခွင့်တောင်းခံသူ အကျဉ်းသား/အကျဉ်းသူ၊ အချုပ်သား/ အချုပ်သူ စုစုပေါင်း ၈၆ ဦးကို တွေ့ဆုံကာ အကျဉ်းသူများ၏ တင်ပြချက်များကို မေးမြန်းမှတ်တမ်းတင်ပြီးနောက် အကျဉ်းသား/ အကျဉ်းသူ၊ အချုပ်သား/ အချုပ်သူ တစ်ဦး၏ အနိမ့်ဆုံးရရှိရမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှုအခြေအနေ၊ ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်များ ကျွေးမွေးမှုအခြေအနေ၊ အကျဉ်းထောင်ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေသည့် အကျဉ်းသားများကို ကျန်းမာရေးစောင့်ရှောက်ပေးနေမှုအခြေအနေ၊ အကျဉ်းသား၏ ရောဂါအခြေအနေ အပေါ်မူတည်၍ ပြင်ပဆေးရုံများသို့ တင်ပို့ကုသပေးမှုအခြေအနေ၊ သန့်ရှင်းသောသောက်ရေပေးဝေမှုနှင့် ချိုးရေသုံးရေ လုံလောက်စွာရရှိစေရန် ဆောင်ရွက်ပေးနေမှုအခြေအနေ၊ မိသားစုနှင့်တွေ့ဆုံခွင့်ပေးနိုင်မှုအခြေအနေ၊ ထောင်ဝင်စာပစ္စည်းများ စုံလင်စွာလက်ခံရရှိမှုအခြေအနေ၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများရရှိမှုအခြေအနေ၊ ကျန်းမာကြံ့ခိုင်ရေးအတွက် ကိုယ်လက်လှုပ်ရှားအားကစားဆောင်ရွက်ပေးမှုအခြေအနေ၊ ယုံကြည်ရာကိုးကွယ်သည့် ဘာသာအလိုက် ဝတ်ပြုကိုးကွယ်ခွင့်အခြေအနေ၊ အတန်းပညာနှင့် အသက်မွေးဝမ်းကျောင်းပညာသင်ကြားပေးနေမှုအခြေအနေ၊ အကျဉ်းသား/အကျဉ်းသူများအား အကျဉ်းထောင်ဝန်ထမ်းများကလည်းကောင်း၊ အကျဉ်းသားအချင်းချင်းကလည်းကောင်း ညှဉ်းပန်းနှိပ်စက်မှု ရှိ၊ မရှိအခြေအနေ စသည်တို့ကို မေးမြန်းခဲ့ပြီး အကျဉ်းသားများ လေ့လာဖတ်ရှုနိုင်ရန်အတွက် ဗဟုသုတရဖွယ် စာအုပ်စာပေများကို ကော်မရှင်မှလှူဒါန်းခဲ့ကြသည်။

စစ်ဆေးရေးအဖွဲ့၏စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနသို့ ကော်မရှင်ဥပဒေနှင့်အညီ အကြံပြုပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

# တရုတ်အစားအစာချက်ပြုတ်နည်းသင်တန်းဖွင့်ပွဲသို့ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၂၀

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် ယမန်နေ့က မန္တလေးမြို့ရှိ ကြင်းတောယန် တရုတ်ဘုံကျောင်း၌ တရုတ်အစားအစာချက်ပြုတ်နည်းသင်တန်းဖွင့်ပွဲသို့ တက်ရောက်သည်။



ဖွင့်ပွဲသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေး၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာတရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံး မန္တလေးမှ ကောင်စစ်ဝန်ချုပ်နှင့် တာဝန်ရှိသူများ၊ ဖူးကျင့်နိုင်ငံတကာဘာသာစကား သင်တန်းကျောင်းမှဒုတိယကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ ကြင်းတောယန် တရုတ်ဘုံကျောင်းမှ တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ရှိ Yunnan Economics Trade and Foreign Affairs College မှ သင်တန်းနည်းပြဆရာများ၊ မန္တလေးမြို့ရှိ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

သင်တန်းဖွင့်ပွဲတွင် ဒုတိယဝန်ကြီးက အမှာစကားပြောကြားပြီး ဖူးကျင့်နိုင်ငံတကာဘာသာစကားသင်တန်းကျောင်းမှ ဒုတိယကျောင်းအုပ်ကြီးက တရုတ်အစားအစာချက်ပြုတ်နည်းသင်တန်း ဖွင့်လှစ်ပို့ချမည့် အခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် သင်တန်းသား၊ သင်တန်းသူများအား တရုတ်အစားအစာချက်ပြုတ်နည်း သင်ကြားပို့ချနေမှုကို သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် မန္တလေးမြို့ရှိ ဟိုတယ်လုပ်ငန်းရှင်များနှင့် ခရီးသွားလုပ်ငန်းရှင်များအား Y Mandalay Hotel ၌ တွေ့ဆုံခဲ့ပြီး ခရီးသွားလုပ်ငန်းသည်ကဏ္ဍစုံ၊ နယ်ပယ်စုံနှင့် ဆက်စပ်နေပြီး အားလုံးပူးပေါင်းဆောင်ရွက်ကြရသည့် လုပ်ငန်းတစ်ခုဖြစ်သောကြောင့် ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်ရာတွင် အစိုးရ၊ လုပ်ငန်းရှင်နှင့် ပြည်သူများအားလုံး တက်ညီလက်ညီဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်းပြောကြားရာ တက်ရောက်လာကြသူများက သက်ဆိုင်ရာအလိုက် လုပ်ငန်းဆောင်ရွက်နေမှုနှင့် တွေ့ကြုံရသည့် အခက်အခဲများကို ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့သည်။

(သတင်းစဉ်)

## ခွေးရူးရောဂါကာကွယ်ဆေးထိုးနှံမည့်အစီအစဉ်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသည် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ရှိ မြို့နယ် (၈) မြို့နယ်တွင် စတုတ္ထအကြိမ်မြောက် ခွေးရူးရောဂါကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းအား ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ (၂၄) ရက်မှ မတ်လ (၅) ရက်အထိ အခမဲ့ဆေးထိုးနှံခြင်းအား နံနက် ၉:၀၀ မှ ညနေ ၄:၃၀ ထိ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသဖြင့် အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်၍ လာရောက်ထိုးနှံနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

| စဉ် | မြို့နယ် | ဖုန်းနံပါတ် |
|---|---|---|
| ၁။ | ဒက္ခိဏသီရိ | ၀၉-၅၃၀၁၁၀၇ |
| ၂။ | ဇမ္ဗူသီရိ | ၀၉-၄၀၁၀၆၃၅၈၉၃ |
| ၃။ | ပျဉ်းမနား | ၀၉-၂၅၀၁၂၆၁၃၆ |
| ၄။ | ပုဗ္ဗသီရိ | ၀၉-၇၈၀၁၅၃၃၆၁ |
| ၅။ | ဇေယျာသီရိ | ၀၉-၂၅၀၁၀၃၉၉၁ |
| ၆။ | တပ်ကုန်း | ၀၉-၇၉၇၉၄၅၇၁၂ |
| ၇။ | ဥတ္တရသီရိ | ၀၉-၉၆၆၅၀၉၁၆၀ |
| ၈။ | လယ်ဝေး | ၀၉-၉၇၆၆၀၄၄၂၂ |

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၁-၂-၂၀၂၅

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၂၁၅ | ၃၃၂၅ | ၃၂၉၅ | ၃၂၃၀ | ၃၃၃၅ | ၃၃၅၀ | ၃၃၆၅ | ၃၂၈၅ | ၄၅၀၅ | ၃၅၈၀ | ၃၃၀၀ | ၃၃၀၅ | ၃၃၇၅ | ၃၃၄၀ | ၃၃၆၀ | ၃၆၁၅ |
| 95 Ron | ၃၂၇၀ | ၃၃၈၅ | ၃၃၅၀ | ၃၂၈၅ | ၃၃၉၀ | ၃၄၀၅ | ၃၄၂၅ | ၃၃၄၀ | ၄၅၆၀ | ၃၆၃၅ | ၃၃၆၀ | ၃၃၆၀ | ၃၄၃၀ | ၃၃၉၅ | ၃၄၂၀ | ၃၆၇၅ |
| HSD (500 ppm) | ၂၇၆၅ | ၂၈၈၀ | ၂၈၄၅ | ၂၇၈၀ | ၂၈၈၅ | ၂၉၀၀ | ၂၉၂၀ | ၂၈၃၅ | - | ၃၁၃၀ | ၂၈၅၅ | ၂၈၅၅ | ၂၉၂၅ | ၂၈၉၀ | ၂၉၁၀ | ၃၁၇၀ |
| HSD (50 ppm) | ၃၄၂၅ | ၃၅၃၅ | ၃၅၀၅ | ၃၄၄၀ | ၃၅၄၅ | ၃၅၆၀ | ၃၅၇၅ | ၃၄၉၅ | ၄၈၃၀ | ၃၇၉၀ | ၃၅၁၀ | ၃၅၁၅ | ၃၅၈၅ | ၃၅၅၀ | ၃၅၇၀ | ၃၈၂၅ |
| HSD (10 ppm) | ၃၄၂၅ | ၃၅၃၅ | ၃၅၀၅ | ၃၄၄၀ | ၃၅၄၅ | ၃၅၆၀ | ၃၅၇၅ | ၃၄၉၅ | - | ၃၇၉၀ | ၃၅၁၀ | ၃၅၁၅ | ၃၅၈၅ | ၃၅၅၀ | ၃၅၇၀ | ၃၈၂၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၀၃၈ | ၃၁၃၂ |
| 95 Ron | ၃၀၉၄ | ၃၁၈၉ |
| HSD (500 ppm) | ၂၆၀၄ | ၂၆၈၅ |
| HSD (50 ppm) | ၃၂၄၁ | ၃၃၃၆ |
| HSD (10 ppm) | ၃၂၄၁ | ၃၃၃၆ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# အထိုင်လျှော့ပါ များများလှုပ်ရှားပါ ကိုယ်လက်လှုပ်ရှားဆေးတစ်ပါး

ဒေါက်တာရဲတင့်လွင်
(ဆေးသုတေသန)

အထိုင်များခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်း စသော ကျန်းမာရေးပြဿနာဖြစ်စေနိုင်သည့် လူမှုဘဝနေထိုင်မှုပုံစံတို့ကိုရှောင်ရှားပြီး ကိုယ်လက်လှုပ်ရှားမှုနှင့် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများ ပုံမှန်ပြုလုပ်ခြင်း စသည့် ကျန်းမာရေးနှင့်ညီညွတ်သော လူမှုဘဝနေထိုင်မှုပုံစံများကို တိုးတက်လာစေရေးအတွက် ဤဆောင်းပါးကိုရေးသားပါသည်။

ရှေးဦးစွာ အထိုင်များခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်းတို့၏ ဆိုးကျိုးများကို တင်ပြလိုပါသည်။ ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်းကြောင့် မကူးစက်နိုင်သော နာတာရှည်ရောဂါများ (Non-communicable diseases) ဖြစ်သည့် အဝလွန်ရောဂါ၊ ဆီးချိုသွေးချို၊ သွေးတိုး၊ နှလုံးသွေးကြောနှင့် ကင်ဆာရောဂါအမျိုးမျိုးကို ဖြစ်ပေါ်စေနိုင်ပါသည်။ ယခုအခါ ယင်းရောဂါများဖြစ်ပွားနှုန်းသည် အလွန်လျင်မြန်စွာ မြင့်တက်လာပြီး ကပ်ရောဂါအသွင်ဆောင်လာသည့် ပြည်သူ့ကျန်းမာရေးပြဿနာ (Public Health Problem)တစ်ခုဖြစ်လာပါသည်။

အထိုင်များခြင်းသည် ခန္ဓာကိုယ်ဝမ်းဗိုက်အဆီစုခြင်း (ဗိုက်ရွှဲခြင်း)၊ သွေးတွင်းကိုလက်စထရောများခြင်းနှင့် အင်ဆူလင်ဟော်မုန်းအာနိသင်လျော့ကျခြင်းတို့ဖြစ်စေနိုင်သဖြင့် နှလုံးသွေးကြော၊ သွေးတိုး၊ ဆီးချိုရောဂါတို့နှင့် ဆက်နွှယ်ဖြစ်ပွားစေနိုင်ပါသည်။ ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်းသည် ကမ္ဘာတစ်လွှားတွင် နှလုံးသွေးကြောရောဂါ ၆ ရာခိုင်နှုန်း၊ ဆီးချိုသွေးချိုရောဂါ ၇ ရာခိုင်နှုန်း၊ ရင်သားကင်ဆာ၊ အူမကြီးကင်ဆာ ၁၀ ရာခိုင်နှုန်းအထိ ဖြစ်ပွားနှုန်းမြင့်တက်စေနိုင်ပြီး အချိန်မတိုင်မီ သေဆုံးနှုန်းကို ၉ ရာခိုင်နှုန်းအထိတိုးစေကြောင်း ၂၀၀၈ ခုနှစ် မှတ်တမ်းအရ သိရှိရပါသည်။ ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်းသည် တစ်နှစ်လျှင် လူဦးရေ ၃ ဒသမ ၃ သန်းခန့်ကို သေဆုံးစေသော ကျန်းမာရေးအန္တရာယ်ဖြစ်စေသည့် စတုတ္ထမြောက် ဦးဆောင်အကြောင်းအချက်ဖြစ်ကြောင်း ၂၀၀၄ ခုနှစ်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှဖော်ပြခဲ့ပါသည်။

မြန်မာနိုင်ငံတွင် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းပြုလုပ်မှု အတိုင်းအတာပမာဏနှင့်ပတ်သက်၍ ၂၀၁၄ ခုနှစ် သုတေသနပြုလုပ်ချက်များအရ လေ့လာသူဦးရေ၏ ၁၅ ဒသမ ၇ ရာခိုင်နှုန်း(အမျိုးသား ၁၂ ဒသမ ၅ ရာခိုင်နှုန်းနှင့် အမျိုးသမီး ၁၈ ဒသမ ၈ ရာခိုင်နှုန်း)တို့သည် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းပြုလုပ်မှုနည်းပါးကြောင်း တွေ့ရှိခဲ့ပါသည်။

၂၀၁၈ ခုနှစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အစီရင်ခံစာအရ မြန်မာနိုင်ငံတွင် သေဆုံးသူအားလုံး၏ ၆၈ ရာခိုင်နှုန်းသည် မကူးစက်နိုင်သောရောဂါကြောင့်ဖြစ်ပြီး ကိုယ်ခန္ဓာလှုပ်ရှားမှုနည်းပါးခြင်းသည် မကူးစက်နိုင်သောရောဂါဖြစ်စေနိုင်သော စတုတ္ထမြောက် ဦးဆောင်အကြောင်းအရာဖြစ်ကြောင်း ဖော်ပြထားပါသည်။

၂၀၂၂ ခုနှစ်လေ့လာတွေ့ရှိချက်အရ ကမ္ဘာတစ်လွှားတွင် အရွယ်ရောက်ပြီး လူကြီး သုံးပုံတစ်ပုံခန့်နှင့် ပျိုဖော်ဝင်ချိန် လူငယ် ၈၁ ရာခိုင်နှုန်းသည် ကိုယ်ခန္ဓာလှုပ်ရှားမှုနည်းပါးသော စာရင်းဝင်နေကြောင်း တွေ့ရှိရပါသည်။

အထိုင်များသောလူ့ဘဝနေထိုင်မှုပုံစံ (Sedentary lifestyle)ဆိုသည်မှာ အိပ်စက်မနေဘဲ နိုးနေချိန်တွင် ကိုယ်လက်လှုပ်ရှားမှုအတိုင်းအတာနည်းပါးသော တီဗွီကြည့်ခြင်း၊ ကွန်ပျူတာဂိမ်းကစားခြင်း၊ ကွန်ပျူတာနှင့် လက်ကိုင်ဖုန်းအသုံးပြုချိန်များခြင်း၊ လဲလျောင်းအနားယူချိန်၊ ထိုင်နေချိန်များခြင်းတို့ဖြင့်သာ နေထိုင်မှုပုံစံဖြစ်ပါသည်။

**''ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်းကြောင့် မကူးစက်နိုင်သော နာတာရှည်ရောဂါများ (Non-communicable diseases) ဖြစ်သည့် အဝလွန်ရောဂါ၊ ဆီးချိုသွေးချို၊ သွေးတိုး၊ နှလုံးသွေးကြောနှင့် ကင်ဆာရောဂါအမျိုးမျိုးကို ဖြစ်ပေါ်စေနိုင်ပါသည်။ ယခုအခါ ယင်းရောဂါများဖြစ်ပွားနှုန်းသည် အလွန်လျင်မြန်စွာ မြင့်တက်လာပြီး ကပ်ရောဂါအသွင်ဆောင်လာသည့် ပြည်သူ့ကျန်းမာရေးပြဿနာ (Public Health Problem) တစ်ခုဖြစ်လာ. . ."**

ကိုယ်လက်လှုပ်ရှားမှုနည်းပါးသည့် (Physical Inactivity)ဆိုသည်မှာ အတော်အသင့် ပြင်းထန်မှုရှိသော ကိုယ်ခန္ဓာလှုပ်ရှားမှု တစ်ပတ်လျှင် မိနစ် ၁၅၀ သို့မဟုတ် ပြင်းထန်သောကိုယ်ခန္ဓာလှုပ်ရှားမှု တစ်ပတ်လျှင် ၇၅ မိနစ် ပြည့်အောင်ဆောင်ရွက်ခြင်း မရှိသော နေထိုင်မှုမျိုးကိုဆိုလိုပါသည်။

သို့ဆိုလျှင် ကျန်းမာရေးပြဿနာဖြစ်စေနိုင်သော ဤလူ့ဘဝနေထိုင်မှုပုံစံနှစ်မျိုးကို ရှောင်ကြဉ်ကြရမည်ဖြစ်ပါသည်။

ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းပုံမှန်ပြုလုပ်ခြင်းဖြင့် ရရှိနိုင်သောအကျိုးကျေးဇူးများမှာ-

ကလေး၊ လူငယ်များတွင်- ကျန်းမာသော ကိုယ်အလေးချိန်ရှိခြင်း၊ ပညာရည်စွမ်းဆောင်မှုကောင်းခြင်း၊ မိမိကိုယ်မိမိတန်ဖိုးထားခြင်း (Self-esteem) နှလုံးသွေးကြောရောဂါဖြစ်ပွားရန် အန္တရာယ်နည်းပါးခြင်း၊ အဝလွန်ရောဂါမဖြစ်ခြင်း၊ အရွယ်ရောက်ပြီးလူကြီးများတွင်- ပုံမှန်ကိုယ်အလေးချိန်ထိန်းသိမ်းနိုင်ခြင်း၊ နေ့စဉ်ဆောင်ရွက်ဖွယ်များကို ကောင်းစွာလုပ်ဆောင်နိုင်ခြင်း၊ စိတ်ဖိစီးမှုကိုခံနိုင်ရည်ရှိခြင်း၊ စိတ်ကျရောဂါဖြစ်ပွားမှု လျော့နည်းခြင်း၊ မကူးစက်နိုင်သောရောဂါများဖြစ်နိုင်သည့် အန္တရာယ်လျော့နည်းခြင်း၊ သက်ကြီးရွယ်အိုများတွင်- ဘဝနေထိုင်မှုအဆင့်အတန်း (Quality of Life) ကို ကောင်းမွန်စေပြီး အမှီအခိုကင်းစွာနေထိုင်နိုင်ခြင်း၊ ကိုယ်ခန္ဓာခုခံအားကောင်းခြင်း၊ အရိုးပွမှုလျော့နည်းခြင်း၊ စိတ်ပိုင်းဆိုင်ရာကျန်းမာခြင်း (Psychological well-being)၊ ကိုယ်ခန္ဓာလှုပ်ရှားမှုနှင့် ဟန်ချက်ထိန်းသိမ်းနိုင်မှုကောင်းခြင်း၊ ရောဂါဖြစ်ပွားမှုကာကွယ်နိုင်ခြင်းတို့ ရရှိပါသည်။

ခန္ဓာကိုယ်ဇီဝကမ္မစနစ်များ အကျိုးရရှိသည်သာမက စိတ်ပိုင်းဆိုင်ရာကျန်းမာခြင်း၊ မှတ်ဉာဏ်လျော့နည်းလာခြင်းရောဂါ (Dementia)၊ စိတ်ဓာတ်ကျခြင်း (Depression) ဖြစ်ပွားမှုလျော့ကျစေသည့်အပြင် စိတ်ပူပန်မှု (Anxiety)နှင့် စိတ်ဖိစီးမှု (Stress) များလည်း လျော့နည်းစေနိုင်ပါသည်။

ကမ္ဘာ့''ကိုယ်လက်လှုပ်ရှားဆေးတစ်ပါး'' (Excise is Medicine)အဖွဲ့အစည်း၏ သုတေသနပြုဖော်ပြချက်အရ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းပုံမှန်ပြုလုပ်ခြင်းဖြင့် ရောဂါဖြစ်စေနိုင်သည့် အန္တရာယ်အတိုင်းအတာပမာဏအားဖြင့် နှလုံးသွေးကြောရောဂါများကို ၄၀ ရာခိုင်နှုန်း၊ လေဖြတ်ခြင်းကို ၂၇ ရာခိုင်နှုန်း၊ အူမကြီးကင်ဆာဖြစ်ခြင်းကို ၆၀ ရာခိုင်နှုန်း၊ ရင်သားကင်ဆာဖြစ်ခြင်းကို ၅၀ ရာခိုင်နှုန်း၊ တင်ပါးဆုံရိုးကျိုးခြင်းကို ၅၈ ရာခိုင်နှုန်းနှင့် အရွယ်မတိုင်မီသေဆုံးမှုကို ၄၀ ရာခိုင်နှုန်းလျော့ကျစေနိုင်သည့်အပြင် စိတ်ပိုင်းဆိုင်ရာမှတ်ဉာဏ်လျော့နည်းခြင်းရောဂါ ၃၀ ရာခိုင်နှုန်း၊ စိတ်ကစဉ့်ကလျားရောဂါ ၄၀ ရာခိုင်နှုန်း၊ စိတ်ကျရောဂါ (Depression) ၃၀ ရာခိုင်နှုန်းလျော့ကျနိုင်ကြောင်း တင်ပြထားပါသည်။

ထို့ပြင် သုတေသနဖော်ထုတ်ချက်များအရ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းပြုလုပ်ခြင်းသည် ရောဂါ ၂၆ မျိုး ကုသမှုတွင် အကျိုးရှိအသုံးပြုနိုင်ကြောင်း တင်ပြထားပါသည်။ ရောဂါများမှာ (၁) စိတ်ရောဂါများ (စိတ်ကျခြင်း၊ စိတ်လှုပ်ရှားခြင်း၊ စိတ်ကစဉ့်ကလျားဖြစ်ခြင်း)၊ (၂)အာရုံကြောရောဂါများ (မှတ်ဉာဏ်လျော့နည်းခြင်း၊ ပါကင်စင်ရောဂါ (Parkinson's disease)၊ (၃) ဇီဝဓာတုဖြစ်စဉ်ပြောင်းလဲခြင်းရောဂါများ (အဝလွန်ခြင်း၊ သွေးတွင်းအဆီများခြင်း၊ ဆီးချိုသွေးချိုရောဂါ)၊ (၄) နှလုံးသွေးကြောရောဂါများ (သွေးတိုး၊ နှလုံးရောဂါ)၊ (၅) အဆုတ်နှင့်သက်ဆိုင်သောရောဂါများ (ပန်းနာရင်ကျပ်)၊ (၆) အရိုးအကြောအဆစ်ရောဂါများ (အရိုးပွ၊ သွေးလေးဖက်နာရောဂါ၊ ခါးနာရောဂါ၊ အဆစ်ရောင်ရောဂါ)၊ (၇) ကင်ဆာရောဂါများ (အူမကြီးကင်ဆာ၊ ရင်သားကင်ဆာ စသည်) တို့ဖြစ်ပါသည်။

ကိုယ်လက်လှုပ်ရှားမှု (Physical activity)ဆိုသည်မှာ ကိုယ်ခန္ဓာကြွက်သားများမှ နားနေစဉ်အခြေအနေထက် စွမ်းအင်ပိုမိုသုံးစွဲ၍ ပြုလုပ်ရသော ကိုယ်ခန္ဓာလှုပ်ရှားမှုများကို ခေါ်ပါသည်။ ယင်းတို့မှာ (၁) နေ့စဉ်လုပ်နေကျ ထိုင်၊ ထ၊ လမ်းလျှောက်၊ ကိုယ်ခန္ဓာသန့်စင်၊ ရေချိုး စသည့်လှုပ်ရှားမှု (Daily activity)၊ တစ်နေရာမှတစ်နေရာသို့ သွားလာခြင်း (Transportation activities)၊ အသက်မွေးဝမ်းကျောင်းအလိုက်လုပ်ကိုင်ရသော လှုပ်ရှားမှု (Occupational activities)၊ အားလပ်/နားနေစဉ်ပြုလုပ်သော လှုပ်ရှားမှု (Leisure time activities) တို့ပါဝင်ပါသည်။

သီးသန့်အမည်ပေးထားသော ကိုယ်ခန္ဓာလှုပ်ရှားမှုနှစ်မျိုးရှိပါသည်။ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်း (Exercise) နှင့် အားကစားလှုပ်ရှားမှုပြုလုပ်ခြင်း (Sports)တို့ဖြစ်ပါသည်။

အားကစားလှုပ်ရှားမှု (Sports) ဆိုသည်မှာ အားကစားအမျိုးအစားအလိုက် သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းအတိုင်းဆောင်ရွက်ရပြီး ယှဉ်ပြိုင်အနိုင်ရရှိရေး ဦးတည်ဆောင်ရွက်သော ကိုယ်လက်လှုပ်ရှားမှုဖြစ်ပါသည်။

ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်း (Exercise)သည် ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်စေရန်ရည်ရွယ်၍ ပြုလုပ်ရမည့်လှုပ်ရှားမှုအမျိုးအစား (Type)၊ ပြင်းထန်မှု (Intensity)၊ အချိန် (Time/Duration)၊ အကြိမ် (Frequency)တို့ကို စနစ်တကျစီစဉ်ရေးဆွဲထားပြီး ယင်းအစီအစဉ်အတိုင်း စနစ်တကျ ပုံမှန်ရေရှည်ဆောင်ရွက်ခြင်းဖြစ်ပါသည်။

ကိုယ်လက်လှုပ်ရှားမှုချင်းတူသော်လည်း ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်း(Exercise) ပြုလုပ်ခြင်းနှင့် အသက်မွေးဝမ်းကျောင်းအလိုက်လုပ်ကိုင်ရသောလှုပ်ရှားမှု (Occupational activities)တို့သည် ကျန်းမာရေးအတွက် အကျိုးဖြစ်ထွန်းမှုတွင် ကွာခြားပါသည်။ ကိုယ်လက်လှုပ်ရှားမှုမှ ကျန်းမာရေးအတွက် အကျိုးရရှိမှုသည် ပြုလုပ်သောကိုယ်လက်လှုပ်ရှားမှုအမျိုးအစား (Type)၊ ပြင်းထန်မှု (Intensity)၊ အချိန်နှင့် အကြိမ်တို့ပေါ် မူတည်ပါသည်။

ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်း (Exercise) သည် ကျန်းမာကြံ့ခိုင်ရေးအတွက် ဦးတည်၍ ဖော်ပြပါ အချက်များကို သုတေသနတွေ့ရှိချက်များအရ လိုအပ်သော ပြင်းထန်မှု၊ အချိန်၊ အကြိမ်တို့ဖြင့် စနစ်တကျစီမံထားပြီး ကိုယ်ခန္ဓာလှုပ်ရှားမှုအမျိုးအစားတွင်လည်း ထိန်းချုပ်ထားမှုမရှိ သက်သောင့်သက်သာလှုပ်ရှားရသောအနေအထားဖြင့် ဆောင်ရွက်နိုင်ပါသည်။ စိတ်လက်ပေါ့ပါးစွာ သင့်တင့်လျောက်ပတ်သော အဝတ်အစား၊ အသုံးအဆောင်များအသုံးပြုပြီး ပတ်ဝန်းကျင်ကောင်းမွန်သော နေရာဒေသ၌ ဆောင်ရွက်နိုင်ပါသည်။ အသက်မွေးဝမ်းကျောင်းအလိုက် လုပ်ဆောင်ရသော ကိုယ်လက်လှုပ်ရှားမှု (Occupational activities)မျိုးတွင် အသက်မွေးဝမ်းကျောင်းအမျိုးအစားအရ ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ရသည်ဖြစ်ရာ ပြင်းထန်မှု၊ အချိန်၊ အကြိမ်တို့တွင် လုပ်ငန်းအလိုက် အမျိုးမျိုးကွဲပြားနေပြီး လုပ်ဆောင်ရာတွင် ထိန်းချုပ်လှုပ်ရှားရသော အနေအထားများဖြင့် ဆောင်ရွက်ရသည့်အပြင် သင့်လျော်သောအဝတ်အစား၊ အသုံးအဆောင်များ အသုံးပြုနိုင်မှုနည်းပြီး ပတ်ဝန်းကျင်အနေအထားမရွေးနိုင်ခြင်း၊ စိတ်ဖိစီးမှုများရှိတတ်ခြင်းတို့ရှိပါသည်။ သို့အတွက် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်း (Exercise)က အကျိုးဖြစ်ထွန်းမှု ပိုမိုရရှိနိုင်ခြင်းဖြစ်ပါသည်။

အားကစား (Sports)ပြုလုပ်ခြင်းတွင် အားကစားလှုပ်ရှားမှုသည် ယှဉ်ပြိုင်မှုပါဝင်တတ်ပြီး အနိုင်ရလိုမှုကိုဦးတည်လေ့ကျင့်ဆောင်ရွက်ရသဖြင့် မိမိစွမ်းအားရှိသလောက် ကိုယ်လက်လှုပ်ရှားမှုကို ပြင်းထန်စွာပြုလုပ်လေ့ကျင့်ရပြီး အားကစားအမျိုးအစားအလိုက် ကန့်သတ်ထားသော စည်းမျဉ်းစည်းကမ်းအတိုင်းလှုပ်ရှားရပါသည်။ ကျွမ်းကျင်မှုလည်း လိုအပ်ပါသည်။ ကိုယ်လက်လှုပ်ရှားအားကစား (Exercise)တွင် မူလကတည်းက ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်ရေးအတွက် စနစ်တကျစီစဉ်ဆောင်ရွက်ထားသဖြင့် ပြင်းထန်မှုလျော့နည်းပြီး ကျွမ်းကျင်မှု၊ ယှဉ်ပြိုင်မှုတို့မလိုအပ်ဘဲ စည်းမျဉ်းစည်းကမ်းကန့်သတ်မှုမရှိ ပျော်ရွှင်စွာဆောင်ရွက်နိုင်ပါသည်။

သို့အတွက် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်း (Exercise)သည် ရောဂါကာကွယ်ခြင်း၊ ကုသခြင်း၊ ပြန်လည်ထူထောင်ခြင်းနှင့် ကျန်းမာရေးအဆင့်အတန်းမြှင့်တင်ခြင်းလုပ်ငန်းများတွင် ဆေးဝါးမလိုအကုန်အကျသက်သာပြီး မိမိကိုယ်တိုင်ဆောင်ရွက်နိုင်သောကြောင့် “ကိုယ်လက်လှုပ်ရှားဆေးတစ်ပါး'' (Exercise is Medicine) ဟု အမည်တွင်လာပါသည်။

ဆေးဝါး(Medicine)ကို ရောဂါကုသရာတွင် အသုံးပြုပါက ရောဂါတစ်ခုအတွက် သင့်လျော်သော အမျိုးအစား (Type)၊ ပေးရမည့်ဆေးပမာဏ (Dose)၊ အချိန် (Duration)၊ အကြိမ် (Frequency)မှန်ကန်ရန်နှင့် ဘေးထွက်ဆိုးကျိုးတို့ ထည့်သွင်းစဉ်းစားရသကဲ့သို့ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်း (Exercise)၏ အကျိုးကျေးဇူး အပြည့်အဝရရှိပြီး ဆေးဝါးကဲ့သို့ အသုံးဝင်ရန် ကိုယ်လက်လှုပ်ရှားမှုအမျိုးအစား(Type)၊ ပြင်းထန်မှု (Intensity)၊ အချိန် (Duration)၊ အကြိမ် (Frequency)တို့ကို စနစ်တကျစီမံထားရမည့်အပြင် ဆိုးကျိုးမရရန်လည်း ကြိုတင်စီစဉ်ရပါသည်။

**ဆက်လက်ဖော်ပြပါမည်။**

## လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် သက်တမ်းတိုးစာချုပ်ချုပ်ဆိုမည်ဖြစ်ကြောင်း ဘာစီလိုနာအသင်း လူငယ်ကစားသမားယာမယ်ပြောကြား



ဘာစီလိုနာ ဖေဖော်ဝါရီ ၂၀

ဘာစီလိုနာအသင်း လူငယ်တိုက်စစ်ကစားသမား ယာမယ်က လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် သက်တမ်းတိုးစာချုပ်ချုပ်ဆိုမည်ဖြစ်ကြောင်း အတည်ပြုပြောကြားသည်။

အသက် ၁၇ နှစ်အရွယ်သာရှိသေးသည့် ယာမယ်သည် ဘာစီလိုနာအသင်းအကယ်ဒမီထွက် ကစားသမားတစ်ဦးဖြစ်ပြီး ၂၀၂၃ ခုနှစ်က ဘာစီလိုနာအသင်းကို နည်းပြဟောင်းဇာဗီ တာဝန်ယူကိုင်တွယ်ခဲ့စဉ်က အသင်းကြီးထဲခေါ်ယူခြင်းခံခဲ့ပြီး အသင်းနှင့်အတူ ပထမဆုံးဘောလုံးရာသီတွင်ပင် အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့သူဖြစ်သည်။

ထို့နောက် ယာမယ်သည် နောက်ပိုင်းဘောလုံးရာသီများတွင် အသင်း၏မရှိမဖြစ်တိုက်စစ်ကစားသမားအဖြစ်ပါဝင်ခဲ့ပြီး ဘာစီလိုနာအသင်းအပြင် စပိန်အသင်းနှင့်လည်း အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ကာ စပိန်အသင်း ယူရို ၂၀၂၄ ဖလားဆွတ်ခူးနိုင်ခဲ့ရာတွင် အဓိက ကစားသမားအဖြစ် ပါဝင်ခဲ့သူဖြစ်သည်။

ယာမယ်သည် ယခုဘောလုံးရာသီတွင်လည်း နည်းပြဟန်ဆီဖလစ်လက်အောက်တွင် အဓိက ပွဲထွက်ကစားသမားအဖြစ်ပါဝင်လျက်ရှိပြီး အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၃၂ ပွဲအထိ ပါဝင်ကစားထားကာ ၁၁ ဂိုးသွင်းယူနိုင်ခဲ့ပြီး ဂိုးဖန်တီးမှု ၁၃ ကြိမ်အထိ ပြုလုပ်ထားနိုင်ခဲ့သူဖြစ်သည်။

ဘာစီလိုနာအသင်းနှင့် ယာမယ်တို့စာချုပ်သက်တမ်းမှာ ကျန်ရှိနေသေးသော်လည်း ကြယ်ပွင့်ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခံထားရသည့်အတွက် ပရီးမီးယားလိဂ်ထိပ်တန်းအသင်းကြီးများက ခေါ်ယူလိုနေသောကြောင့် ဘာစီလိုနာအသင်းက အဓိကလူငယ်ကစားသမားတစ်ဦးကို လက်မလွှတ်လိုသဖြင့် သက်တမ်းတိုးစာချုပ်ချုပ်ဆိုမည်ဖြစ်သည်။

ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက ဘာစီလိုနာအသင်း အားကစားဒါရိုက်တာဒေကိုက ယာမယ်အတွက် ပြောင်းရွှေ့ကြေးသတ်မှတ်ထားခြင်းမရှိဘဲ အသင်းတွင် ကာလရှည်ဆက်လက်ထိန်းထားမည်ဟု ပြောကြားခဲ့သကဲ့သို့ ယာမယ်ကိုယ်တိုင်ကလည်း အသင်းမှမထွက်ခွာလိုသည့်အတွက် သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ဆုံးဖြတ်ထားကြောင်း သိရသည်။

*Ref;Fabrizio Romano*

## စပိန်လာလီဂါ တစ်လတာ အကောင်းဆုံးဆုဆန်ခါတင်ကစားသမားစာရင်းတွင် အန်တိုနီပါဝင်လာ

မက်ဒရစ် ဖေဖော်ဝါရီ ၂၀

ဘတ်တစ်အသင်းတောင်ပံကစားသမား အန်တိုနီသည် အသင်းနှင့်ပထမဆုံးလတွင်ပင် အကောင်းဆုံးခြေစွမ်းပြနိုင်ပြီးနောက် ဖေဖော်ဝါရီလအတွက် စပိန်လာလီဂါ တစ်လတာအကောင်းဆုံးဆုဆန်ခါတင်ကစားသမားစာရင်းတွင် ပါဝင်လာကြောင်း သိရသည်။

အန်တိုနီသည် မန်ယူအသင်းတွင် ခြေစွမ်းပြနိုင်ရန်ရုန်းကန်ခဲ့ရပြီးနောက် ပြီးခဲ့သည့်ဇန်နဝါရီလကစားသမားအပြောင်းအရွှေ့ကာလက ရာသီဝက်အငှားစာချုပ်ဖြင့် ဘတ်တစ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ပထမဆုံးလတွင်ပင် အကောင်းဆုံးခြေစွမ်းပြကစားနိုင်ပြီးနောက် တစ်လတာအကောင်းဆုံးကစားသမားဆုဆန်ခါတင်ကစားသမားစာရင်းတွင် ပါဝင်လာခြင်းဖြစ်သည်။

အန်တိုနီသည် ဘတ်တစ်အသင်းနှင့်အတူ ယခုလအတွင်း စပိန်လာလီဂါပြိုင်ပွဲ သုံးပွဲကစားခဲ့ရာတွင် ပွဲဦးထွက်ပွဲစဉ်အဖြစ်ကစားသည့် ဘီလ်ဘာအိုအသင်းနှင့်ပွဲစဉ်တွင် ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့သော်လည်း ဆယ်လ်တာဗီဂိုအသင်း၊ ဆိုစီဒက်စ်အသင်းတို့နှင့်ကစားသည့်ပွဲစဉ်များတွင် နှစ်ပွဲစလုံး ဂိုးသွင်းယူနိုင်ပြီး ဂိုးဖန်တီးမှုတစ်ကြိမ်ပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။

*Ref;Fabrizio Romano*

## အတ္တလန်တာအသင်းတိုက်စစ်ကစားသမားလွတ်မန်း နည်းပြဂတ်စ်ပါရီနီနှင့် မကြာမီတွေ့ဆုံပြီး အနာဂတ်အတွက် ဆုံးဖြတ်ချက်ချမှတ်ဖွယ်ရှိ

ရောမ ဖေဖော်ဝါရီ ၂၀

အတ္တလန်တာအသင်း တိုက်စစ်ကစားသမား လွတ်မန်းသည် နည်းပြဂတ်စ်ပါရီနီနှင့် မကြာမီတွေ့ဆုံပြီး အနာဂတ်အတွက် ဆုံးဖြတ်ချက်ချမှတ်ဖွယ်ရှိကြောင်း သိရသည်။

တိုက်စစ်ကစားသမားလွတ်မန်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက အတ္တလန်တာအသင်းတိုက်စစ်ပိုင်းကို အကောင်းဆုံးဦးဆောင်နိုင်ခဲ့ပြီး အတ္တလန်တာအသင်း ယူရိုပါလိဂ်ဖလားချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ရာတွင် အကောင်းဆုံးကစားသမားအဖြစ် ပါဝင်နိုင်ပြီးနောက် ၂၀၂၄ ခုနှစ်အတွက် အာဖရိကတစ်နှစ်တာအကောင်းဆုံးကစားသမားဆုကိုပင် ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။

အလားတူ လွတ်မန်းသည် ယခုဘောလုံးရာသီတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ပြီး အဓိက ကစားသမားအဖြစ်ပါဝင်ခဲ့သော်လည်း ပြီးခဲ့သည့် ချန်ပီယံလိဂ်ပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ်အဖြစ်ကစားသည့် အတ္တလန်တာအသင်းက အိမ်ကွင်း၌ ဘရူဂျက်အသင်းကို ၃ ဂိုး - ၁ ဂိုးဖြင့် ရှုံးနိမ့်သည့်ပွဲစဉ်အပြီးတွင် လွတ်မန်းနှင့် နည်းပြဂတ်စ်ပါရီနီတို့ ဆက်ဆံရေးတင်းမာမှုများရှိလာခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်၌ လွတ်မန်းအနေဖြင့် ပွဲချိန် ၄၆ မိနစ်တွင် အသင်းအတွက် ချေပဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ပွဲချိန် ၆၁ မိနစ်တွင်ရရှိသည့် ပယ်နယ်တီကန်သွင်းခွင့်ကို လွဲချော်ခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်အပြီး ဂတ်စ်ပါရီနီအနေဖြင့် လွတ်မန်း၏ ပယ်နယ်တီလွဲချော်မှုနှင့်ပတ်သက်ပြီး လူသိရှင်ကြား ပြင်းပြင်းထန်ထန်ဝေဖန်မှုလုပ်ဆောင်ပြီးနောက် လွတ်မန်း၏အနာဂတ်မှာလည်း မရေမရာဖြစ်လာခြင်းဖြစ်သည်။

လွတ်မန်းက မကြာမီ နည်းပြဂတ်စ်ပါရီနီနှင့်တွေ့ဆုံကာ အသင်း၏အနာဂတ်အစီအစဉ်တွင် ပါဝင်နိုင်ခြင်း ရှိ၊ မရှိ ဆွေးနွေးမည်ဖြစ်ပြီး အနာဂတ်တွင် ပါဝင်ခွင့်မရှိတော့ပါက အသင်းမှထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

*Ref;One Football*

## ဘယ်လင်ဟမ်၏ အနီကတ်ပြစ်ဒဏ် အယူခံပယ်ချခံရသည့်အတွက် လာမည့်စပိန်လာလီဂါပွဲစဉ်နှစ်ပွဲ လွဲချော်မည်

မက်ဒရစ် ဖေဖော်ဝါရီ ၂၀

ရီးယဲလ်မက်ဒရစ်အသင်းသည် အိုဆာဆူနာအသင်းနှင့်ပွဲစဉ်တွင်ပြသခံခဲ့ရသည့် အသင်းမှ ကွင်းလယ်ကစားသမား ဘယ်လင်ဟမ်၏အနီကတ်ပြစ်ဒဏ်အတွက် စပိန်လာလီဂါအဖွဲ့ချုပ်ထံ အယူခံဝင်ရောက်ခဲ့သော်လည်း ပယ်ချခံခဲ့ရသည့်အတွက် ဘယ်လင်ဟမ်အနေဖြင့် လာမည့်စပိန်လာလီဂါပွဲစဉ်နှစ်ပွဲကို လွဲချော်ရမည်ဖြစ်ကြောင်း သိရသည်။

စပိန်လာလီဂါပွဲစဉ် (၂၄) အဖြစ်ကစားသည့် အိုဆာဆူနာအသင်းနှင့် ရီးယဲလ်မက်ဒရစ်အသင်းတို့ တစ်ဂိုးစီသရေကျလဒ်ထွက်ပေါ်ခဲ့သည့်ပွဲစဉ်တွင် ကွင်းလယ်ဒိုင်လူကြီးမွန်တီရိုအနေဖြင့် သံသယဖြစ်ဖွယ်ဆုံးဖြတ်ချက်များချမှတ်ခဲ့ပြီး ပွဲချိန် ၃၉ မိနစ်တွင်လည်း ရီးယဲလ်မက်ဒရစ်အသင်းမှ ကွင်းလယ်ကစားသမား ဘယ်လင်ဟမ်ကို ရိုင်းပျစွာပြောဆိုခဲ့သည့်စွပ်စွဲချက်ဖြင့် တိုက်ရိုက်အနီကတ်ပြသခံခဲ့ရသည့်အတွက် ရီးယဲလ်မက်ဒရစ်အသင်းအနေဖြင့် လက်ကျန်ပွဲချိန်များတွင် ကစားသမားတစ်ဦးလျော့ဖြင့် ကစားခဲ့ရပြီး ရမှတ်ဆုံးရှုံးမှုများရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်အပြီးတွင် ကွင်းလယ်ဒိုင်လူကြီးမွန်တီရိုအနေဖြင့်လည်း လုပ်ပွဲသံသယမှုများဖြင့် စုံစမ်းစစ်ဆေးခံနေရပြီးနောက် ရီးယဲလ်မက်ဒရစ်အသင်းကလည်း ဘယ်လင်ဟမ်၏အနီကတ်ပြစ်ဒဏ်မှာ မျှတမှုမရှိသည့်အတွက် အယူခံဝင်ရောက်ခဲ့ရာတွင် ပယ်ချခံခဲ့ရခြင်းဖြစ်သည်။

ဘယ်လင်ဟမ်အနေဖြင့် အနီကတ်ပြစ်ဒဏ်အတွက် နှစ်ပွဲပယ်ပြစ်ဒဏ်ချမှတ်ခြင်းခံခဲ့ရသည့်အတွက် ဂျီရိုနာအသင်းနှင့်ကစားမည့်ပွဲစဉ်၊ ဘတ်တစ်အသင်းနှင့်ကစားမည့်ပွဲစဉ်များကို လွဲချော်ရမည်ဖြစ်ကြောင်း သိရသည်။

*Ref;Fotmob*



# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က ''မာရဝိဇယ''ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၂၀-၂-၂၀၂၅ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့် အလှူရှင်များစာရင်း

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၉၉၃၁။ | စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၉) ကျောင်းဆင်းအရာရှိမိသားစုများ ကောင်းမှု | ၉၁၀၀၀၀၀ |
| ၉၉၃၂။ | ဗိုလ်မှူးအုန်းမြင့်(ငြိမ်း)နှင့်ဇနီး ဒေါ်မြင့်မြင့်ခိုင်မိသားစု ကောင်းမှု | ၂၀၀၀၀၀၀ |
| ၉၉၃၃။ | ကွယ်လွန်သူ ဒုတပ်ကြပ်မောင်ရင်ထွေးအားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၁၁၀၀၀၀၀ |
| ၉၉၃၄။ | နှစ်ဖက်သောမိဘများအားရည်စူး၍ ဦးအေးမြင့်နှင့်ဇနီး ဒေါ်မြကြီး၊ (သမီး)မဇာဖြူပွင့်၊ (သား)မောင်အောင်ဖုန်းမြတ် မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၉၉၃၅။ | မိဘနှစ်ပါးအားအမှူးထား၍ ဦးမြင့်ဆွေမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၉၉၃၆။ | ဦးသိန်းထွန်းနှင့်ဇနီး ဒေါ်ခင်မြမျိုးနွယ်မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၉၉၃၇။ | ကွယ်လွန်သူ ဖခင်ကြီးဦးဉာဏ်ရွှင်အားရည်စူး၍ကျန်ရစ်သူ မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၉၉၃၈။ | ဦးလှမြင့်နှင့်ဇနီး ဒေါ်မြင့်မြင့်မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၉၉၃၉။ | ဦးလှရွှေနှင့်ဇနီး ဒေါ်တင်မြင့်မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၉၉၄၀။ | ဒေါ်ဝင်းဝင်းသိန်းနှင့် ဒေါ်ခင်ဆွေလှိုင်မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၉၉၄၁။ | ဦးတင်ဦးနှင့်ဇနီး ဒေါ်သန်းငွေ၊ သား၊ သမီး၊ မြေး တစ်စုကောင်းမှု | ၁၈၀၀၀၀ |
| ၉၉၄၂။ | ဦးချစ်နိုင်နှင့်ဇနီး ဒေါ်လှလှမြင့်မိသားစုကောင်းမှု | ၁၁၁၀၀၀ |
| ၉၉၄၃။ | ဦးနိုင်ဝင်းစိန်နှင့်ဇနီး ဒေါ်နန်းမြမှုံမိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၉၉၄၄။ | ဦးမျိုးကျော်သူနှင့်ဇနီး ဒေါ်အိရွှေဇင်မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၉၉၄၅။ | ဦးမောင်မောင်ထွေးနှင့်ဇနီး ဒေါ်ကြူကြူခိုင်မိသားစု ကောင်းမှု | ၁၀၀၀၀၀ |
| ၉၉၄၆။ | ဒေါ်အေးကြည်၊ (သမီး)ဒေါ်ခက်ခက်အေးမိသားစု ကောင်းမှု | ၁၀၀၀၀၀ |
| ၉၉၄၇။ | ဦးကျော်မြင့်နှင့်ဇနီး ဒေါ်ဝင်းဝင်းညွှန့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၉၄၈။ | မအိဖြူအောင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၉၄၉။ | ကွယ်လွန်သူ မိခင်ကြီး ဒေါ်ပိုးလှအားရည်စူး၍ သား၊ သမီး၊ မြေး၊ မြစ် တစ်စုကောင်းမှု | ၁၀၀၀၀၀ |

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၉၉၅၀။ | ဆရာတော်အရှင်ပညာဗလကောင်းမှု | ၁၀၀၀၀၀ |
| ၉၉၅၁။ | ဆရာတော်အရှင်သောဘိတကောင်းမှု | ၁၀၀၀၀၀ |
| ၉၉၅၂။ | ဦးတင်ကိုမောင်မောင်ဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၉၅၃။ | ဒေါ်နီနီရှိန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၉၅၄။ | ဒေါ်ခင်သန်းဝေမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၉၅၅။ | ဦးတင်ဆန်းနှင့်ဇနီး ဒေါ်စန်းမြမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၉၅၆။ | ဦးဇော်မင်းထွန်းနှင့်ဇနီး ဒေါ်နန်းဆွမ်းဆွမ်းမော်မိသားစု ကောင်းမှု | ၁၀၀၀၀၀ |
| ၉၉၅၇။ | ဦးအောင်သန်းနှင့်ဇနီး အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဒေါ်ခင်သန်းဦးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၉၅၈။ | ဦးကျော်ဝင်းနှင့်ဇနီး ဒေါ်စန်းရီ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၉၅၉။ | ဦးစိုးပိုင်နှင့်ဇနီး ဒေါ်လှလှသစ်၊ (သမီး)မနှင်းနန္ဒာပိုင်၊ (သား)မောင်သန့်စင်အောင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၉၆၀။ | ဦးသိန်းလွင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၉၆၁။ | ဦးရွှေနန်းနှင့်ဇနီး ဒေါ်တင်မာချိုမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၉၆၂။ | သီရိပုံချီဒေါက်တာသန်းညွှန့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၉၆၃။ | ဦးမြတ်သိန်းနှင့်ဇနီး ဒေါ်ညွှန့်ညွှန့်ရင်၊ (သား)Dr.ကျော်စွာမြတ် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၉၆၄။ | ကွယ်လွန်သူမိဘနှစ်ပါးနှင့်အစ်ကို၊ အစ်မများ၊ ညီမတို့အား ရည်စူး၍ ဒေါ်ခင်ထွေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၉၆၅။ | ဦးညီညီဦးနှင့်ဇနီး ဒေါ်ဥမ္မာဝင်းလွင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၉၆၆။ | ဦးတင်လွင်နှင့်ဇနီး ဒေါ်ရီရီတင်၊ (သား)ကိုမျိုးမင်းခန့်၊ (သမီး)မရွှေမြင့်မိုရ်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၉၆၇။ | ဦးမြခိုင် သား၊ သမီး၊ မြေး၊ မြစ်တစ်စုကောင်းမှု | ၈၉၀၀၀ |
| ၉၉၆၈။ | ကွယ်လွန်သူ ဦးထွန်းဦးနှင့် ဒေါ်အုန်းဝေတို့အားရည်စူး၍ ဦးထွန်းအုန်းကြည်၊ ဒေါ်ဘေဘီအုန်း၊ မမိုးအေးမောင်နှမ တစ်စုကောင်းမှု | ၇၀၀၀၀ |
| ၉၉၆၉။ | ဦးကျော်ဒင်နှင့်ဇနီး ဒေါ်စန်းမြင့် မိသားစုကောင်းမှု | ၆၀၀၀၀ |
| ၉၉၇၀။ | ဒေါ်စိန်ဝင်းကြည်မိသားစုကောင်းမှု | ၆၀၀၀၀ |

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၉၉၇၁။ | မိဘများအားအမှူးထား၍ ဒုတိယဗိုလ်မှူးကြီးထွန်းလင်းမောင်နှင့်ဇနီး ဒေါ်အိတင်ဇာမျိုးကောင်းမှု | ၅၀၀၀၀ |
| ၉၉၇၂။ | ဦးဇော်ထွဋ်သူနှင့်ဇနီး ဒေါ်နွဲ့ယဉ်ဝင်း၊ (သမီး)မထွဋ်မေဇင်လှိုင်၊ မသီရိကေဇော်သန်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၉၇၃။ | ဦးသိန်းဦးနှင့်ဇနီး ဒေါ်နန်းလှဟန်၊(သား)မောင်ရဲဝင့်အောင်၊ မောင်ရဲရင့်အောင်ကို၊ မောင်အောင်သီဟကျော်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၉၇၄။ | ဦးရှိန်းမောင်နှင့်ဇနီး ဒေါ်ခင်ဝင်းကြည်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၉၇၅။ | ဦးအောင်သူစိုးနှင့်ဇနီး ဒေါ်လဲ့လဲ့ကျော်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၉၇၆။ | ဦးသက်စိန်ဝင်းနှင့်ဇနီး ဒေါ်ပြည့်ဖြိုးကြွယ်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၉၇၇။ | ဦးချစ်ဆန်းနှင့်ဇနီး ဒေါ်လွင်လွင်ဦးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၉၇၈။ | ဦးဝင်းလှိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၉၇၉။ | ကွယ်လွန်သူ ဦးမြင့်သောင်းအားရည်စူး၍ ဒေါ်တင်ဆန်းရီမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၉၈၀။ | ကွယ်လွန်သူဦးစံထွန်းအားရည်စူး၍ ဒေါ်တင်ရီမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၉၈၁။ | ဦးဇေယျာမိုးနှင့်ဇနီး ဒေါ်ဥမ္မာထွန်း၊ (သား)မောင်မိုးပြည့်စုံထွန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၉၈၂။ | ဦးလင်းအောင်ဆွေမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၉၈၃။ | ဦးငွေလွင်(ခ)ဦးဒီးလုံးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၉၈၄။ | ကွယ်လွန်သူဦးမြင့်ရွှေအားရည်စူး၍ ဒေါ်ခင်ညို မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၉၈၅။ | ဦးခင်ညိုမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၉၈၆။ | ကွယ်လွန်သူ ဖခင်ကြီး ဦးညွှန့်ဟန်အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၉၈၇။ | ဦးကြည်လွင်နှင့်ဇနီး ဒေါ်နုနုမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၉၈၈။ | ဦးမောင်ယဉ်ထွေးနှင့်ဇနီး ဒေါ်သန်းသန်းဆွေ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၉၈၉။ | ဦးအေးမြင့်နှင့်ဇနီး ဒေါ်သိန်းလှမိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး) ၀၉-၆၆၄၀၀၀၀၄၁၊ ၀၉-၄၄၄၆၆၆၁၁၆**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

**ပျောက်ဆုံးကြောင်း**

ကျော်စွာထွန်း(ဘ)ဦးလှဦး ၇/ပခန(နိုင်)၂၄၇၆၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**ပျောက်ဆုံးကြောင်း**

ဂျန်ဂျီယူး(ဘ)ဦးဂမ်မွန်း ၁၃/ပဆတ(နိုင်)၀၀၂၂၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 452448)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**ပျောက်ဆုံးကြောင်း**

ခင်မာလေး(ဘ)ဦးလွင် ၁၀/ကထန(နိုင်)၁၄၇၀၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**အမည်မှန်**

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နေ အဘ ဦးဇာနည်သူ၏သား မောင်ဟိန်းသူဇော်၏ အမည်မှန်မှာ ၇/သနပ(နိုင်)၁၆၃၃၆၄ ကိုင်ဆောင်သူ မောင်ကောင်းထက်သူဖြစ်ပါကြောင်း။ **မောင်ကောင်းထက်သူ**

**ပျောက်ဆုံးကြောင်း**

မစိုင်းကော်(ဘ)ဦးကွေးဆိန်း ၁၃/တယန(နိုင်)၁၃၅၈၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**ပျောက်ဆုံးကြောင်း**

ဝဏ္ဏထွန်း(ဘ)ဦးစန်းမြင့် ၁၂/သဃက(နိုင်)၁၈၃၇၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 147502)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

**ပျောက်ဆုံးကြောင်း**

ဦးဒွဲလာ(ဘ)ဦးဂျမားအောင် ၇/ရတန(နိုင်)၀၇၃၂၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 477220)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

**ပျောက်ဆုံးကြောင်း**

တင်တင်ယု(ဘ)ဦးတင်မြင့် ၇/ကတခ(နိုင်)၀၀၁၃၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**ပျောက်ဆုံးကြောင်း**

ဝင်းဇော်အောင်(ဘ)ဦးအုန်းမြင့်လေး ၈/ရနခ(နိုင်)၀၇၇၅၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**


မြန်မာလင်း(န်)အင်(န်)ဒဲဗလော့(ပ်)မင့်(တ်)လီမိတက်
Myanmar Land and Development Limited
အဆင့်မြင့်နည်းပညာဖြင့် ပစ္စည်းအစစ်အမှန်သုံးကာ မြန်-ကောင်း-သက်သာ စိတ်တိုင်းကျစွာဖြင့် ဆောက်လုပ်ပေးမှာ MLDL ပါ
အစိုးရစက်မှုလက်မှုသိပ္ပံ (နေပြည်တော်)
ဆက်သွယ်ရန်
Myanmar Land and Development Limited၊ အမှတ်(၁/၂)၊ သိရိရတနာလမ်း၊ ခွာညိုပန်းအဝိုင်းအနီး၊ ဇေနသိဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။
ဖုန်း - ၀၆၇ ၄၄၃၅၁၈၁၊ ၀၆၇ ၄၄၃၅၁၈၂၊ ၀၆၇ ၄၄၃၅၁၈၅၊ ၀၆၇ ၄၄၃၅၁၈၃၊ Fax - ၀၆၇ ၄၄၃၅၁၈၈၊ Email; myanmarland2005@gmail.com


Myanmar
ကမ္ဘာ့အဆင့် ရွှေတံဆိပ်ဆုများနှင့်
မြန်မာ
GOLD A.I.B.A MEDAL
AWARDED TROPHY
BY THE WORLD'S BEST BEER JUDGES
THE INTERNATIONAL BEER CHALLENGE 2020
AIBA


နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။
THE BEST QUALITY TYRE
အရည်အသွေးမြင့်မား တာယာ မှာ
TRISTAR
TBB,TBR,PCR
တာယာအရွယ်အစားမျိုးစုံအပြင် ဆိုင်ကယ်တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။
CAR TYRES
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅
KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw
ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။
ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
CYCLE TYRES


Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။
ထာဝရလှပသော အပြုံးအတွက်
DENTOMEC
DENTOMEC
DENTOMEC
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
DENTIST RECOMMENDED
FDA အမှတ်-2212 PCE 0013

# မိုးညှင်းမြို့နယ် အင်းတော်ကြီးအိုင်နှင့် ဆက်စပ်ချောင်းရေိယာများ၌ ဇန်နဝါရီလအတွင်း ငါးမျိုးစိတ်ပေါင်း ၃၅ မျိုး စာရင်းကောက်ယူနိုင်



မိုးညှင်း ဖေဖော်ဝါရီ ၂၀

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ်ရှိ မြန်မာနိုင်ငံ၏အကြီးဆုံး ကုန်းတွင်းရေချိုအိုင်ကြီးဖြစ်သည့် အင်းတော်ကြီးအိုင်နှင့် ဆက်စပ်ချောင်းဧရိယာများ၌ ဇန်နဝါရီလအတွင်း ငါးမျိုးစိတ်ပေါင်း ၃၅ မျိုး စာရင်းကောက်ယူနိုင်ခဲ့ကြောင်း အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

ဇန်နဝါရီလအတွင်း အများဆုံးစာရင်းကောက်ယူတွေ့ရှိရသော ငါးမျိုးစိတ်များမှာ ငါးမြစ်ချင်း၊ တီလားဗီးယား၊ ငါးလဘိ၊ ငါးလုံး၊ ငါးနက်ပုတ်၊ ငါးပတ်၊ ငါးစင်စပ်၊ ငါးဂျောင်းနှင့် ငါးဖယ် စသည့်ငါးမျိုးစိတ်တို့ဖြစ်ပြီး ရှားပါးငါးမျိုးစိတ်များဖြစ်သည့် မိကျောင်းသွားကြားထိုးတံငါးမျိုးစိတ်နှင့် ရေနယားငါးမျိုးစိတ် နှစ်မျိုးအပါအဝင် သိပ္ပံလောကတွင် နောက်မျိုးစိတ်သစ် ခြောက်မျိုးကို ဖော်ထုတ်မှတ်တမ်းတင်နိုင်ခဲ့ပြီး သိပ္ပံလောကတွင် မှတ်တမ်းတင်ခြင်း မရှိသေးသော ငါးမျိုးစိတ်များလည်းရှိကြောင်း သိရသည်။

အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၌ ငါး၊ ပုစွန်၊ ကဏန်း၊ ယောက်သွား၊ ဖား၊ မြွေနှင့်ငှက်မျိုးစုံအပါအဝင် ရေနေသတ္တဝါမျိုးစုံတို့ နေထိုင်ကျက်စားလျက်ရှိပြီး အဆိုပါသတ္တဝါများထဲမှ ငါးမျိုးစိတ်များသည် လူတို့၏အလုပ်အကိုင်အခွင့်အလမ်းနှင့် အာဟာရအတွက် သာမက အင်းတော်ကြီးအိုင်နှင့်ဆက်စပ်ပတ်ဝန်းကျင်အတွင်း နေထိုင်ကျက်စားလျက်ရှိသော ဆောင်းခိုရေပျော်ငှက်မျိုးစိတ်များအပါအဝင် ဒေသရင်းငှက်မျိုးစိတ်များနှင့် တောရိုင်းတိရစ္ဆာန်များအတွက် အရေးပါသောအစားအစာဖြစ်သည်။

ယင်းအိုင်နှင့်ပတ်ဝန်းကျင်ရှိ ချောင်းများ၌ ဒေသရင်းငါးမျိုးစိတ်များအပါအဝင် ငါးမျိုးစိတ်ပေါင်း ၁၀၀ နီးပါး နေထိုင်ကျက်စားလျက်ရှိကြောင်း သိရသည်။

အင်းတော်ကြီးအိုင်နှင့် ဆက်စပ်ချောင်းဧရိယာများ၌ ဘေးမဲ့တောတည်ထောင်ချိန်မှစတင်၍ ယနေ့အချိန်ထိ စနစ်တကျ မှတ်တမ်းတင်ထားပြီးဖြစ်သော ငါးမျိုးစိတ်ပေါင်း ၁၀၀ ခန့်ရှိပြီဖြစ်ကာ အင်းတော်ကြီးအိုင်နှင့် ရေဝေရေလဲဒေသများအတွင်း နေထိုင်ကျက်စားပြီး ကျန်ရှိနေသေးသည့် ငါးမျိုးစိတ်များကို ဆက်လက်ဖော်ထုတ်နိုင်ရန်နှင့် လက်ရှိစာရင်းကောက်ယူမှတ်တမ်းတင်ပြီးသော ငါးမျိုးစိတ်များ မျိုးသုဉ်းပျောက်ကွယ်ခြင်း မရှိစေရန် သက်ဆိုင်ရာတာဝန်ရှိသူများက ပြည်သူလူထုအခြေပြု ငါးသယံဇာတ ထိန်းသိမ်းရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရွှေမိုးညှင်း**

# ယာဉ်စည်းကမ်း လမ်းစည်းကမ်းဖောက်ဖျက်သည့် YBS ယာဉ်မောင်းများအား အသိပညာပေးဆွေးနွေး

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ (YRTC) မှ ကြီးမှူး၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖောက်ဖျက်သည့် YBS ယာဉ်မောင်းများအား အသိပညာပေးဆွေးနွေးပွဲ အမှတ်စဉ် (၄/၂၀၂၅) ကို ဖေဖော်ဝါရီလ ၁၉ ရက်က ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် လေးထောင့်ကန်လမ်းရှိ YRTC ရုံးချုပ် သင်တန်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဆွေးနွေးပွဲ၌ ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ (YRTC)မှ ဒုတိယဥက္ကဋ္ဌ ဦးချစ်ကိုကိုက YBS ခရီးသည် ၁ ဒသမ ၅ သန်းခန့်ကို ယာဉ်မောင်း ၄၀၀၀ ဦးက နေ့စဉ်ပို့ဆောင်ပေးနေပြီး လမ်းပေါ်တွင် YBS ယာဉ်များအချင်းချင်း ကျော်တက်မောင်းနှင်ကြခြင်း၊ လမ်းပြောင်းပြန်မောင်းနှင်ခြင်း၊ မီးနီဖြတ်သန်းမောင်းနှင်ခြင်း၊ သတ်မှတ်ကီလိုထက် မောင်းနှင်ခြင်းတို့ကို YRTC အနေဖြင့် လုံးဝခွင့်ပြုမည်မဟုတ်ကြောင်း၊ POS ကတ်ဖြတ်စနစ်ကို ပိတ်ထားသည့် ယာဉ်လိုင်းများအားလည်း ထိရောက်စွာ စစ်ဆေးအရေးယူနေပြီဖြစ်ကြောင်း၊ YBS ယာဉ်မောင်းနှင်ခွင့် လျှောက်ထားရာတွင် ယာဉ်ကြီးမောင်းသင်တန်းတက်ရောက်ပြီးသူများလည်း မူးယစ်ဆေးဝါးကင်းစင်ကြောင်း စစ်ဆေးမှုအောင်မြင်ပြီးမှသာ မောင်းနှင်ခွင့်ပြုကြောင်း၊ YRTC မှ စောင့်ကြပ်အရေးယူရာတွင် Traffic Control Center မှ နည်းပညာမြင့် Telematics စက်များ၊ CCTV Record များဖြင့် မှတ်တမ်းရယူ၍ အရေးယူခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲမှု ရှိ/မရှိတို့ကို စစ်ဆေးပြီး သက်သေခိုင်လုံစွာ စစ်ဆေးကြပ်မတ်လျက်ရှိကြောင်း အမှာစကားပြောကြားသည်။

ဆက်လက်၍ YRTC ၏ တွဲဖက်အတွင်းရေးမှူး ဦးလျန်ကျင့်မန်က ယာဉ်မောင်းများသိသင့်သိထိုက်သည့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ ဆွေးနွေးချက်များ၊ YRTC ၏ တရားလွှတ်တော်ရှေ့နေ ဒေါ်ယဉ်မြင့်နွယ်က ဥပဒေ၊ နည်းဥပဒေများကို သိရှိနားလည်၍ လေးစားလိုက်နာသည့် ယာဉ်မောင်းကောင်းတစ်ဦးဖြစ်ရန်အချက်များ၊ ရန်ကုန်တိုင်းဒေသကြီး အမှတ် (၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ယာဉ်တိုက်မှုဖြစ်စဉ်ဖြစ်ပွားရသည့် အကြောင်းရင်းများနှင့် ရာဇသတ်ကြီးပုဒ်မများအကြောင်းတို့ကို အသီးသီးရှင်းလင်းဆွေးနွေးတင်ပြခဲ့ကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ယာဉ်မောင်းများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာမေးခွန်းများ ဖြေဆိုစေခြင်း၊ ယာဉ်မောင်းများနှင့် အပြန်အလှန်ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**နိုင်လင်းအောင်(ပြန်/ဆက်)**

# ညောင်တုန်းမြို့နယ်မှထွက်ရှိသော တိုင်ထောင်ပဲသီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ

ညောင်တုန်း ဖေဖော်ဝါရီ ၂၀

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှထွက်ရှိသော တိုင်ထောင်ပဲသီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ညောင်တုန်းမြို့နယ်မှ ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ညို၏ပြောဆိုချက်အရ သိရသည်။

ညောင်တုန်းမြို့နယ်၌ ဒေသထွက်တိုင်ထောင်ပဲသီးများ ကုန်စိမ်းဈေးကွက်တွင် ဖေဖော်ဝါရီလဒုတိယပတ်မှ လက်ရှိအချိန်ထိ အရောင်းအဝယ်ပြုလုပ်လျက်ရှိကာ လက်ရှိ တစ်ရက်လျှင် တိုင်ထောင်ပဲသီး ပိဿာ ၁၅၀ မှ ၃၅၀ အထိ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း သိရသည်။

''ဒေသထွက်တိုင်ထောင်ပဲသီးတွေကို တခြားမြို့နယ်တွေက ဝယ်လိုအားများနေပါတယ်။ လက်ရှိ တစ်ရက်ကို တိုင်ထောင်ပဲသီး ပိဿာ ၃၅၀ အထိ အရောင်းအဝယ်ကောင်းနေပါတယ်။ ဒေသထွက်ကုန်တွေ အများအပြားစိုက်ပျိုးထုတ်လုပ်ရောင်းချနိုင်တော့ သယ်ယူစရိတ်လည်း သက်သာပြီး သန့်ရှင်းလတ်ဆတ်တဲ့စားသောက်ကုန်တွေကို စားသုံးနိုင်မှာဖြစ်ပါတယ်။ တခြားဒေသတွေက ဒီကကုန်စိမ်းဈေးကွက်က တိုင်ထောင်ပဲသီးတွေကို ဝယ်လိုအားများနေပါတယ်။ အခုလို ဒေသထွက်ကုန်တိုင်ထောင်ပဲသီးတွေ ဝယ်လိုအားကောင်းလာတော့ ဟင်းသီးဟင်းရွက်စိုက်ပျိုးတဲ့တောင်သူတွေ ပိုမိုအဆင်ပြေလာပါတယ်'' ဟု ဒေါ်ညိုကပြောသည်။

ညောင်တုန်းမြို့နယ်၌ လက်ရှိ တိုင်ထောင်ပဲသီးအပါအဝင် ဒေသထွက် ရာသီကုန်ဟင်းသီးဟင်းရွက်များ ပေါ်နေသည့်အချိန်ဖြစ်ကြောင်း၊ အဆိုပါ တိုင်ထောင်ပဲသီးများ ဝယ်လိုအားကောင်းပြီး အရောင်းသွက်လာသည့်အတွက် ထပ်မံတိုးချဲ့စိုက်ပျိုးရန် ပြင်ဆင်နေကြောင်း သိရသည်။

ညောင်တုန်းမြို့နယ်အတွင်းရှိ စိုက်ပျိုးမြေများတွင် တစ်သီးစားကိုသာ စိုက်ပျိုးခြင်းမဟုတ်ဘဲ သီးထပ်စိုက်ပျိုးနိုင်ပါက ပိုမိုအကျိုးရှိသည့်အတွက် သီးထပ်စိုက်ပျိုးနိုင်ရေး ကြိုးပမ်းရမည်ဖြစ်ကြောင်း၊ တောင်သူများအတွက် ရာသီဥတုနှင့်ကိုက်ညီ၍ အထွက်နှုန်းကောင်းသည့် မျိုးကောင်းမျိုးသန့်ရရှိရေးနှင့် ခေတ်မီနည်းစနစ်များဖြင့် ပြောင်းလဲစိုက်ပျိုးနိုင်ရေးတို့ကို စိုက်ပျိုးရေးဦးစီးဌာနမှ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သုတကျော်**

မြဝတီ ကာတွန်း



# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ



စစ်ကိုင်းတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။






မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။



အေးရှားဝေါလ်ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။



မြန်မာ့စက်မှုဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။

နေပြည်တော် ဖေဖော်ဝါရီ ၂၀

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည်။

**ဖေဖော်ဝါရီလ ၁၉ ရက်**တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့၊ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်နှင့် စစ်ကိုင်းမြို့၊ ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ်(၄)စီး **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၀၀၀၀၀၀)** ကိုဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးဂိတ်၌ ရန်ကုန်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၁၇၄၈၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Man Tractor Head (၁)စီးနှင့် နောက်တွဲယာဉ်(၁)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၁၀၀၀၀၀၀)ကိုလည်းကောင်း၊ ရတနာပုံတံတား(မန္တလေး) စစ်ဆေးရေးဂိတ်၌ မန္တလေးမြို့မှမြစ်ကြီးနားမြို့သို့သွားရောက်မည့်မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၁၆)မျိုး၊ လုပ်ငန်းသုံးပစ္စည်း (၅)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၈၃၀၄၄၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Toyota Ipsum(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၀၀၀၀၀၀)ကိုလည်းကောင်း၊ ကျွဲတပ်ဆုံ စစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်(၃)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၃၂) မျိုး၊ လူသုံးကုန်ပစ္စည်း(၁၂) မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၆၆၅၁၇၅)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Truck(၁)စီး၊ King Long Bus (၁)စီး၊ Hino Profia Tractor Head (၁)စီးနှင့် နောက်တွဲယာဉ်(၁)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၈၀၀၀၀၀၀) ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၁၄၄၃၇၅)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ သရက်ပင်ချောင်ကျေးရွာ၌ တရားမဝင်စက်သုံးဆီဒီဇယ်ဆီ (၉၆)ဂါလန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၄၈၀၀၀)**ကိုဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မအူပင်မြို့နယ်နှင့်ဝါးခယ်မမြို့နယ်တို့၌ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်(၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ပုသိမ်မြို့နယ်၊ သစ်ပုတ်ကုန်းကျေးရွာ၌ တရားမဝင် အခြားသစ်(၃ ဒသမ ၀၄၆) တန်(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၃၂၇၈) ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၃၂၇၈)** ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့နောက် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သထုံမြို့၊ စိုက်ပျိုးရေးသိပ္ပံ(သထုံ)ကျောင်းအနီး၌ လိုင်စင်မဲ့ Honda Fit မော်တော်ယာဉ်(၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်နှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ(၆)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၅)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၄၈၀၂၈၉၃) ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ(၂)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၆၀၀၀၀၀)ကိုလည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာ(၃)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၅)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၇၉၁၅၀၀၀)ကိုလည်းကောင်း၊ ရွာသာကြီး Dry Port ၌ Bonded Warehouse အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၅)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၄၀၄၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၄၇၂၁၈၉၃)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီလ ၁၉ ရက်တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၂၈)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၁၂၈၄၇၅၄၆)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့်ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့်ဈေးကွက်ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့်ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေသည်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှသိရသည်။

(သတင်းစဉ်)


# မြိုင်မြို့နယ်၊ ကျောက်ဆောက်ကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဝါဒဖြန့်ဝေလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၀

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်အတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖေဖော်ဝါရီလ ၁၉ ရက်တွင်ကျောက်ဆောက်ကျေးရွာကို မီးရှို့ဖျက်ဆီးခဲ့သည်ဟု တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဝါဒဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ ၎င်းရက်နေ့တွင် မြိုင်မြို့နယ်၊ ကျောက်ဆောက်ကျေးရွာအနီးသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ နယ်မြေလုံခြုံရေးဆောင်ရွက်ခဲ့သော်လည်း မည်သည့်မီးလောင်ပျက်စီးမှုမရှိကြောင်း၊ တရားမဝင်ပြည်ဖျက်မီဒီယာများက လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် နယ်မြေလုံခြုံရေးဆောင်ရွက်ရာနေရာများတွင် နေအိမ်များမီးရှို့ဖျက်ဆီးခြင်း၊ ပြည်သူပိုင်ပစ္စည်းများကို ယူဆောင်ခြင်းနှင့် အပြစ်မဲ့ပြည်သူများကို ဖမ်းဆီးသတ်ဖြတ်ခြင်း စသည့်သတင်းတု၊ သတင်းအမှားများဖြင့် ထင်ယောင်ထင်မှားဖြစ်စေရန် လုပ်ကြံရေးသားပြီး ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)





## မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် ဖေဖော်ဝါရီ ၂၀

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ ပေမှ ၆ ပေခန့် ရှိနိုင်သည်။

(မိုး/ဇလ)

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

❖ သစ်တောသစ်ပင်များကို ချစ်မြတ်နိုးကြရန်၊ တစ်ပင်စိုက်တစ်ပင်ရှင်ရမည်ဟူသည့်စိတ်မွေး၍ ဆောင်ရွက်ကြရန် . . .

❖ အနာဂတ်တွင် စိမ်းလန်းစိုပြည်သည့် ပတ်ဝန်းကျင်ကောင်းနှင့် ကောင်းမွန်သည့်ရာသီဥတုကို လက်ဆင့်ကမ်းနိုင်ရေး သစ်ပင်များကိုစနစ်တကျဖြင့် ရှင်သန်ဖြစ်ထွန်းအောင် စိုက်ပျိုးကြရမည်ဖြစ် . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၄ ခုနှစ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ၏ ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA )ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် တရုတ်နိုင်ငံသား (၂၀၀) ထပ်မံလွှဲပြောင်းပေးအပ်



နေပြည်တော် ဖေဖော်ဝါရီ ၂၀

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်တိုက်ဖျက်လျက်ရှိပြီး အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျလွှဲပြောင်းပေးလျက်ရှိသည်။

ထိုသို့ လွှဲပြောင်းပေးလျက်ရှိရာ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် စာမျက်နှာ ၂၂ ကော်လံ ၁ ■

တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသားများအား ပြန်လည်လွှဲပြောင်းပေးအပ်စဉ်။

## မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၁၀ ဦး ထပ်မံထိန်းသိမ်းနိုင်ခဲ့

စာ - ၂၂ သို့

## နီပေါ လေးနိုင်ငံဖိတ်ခေါ် အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် မြန်မာနှင့် အိမ်ရှင်နီပေါအသင်း ဗိုလ်လုပွဲတက်ရောက်

စာ - ၁၆ သို့

# အချိန်အခါမဟုတ် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၂၀

ယနေ့ညနေ ၄ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသော လေအေးများ တွေ့ဆုံမှုကြောင့် လည်းကောင်း၊ အနောက်ဘက်မှ ရွေ့လျားလာသောလေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း ၂၄-၂-၂၀၂၅ ရက်မှ ၂၇-၂-၂၀၂၅ ရက်အတွင်း ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ❑

